
www.burmeseclassic.com

# ကိုယ်ပွားရုပ်သွင် လူဝင်စား

နှင့်

## စိတ်နယ်လွန်လောကီဖြစ်ရပ်ဆန်းများ

**တိုးထက်**



TRUE TALES OF THE SUPERNATURAL

by Rex Magus

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူ
ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံ
တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်
ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်
တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရ
ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခ
မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ကိုယ်ပွားရှစ်ခွင်

# လူဝင်စား

နှင့်

# စိတ်နယ်လွန် လောကီဖြစ်ရပ်ဆန်းများ

တိုးထက်

TRUE TALES OF THE SUPERNATURAL

By

Rex Magus

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်
၄၀၀၀၇၃၀၅၀၁
မျက်နှာဖုံးခွင့်ပြုချက်
၄၀၀၀၆၂၀၆၀၁
□
ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၀၆ ခုနှစ်၊ မတ်လ
အုပ်ရေ
၁၀၀၀
□
မျက်နှာဖုံးဒီဇိုင်း
အံ့ဘွယ်ဇင် (Stars)
□
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင့်လဲ့ဝင်းပုံနှိပ်တိုက်
ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
□
ထုတ်ဝေသူ
ဦးလှတိုး (၀၃၇၇၂)၊ ရန်အောင်စာပေ
၃၄၃/၁၈၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။
□
ကွန်ပျူတာစာစီ - နေလင်း
အတွင်းဖလင် - ဦးမျိုးညွန့်
စာအုပ်ချုပ် - ကိုမြင့်၊ ညီဝင်းမြင့်
□
တန်ဖိုး - ၇၀၀ ကျပ်

BURMESE CLASSIC .com

## မာတိကာ

သက်သေပြနိုင်ပြီဖြစ်သော လူဝင်စားကိစ္စ
(Reincarnation Proved) ... ၇
နာမ်လွှတ်ခရီးနှင်ခြင်းကား အဘယ်နည်း?
(How about astral travel?) ... ၆၀
အံ့ဖွယ်ကုသမှု
(The Amazing Healing) ... ၆၈
သေသည်၏အခြားမဲ့၌ ဘဝသစ်ရှိသေးသလော?
(Is there life after death?) ... ၇၅
ကိုယ်စောင့်နတ်(ဝါ)ရုပ်ပွားခန္ဓာရှိသလော?
(Doppelganger) ... ၈၅
ကြိုတင်ဟောကိန်းများနှင့် တင်ကူးသတိပေးချက်များ
(Predictions and Premonitions) ... ၁၀၁
သင့်မှာ (ESP)စွမ်းရည်ရှိပါသလား?
(Do You have ESP?) ... ၁၃၀
သေသူသည် ရှင်သူထံ အလည်လာတတ်ပါသလား?
(Do the dead visit the living?) ... ၁၄၂
ပရလောကမှ ဖြစ်ရပ်ဆန်းများ
(Some Odds And Ends) ... ၁၄၈

www.burmeseclassic.com

www.burmeseclassic.com

# သက်သေပြနိုင်ပြီဖြစ်သော လူဝင်စားကိစ္စ

## (Reincarnation Proved)

လူဝင်စားဟူသည် အသီးအခြားတစ်ပါးတစ်မျိုး မဟုတ်။ လူ့ဘဝသို့ ရောက်လာကြသူ အပေါင်းတို့တွင် ရှေးဘဝ(အတိတ်ဘဝ)ကို ပြန်၍သိနိုင်သူ အနည်းငယ်မျှ ရှိကြ၏။ ထိုသူတို့ကို လူဝင်စားဟူ၍ ခေါ်ကြ၏။

**အဂ္ဂမဟာပဏ္ဍိတလယ်တီဆရာတော်ဘုရားကြီး**
**နိုင်ငံခြားပုစ္ဆာအဖြေပေါင်းချုပ်။**

မြတ်စွာဘုရားအလောင်းတော်သည် (သဗ္ဗညုတ)ရွှေဉာဏ်ဘ်ကိုမရမီ အပရာဇိတပလ္လင်ထက်ဝယ် စံနေတော်မူပြီး ကျင့်ကြံးထုတ်ခဲ့ပြီးသော တရားတော်များကို အဆင့်ဆင့်ဆင်ခြင်ပြီးနောက်-ဒိ–အာ)ကို အစဉ်အတိုင်းရကာ နောက်ဆုံးတွင် သဗ္ဗညုတဉာဏ်ဘ်ကိုရပြီးလျှင် ဘုရားဖြစ်တော်မူခဲ့လေသည်။[၁]

---

ဒီနတ္တပကာသနီ

ရန်အောင်စာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖြစ်တော်မူပြီးနောက် အောက်ပါအတိုင်း ပထမဦးဆုံး
ဥဒါန်းတော်ကို ကျူးရင့်ခဲ့လေသည်။

ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ ဆောက်လုပ်လာသော (တဏှာ
ယောက်ျား)ဟယ်လက်သမား၊ ပုနပ္ပုနံ–အမှန်းအဆ၊ ဂဏန်းမပြနိုင်ဘဲ
ဘဝအတန်တန်–အဖန်ဖန်မဆုံး၊ ကာလပတ်လုံး၊ ဇာတိအိုနာသေရေး
ဒုက္ခဘေးမှ၊ လုံးထွေးရောယှက်၊ ကြိုးသွယ်ဆက်၍ ဖြစ်လျက်
တည်နေရခြင်းသည် ယသွာ–အကြောင့်ကြောင့်၊ ဒုက္ခပြောလို့မကုန်
လောကဓာတ် ထိုထိုဘုံတွင်၊ ညှဉ်းဆဲလှသဖြင့် ဆင်းရဲတကာ
ဆင်းရဲကြီးပါတကား။[၁]

မြတ်ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူပြီးသည်
နောက် စိတ်တော်ဖြစ် ပထမဦးဆုံး ကျူးရင့်တော်မူသည့် ဂါထာတော်
နှစ်ပုဒ်သည် မနသာဥဒါန်းတော်ပင် ဖြစ်ပါသည်။

ထိုမနသာဥဒါန်းဂါထာမှာ 'ဓမ္မပဒ'တွင်လာ၍ အောက်ဖော်ပြ
ပါအတိုင်း ဖြစ်ပါသည်။

၁။ အနေကဇာတိ၊ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ၊
၂။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံနကာဟသိ။
သဗ္ဗာတေ ပါသုကာဘဂ္ဂါ၊ ဂဟကူဋံ၊ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံစိတ္တံ၊ တဏှာနံ ခယ မဇ္ဈဂါ။

မဟာဗုဒ္ဓဝင်ကို မှီငြမ်းပြု၍ ဤပါဠိတော်နှစ်ပုဒ်၏ အနှစ်ချုပ်
ကို ကဗျာသရုပ်တင်ပြရပါသော်–

---

၁။ ဓမ္မပဒ





"ဟယ် ... တဏှာယောက်ျားလက်သမား
ငါ့အားသန္ဓေ၊ ဖွဲ့မှီနေလျက်
လေးထွေယောနိ၊ လှည့်ဖွေငြိကာ
ဇာတိသံသရာ၊ ဖန်ခါခါနှင့်
ခန္ဓာဝဋ်ဇာတ်၊ မြစ်မပြတ်အောင်
ရစ်ပတ်သမုဒယ
ဒုက္ခယှက်လိမ်၊ ခန္ဓာအိမ်ကို
ကြိမ်ကြိမ်ဖန်ရ၊ ဉာဏ်နုစွမိ
ဘဝများစွာ၊ သံသရာ၌
ခန္ဓာငါးချက်၊ ဒုက္ခစက်ကို
ကြောက်လျက်မနား၊ တဖားဖားနှင့်
ငါကား ကျင်လည်ခဲ့လေပြီ။"
"ဟယ် ... တဏှာယောက်ျားလက်သမား
ဘုရားဖြစ်လော၊ ယခုခါ၌
ငါသည်သင့်အား
မျက်ဝါးထင်ထင်၊ ဒိဋ္ဌမြင်ပြီ
သင်၏ခြေလက်၊ သင့်အသက်ကို
လေးမဂ်လျှံရှိန်၊ ဉာဏ်ပုဆိန်ဖြင့်
လေးကြိမ်ဖြတ်ခုတ်၊ အမြစ်ပြုတ်သည့်
သစ်ငုပ်တိုဟန်၊ ဖြစ်ပြီမှန်သား
တစ်ဖန်ထပ်လျှောက်၊ ခန္ဓာရောက်အောင်
သင်ဆောက်နိုင်မည် မဟုတ်ပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



'တဏှာ'ကြောင့် ဘဝသစ် ဖြစ်ပေါ်သည်၊ 'သံသရာ'တစ်လျှောက် ကျွတ်ကင်းလျှောက်သည့်ပမာ တဝဲလည်လည်ဖြစ်နေသည် ဟူသော အချက်မှာ သိသာပြီ။ 'သံသရာ' ဟူသော ဝေါဟာရကို ထပ်မံ၍ လေ့လာချင်သေးသည်။

သံသရာ/than dhaja/ n (1) Samsara: Cycle of rebirth (2) Cycle (as in နိုက်ထရိုဂျင်-လည်ပုံ) [Pali သံသာရ] သံသရာကြွေး/ thandhaja gjwei ndebt of sins comitted in the previous existence.

ဤစကားအရ 'သံသရာ'[၁]မှာ 'ဘဝအသစ်'အဖန်တလဲလဲ ဖြစ်ပေါ်ခြင်းဟု အဓိပ္ပာယ်တင်သည်။

တစ်ခါက ပညာရှိဘုရင်ကြီး မိလိန္ဒ[၂] က အရှင်နာဂသိန်[၃] အား သံသရာအကြောင်းကို အကျဉ်းမျှ ဖြေကြားပေးပါရန် အောက်ပါအတိုင်း မေးခဲ့ပါသည်။

မိလိန္ဒ။ ။ဘန္တေ နာဂသေန၊ သံသရာဟူသည်ကား အဘယ်သို့နည်း။

ရှင်နာဂသိန်။ ။ဥပမာဆောင်၍ ဖြေကြားအံ့၊ မင်းကြီးနာယူ မှတ်သားလော့၊ တစ်ကြိမ်တွင် မင်းကြီးသည် သရက်သီးမှည့်ကို စားသုံးခွင့်ရရာ၏။ ထိုအခါ မင်းကြီးသည် အသားကိုစား၍ အစေ့ကို တစ်ပါးသို့ပစ်ရာ၏။ ထိုသရက်စေ့သည် ပထဝီဓာတ်၊ အာပေါဓာတ်၊ ဝါယောဓာတ် ရသည်၏အဖြစ်ကြောင့် အပင်ပေါက်

---

၁။ မြန်မာအင်္ဂလိပ်အဘိဓာန် (နှာ-၅၀၅)

၂။ Melanda ၃။ Venerable Nargareno





ပြန်ရာ၏။ အပင်မှ အချိန်တန်သော် အသီးသီးလာရာ၏။ ထိုအသီးကို လူ၊ ကျေးငှက် စသည်တို့ စားသုံးကာ အစေ့ကို စွန့်ရာ၏။ ဤသရက်သီး အဖြစ်ကား အပြီးမသတ်နိုင်တော့ပြီ၊ သံသရာလည်း ထို့ပမာတည်း။

မိလိန္ဒ။ ။ရှင်းလှပါ၏ဘုရား။

တစ်ဖန်သံသရာနှင့်ပတ်သက်၍ မိလိန္ဒမင်းကြီးအား အရှင်နာဂသိန်က "မင်းမြတ်...ဤအရပ် ဤဘုံ၌ဖြစ်၍ ဤအရပ် ဤဘုံ၌ပင်သေ၏။ ဤအရပ် ဤဘုံ၌ပင်သေ၍ တစ်ပါးသောအရပ်၊ တစ်ပါးသောဘုံ၌ ဖြစ်ပြန်၏။ ထိုအရပ် ထိုဘုံ၌ဖြစ်၍၊ ထိုအရပ် ထိုဘုံ၌ပင်သေပြန်၏။ ထိုအရပ် ထိုဘုံ၌သေ၍ တစ်ပါးသော အရပ်တစ်ပါးသော ဘုံတို့၌ ဖြစ်ပြန်၏။ မင်းမြတ်... ဤကား သံသရာပင်ဖြစ်၏"ဟု ဖြေဆိုတော်မူခဲ့လေသည်။

အင္ဂုတ္တိုရ်အဋ္ဌကထာ၌လည်း 'ခန္ဓာအာယတန ဓာတ်တရားတို့၏ အဆက်မပြတ်သော ဖြစ်စဉ်သည် သံသရာမည်၏'ဟု ဖော်ပြထားပါသည်။

အင်္ဂလန်ပြည်မှ 'မစ္စတာရစ်ချတ်'(Mr Richard)ဆိုသူ ထုတ်ဝေခဲ့သော (စာပဒေသာကျမ်း-Encyclopeaedia)ကျမ်း[၁]တွင် ဂရိပြည်'(ခေါ်မလည်းဟူ)အကြောင်းကို ဖော်ပြရာ၌-

စာဆိုတော်ကြီး 'ဟိုးမား'(Homer)သည် တစ်ဘဝမှတစ်ဘဝ ပြောင်းလဲခဲ့ပြီးနောက် 'ဥဒေါင်းဘဝ'သို့ရောက်ခဲ့သည်ဟု ဆိုပေသည်။

---

၁။ Richard's Topical Encyclopeaedia



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က အိန္ဒိယမှ ဟိန္ဒူလူမျိုးများက လူဝင်စားဟူသော သီဝရီကို ယုံကြည်သော်လည်း အနောက်တိုင်းမှ ကောင်းစွာလက်မခံကြသေးချေ။ သို့ဖြင့် ကျမ်းပြုသူက အောက်ပါအတိုင်း သရော်သော မှတ်ချက်ကို ပေးထားခဲ့လေသည်။

**"စာဆိုတော်ကြီးဟိုးမားသည် ဘဝတစ်ခုတွင် ဥဒေါင်းငှက်ဖြစ်ခဲ့သည်ဟူသောအဆိုမှာ စိတ်သက်သာစရာတော့ဖြစ်သည်။ 'ဥဒေါင်း' မှာ 'လင်းတ' လောက် မဆိုးသဖြင့် တော်ပေသေး၏ဟု မှတ်ရမည်"**

ဟူ၏။

အာဖရိကတိုက်တွင် လူမျိုးစုတစ်စုရှိသည်။ ၎င်းတို့လူမျိုးစုတွင် သက်ကြီးရွယ်အိုတို့သည် 'ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ' အတိုင်း အစဉ်အတိုင်း လွန်ခဲ့ပြီးသော် နောက်ဆုံးတွင် သေလွန်ခဲ့ကြ၏။ အဆိုပါလူမျိုးစုတွင် အရွယ်ရှိသေးသောမောင်နှံမှ သားသမီးမွေးဖွားလာပြီဆိုပါက သားယောက်ျားလေးဖြစ်လျှင်–

"နေကောင်းတယ်နော်၊ အဘိုးပြန်လာပြီကိုး"

ဟူ၍လည်းကောင်း၊ သမီးမိန်းကလေးဖြစ်လျှင်–

"မင်္ဂလာပါ၊ အဘွားပြန်လာပြီကိုး" ဟူ၍လည်းကောင်း နှုတ်ဆက်ကြသည်။ ဤအယူအဆမှာ 'လူဝင်စားသီဝရီ' ကို ယုံကြည်ကြောင်း ဖော်ပြနေသည်။

ခရစ်ယာန် အယူဝါဒအရလည်း လူများသေဆုံးပြီးနောက် ၎င်း၏ဝိညာဉ်ကို ဘုရားသခင်က စောင့်ရှောက်ထားကြောင်း ဆိုသည်။ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များပင် လူသေပြီးနောက် ဇာတိမျိုးဆက်မပြတ်သဖြင့် ဘဝအိုးအိမ် အကြိမ်ကြိမ်ပြောင်းရကြောင်း လက်ခံထားသည်။





တစ်ခါက ဒဗ္ဗလင်မှ သင်းအုပ်ဆရာတစ်ယောက်က 'သင်ပြန်လာမှာပါ – You will come back) ဟူသောစာတန်းကို ၎င်းတို့ 'နံညီအစည်းအဝေး' တွင် ဟင်ပြဖတ်ကြားခဲ့ရာ ငြင်းဆိုခဲ့သူ မရှိခဲ့ချေ။

ဤသို့လျှင် သံသရာသည် ရှည်လျားလှပါ၏။ ဗုဒ္ဓဘာသာ အမြင်အားဖြင့် ဇာတိမပြတ်ဘဲ ဥပါဒါန်အစွဲရှိခဲ့သော် (ဥပါဒါန၊ ပစ္စယာ၊ ဘဝေါ)[၁] ဟူသော 'ပဋိစ္စသမုပ္ပါဒ်' သဘောအရ ဘဝသစ် ဖြစ်ရလေသည်။

အခြားသော ဘာသာများကလည်း မိမိတို့ ယုံကြည်ချက်အရ လူဝင်စားဟူသောအဖြစ်ကို ငြင်းပယ်ခဲ့ခြင်းမရှိချေ။

စာရေးဆရာ(REX MAGUS)ဆိုသူ၏ (TRUE TALES OF THE SUPERNATURAL – 'သဘာဝလွန်ဖြစ်ရပ်များဆိုင်ရာ အမှန်တကယ် ဇာတ်လမ်းများ') ဟူသော စာအုပ်တွင် အောက်ပါခေါင်းစဉ်တစ်ခု ပါဝင်သည်။

'REINCARNATION PROVED?'

သာမန်အားဖြင့် 'လူဝင်စားကိစ္စ' ကို သက်သေပြနိုင်ပြီဟု အဓိပ္ပာယ်သက်ရောက်ပေမည်။

သို့သော် (?) မေးခွန်းအမှတ်အသား ပါနေပြန်သဖြင့်–

'လူဝင်စားကိစ္စကို သက်သေပြနိုင်ပြီလား' ဟုဆိုမှသာ စာရေးသူ၏ဆိုလိုချက်ကို ငုံမိမည်ဟု သဘောရသည်။ အတိအကျအားဖြင့် REX MAGUS ၏အဆိုဝါရေးသားချက်ကို ဘာသာပြန်ကြည့်လိုက်

---

၁။ ပဋိစ္စသမုပ္ပာဒ်ဒီပနီ/စတုသစ္စဒီပနီ(လယ်တီဆရာတော်)



www.burmeseclassic.com

www.burmeseclassic.com



ခြင်းက ပိုမိုထိရောက်မည်ဟု သဘောရသည့်အတိုင်း အောက်တွင် ဘာသာပြန်ဆိုတင်ပြလိုက်ပါသည်။

* * *

အချိန်မှာ ၁၉၂၆ ခုနှစ်ဖြစ်လေသည်။ ဒေလီမှ 'ရှန်တီ၊ဒေဝီ' (Shanti Deva)ဆိုသော အသက်ခုနစ်နှစ်အရွယ် မိန်းကလေးတစ်ယောက်သည် သူမ၏အတိတ်ဘဝက အဖြစ်အပျက်များနှင့်ပတ်သက်၍ အောက်ပါအတိုင်း အခိုင်အမာပြောဆိုခဲ့လေသည်။

အတိတ်ဘဝက သူမသည် 'မတ္တာ'မြို့တွင် နေထိုင်ခဲ့သော အမျိုးသမီးတစ်ယောက် ဖြစ်ခဲ့သည်ဆို၏။

သူမက သူမ၏ဖြစ်စဉ်ကို အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

သူမ၏အမည်မှာ 'လတ်ဂီ'(LUDGI)ဖြစ်ပြီး ကလေးတစ်ယောက်အား မျက်နှာမြင်စဉ်(မီးဖွားချိန်)တွင် ကွယ်လွန်ခဲ့ကြောင်း ဟိန္ဒူလူမျိုးများသည် လူဝင်စားကိစ္စတွင် အခိုင်အမာယုံကြည်ထားပြီး ဖြစ်ရာ ထိုမိန်းကလေး၏ ပြောကြားချက်ကို လုံးဝသံသယမရှိခဲ့ချေ၊ အထူးအဆန်းဟုလည်း မမှတ်ယူခဲ့ချေ။

၎င်းတို့အဖို့ အိန္ဒိယပြည်တွင် အတိတ်ဘဝ ဖြစ်စဉ်များကို ပြန်ပြောပြနေသော ကလေးများကို တွေ့ရှုံးလေ့ရှိပြီဖြစ်ရာ ကိစ္စမှာ အသစ်အဆန်းမဟုတ်တော့ပြီ၊ ကလေးငယ်တစ်ယောက်က မိမိ၏ အတိတ်ဘဝဖြစ်စဉ်များကို စီကာပတ်ကုံး ပြန်ပြောပြနေသည်ကို နားထောင်ရသည်မှာ ရွှင်မြူးဖွယ်တော့ ဖြစ်ဘိ၏။

---

၁။ 'ဇာတိဿရ'ဉာဏ်အရ ရှေးဘဝကို ပြန်ပြောခြင်း။





ဤသို့ဖြင့် ရှန်တီဒေဝီသည် ကိုးနှစ်အရွယ်သို့ ရောက်ခဲ့လေသည်။

လူတစ်ယောက်ကို သူမတွေ့ရ၏။ ထိုသူ၏အကြောင်းကို သူမက ရင်းရင်းနှီးနှီး ဂဃနဏ သိနေသည်။

အတိတ်ဘဝက သူ့အစ်ကိုဖြစ်လေသည်တဲ့။ မကြာခင် ထိုနှစ်တွင်ပင် နောက်တစ်ယောက်ကိုတွေ့ပြန်ရာ ဘဝဟောင်းက မိမိ၏ ခင်ပွန်းဖြစ်ပါသည်ဟု သူမက ဆိုနေပြန်သည်။

အံ့သြနေသည့် လူကြီးသူမများက ရှန်တီလေးဘဝ မတ္တာမြို့သို့ခေါ်သွားရန် ဆုံးဖြတ်လိုက်ကြသည်။ ဆုံးဖြတ်ထားသည့်အတိုင်း ထိုမြို့သို့ခေါ်သွားသောအခါ ရှန်တီဒေဝီလေးက အတိတ်ဘဝက သူမနေထိုင်ခဲ့သည့်အိမ်ကို မှတ်မိ၏။ သူမ၏ ကလေးအကြီးနှစ်ယောက်ကိုလည်း မှတ်မိပြန်ရာ ခေါ်သွားသူများ အံ့သြရလေသည်။

အငယ်ဆုံးကလေးကိုကား သူမ မမှတ်မိ၊ အကြောင်းမှာ ထိုကလေးမွေးစဉ်တွင် သူမသေဆုံးခဲ့ရသောကြောင့် ဖြစ်ဟန်တူပေသည်။

အိမ်ကိုသာမက အိမ်ထဲရှိပစ္စည်းများကိုလည်း အကုန်အစင် သူမ မှတ်မိ၏။ မည်သည့်ပစ္စည်းကား ရှိနေဆဲပင်၊ မည်သည့်ပစ္စည်းကား ပျောက်ဆုံးနေပါလားဟု သူမအတိအကျ စစ်ဆေးနိုင်သည်။ မည်သည့်ပစ္စည်းများကား အသစ်ရောက်နေပါလားဟုလည်း သူမက ပြောပြနိုင်သည်။

ထို့ပြင်မကသေး။

ရွာထဲက လူတွေကိုလည်း မှတ်မိ၏။ နောက်တဝက ထိုသူတို့နှင့် စကားဆိုခဲ့သည်များကိုလည်း အမှတ်ရ၏။ ထိုအကြောင်းအရာများကို အတိအကျပြန်ပြောနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းကာမင် သူမသည် အတိတ်ဘဝက ဤရှာသူလတ်ဂီ ဖြစ်ပါသည်ဟု ထောက်ခံကြသည်။ မြန်မာပြည်အရပ်ရပ်တွင် အတိတ်ဘဝကို ပြန်ပြောပြနိုင်သောဖြစ်ရပ်များ အများအပြားရှိပါသည်။

မြန်မာပြည်မှ ဓမ္မစရိယဦးအေးနိုင်၊ ဝဏ္ဏကျော်ထင် ဆရာစန်ကြီးဦးသာလှ၊ မင်းသမီးကြီး ဒေါ်ဗလပြန်၊ ပီဒုကတ်မောင်ထွန်းကြိုင်စသည်တို့သည် မိမိတို့၏အတိတ်ဘဝကို ပြန်လည်သတိရကြလေသည်။ အနောက်နိုင်ငံတွင်လည်း ဘင်ဂျမင်ဖရန့်ကလင်၏ သင်္ချိုင်း[၁] ဂူပေါ်မှ အရေးအသားအရ လူဝင်စားဆိုသည်မှာ အတိအကျ ရှိနေသည်ဟု သူတို့ယုံကြည်ကြောင်း သက်သေပြနေပေသည်။

လူတိုင်းသည် မွေးဖွားလာပြီးနောက် မိမိ၏ ယခင်အတိတ်ဘဝကို အမှတ်ရနေသည်ဟုကား တစ်ထစ်ချမဆိုနိုင်ပေ။ 'အနုသန္ဓေ'၊ 'ပဋိသန္ဓေ'နည်းများအရ ဘဝချင်းနီးစပ်ပါမှ အမှတ်ရနိုင်ကောင်းသည်။

ကမ္ဘာကျော်စာရေးဆရာကြီး 'ဆာရိုက်ဒါဟက်ဂတ်'(Sir Rider Haggard)ရေး၍ ဆရာကြီးရွှေဥဒေါင်းက 'ရှုမနန္ဒီ[၂]'၊ 'ရှုပကလျာဏီ[၃]' စသည်ဖြင့် မြန်မာမှုပြုထားသောဝတ္ထုများတွင် အဓိကဇာတ်ကောင် ရှီ(SHE)သည် ဘဝမပြောင်းသဖြင့် အရာရာကိုသိနေသော်လည်း သံသရာတွင် ဘဝအိုးအိမ်အကြိမ်ကြိမ်ပြောင်းခဲ့သော (ကာကရိတ[၄])

၁။ 'ဘင်ဂျမင်ဖရန့်ကလင်'၏ ခန္ဓာကိုယ်ကြီးသည် ၎င်းတစ်ချိန်က ပြုလုပ်ခဲ့သော စာအုပ်ကြီးကဲ့သို့ စုတ်ပြတ်ကာ ပျက်စီးခဲ့လေသည်။ သို့သော် ကိစ္စမရှိပြီ။ ပြန်ရောက်လာမှ ပြင်တော့မည်ဟု အမိပ္ပာယ်ရသောစာကို ရေးခဲ့သည်။ 'YOU WILL COME BACK'

၂။ ရှုမနန္ဒီ(SHE)၊

၃။ ရှုပကလျာဏီ(AYESHA)- THE RETURN OF SHE

၄။ KAKRATE





မှာမူ အတိတ်ဖြစ်စဉ်များကို မေ့နေပြီး ရှီ(SHE)ကို 'လူသစ်'အဖြစ် ဆက်ဆံ၏။

ရှီ(SHE)သည် အကြောင်းကြောင်းကြောင့် မီးလျှံ၏ဝါးမျိုခြင်းကို ခံခဲ့ရ၍ အေရှား(AYESHA)အဖြစ် ပြန်လာသည်ဟုဆိုသည်။

စိတ်ကူးယဉ် ဝတ္ထုပြင်ဖြစ်စေကာမူ စာရေးသူ 'ဆာရိုက်ဒါဟက်ဂတ်' ကိုယ်တိုင်ပင်လျှင် 'လူဝင်စား' 'သံသရာ'အဖြစ်များကို ယုံကြည်နေကြောင်း ထင်ရှားလှပါသည်။

ယခုဆက်လက်၍ (ရှန်တီ၊ဒေဝီ) လူဝင်စားအမှုကဲ့သို့ ကမ္ဘာတွင်ကျော်ကြားထင်ရှားခဲ့သော ပုဂ္ဂိုလ်များအကြောင်းကို ဆက်ပါဦးမည်။

'ရှန်တီ၊ဒေဝီ'၏အကြောင်းကား လူဝင်စားကိစ္စနှင့်ပတ်သက်၍ တစ်ထောင်တွင်တစ်ယောက် ထူးခြားသောဖြစ်ရပ်ဟု ဆိုနိုင်ကောင်းသည်။ ကမ္ဘာ့သမိုင်းတွင် မိမိတို့၏ အတိတ်ဘဝ ဖြစ်စဉ်များကို ပြန်လည်သတိရနိုင်သောပုဂ္ဂိုလ် အများအပြားရှိခဲ့ပါသည်။

**'ဂျင်နရယ်၊ဂျော့ပက်တန်'**

**'General George Patton'**

သူသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မဟာမိတ်များဘက်မှ ဦးဆောင်ပါဝင်တိုက်ခိုက်ခဲ့သော ဗြိတိသျှဗိုလ်ချုပ်ကြီးဖြစ်၍ ၎င်းက တစ်ဘဝတွင် သူသည် 'နပိုလီယန်၊ဘိုနာပတ်'(Napoleon Bonaparte)ဖြစ်ခဲ့သည်ဟု ဆိုလေသည်။

ဂျင်နရယ်ရှယ်ပက်တန်အနေဖြင့် နပိုလီယန်ဘဝက ရောက်ခဲ့သောနေရာဒေသများ၊ ပတ်ဝန်းကျင်အနေအထားများကို အသေးစိတ်ပြောပြနိုင်လေသည်။ ၎င်းစစ်အားဖြင့် ထိုနေရာများသို့ သူမရောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖူးချေ။ အမှန်တကယ်ရောက်သွားသောအခါတွင်ကား သူကြိုတင်ပြောပြထားချက်များ မှန်ကန်ကြောင်း တွေ့ရှိရလေသည်။

နပိုလီယန်ကိုယ်တိုင်ကလည်း ရှင်းသည် 'ရှားလ်မိန်းဘုရင်မင်းမြတ်'(CHARLEMAGNE)ဝင်စားသူဖြစ်ကြောင်း ပြောခဲ့ပြန်သည်။ ဤအချက်များအားလုံးကို လက်ခံရမည်ဆိုသော် ဧကရာဇ်ရှားလမိန်း၊ ဧကရာဇ်နပိုလီယန်နှင့် ဗိုလ်ချုပ်ကြီးဂျော့ပက်တန်တို့သည် တစ်ယောက်တည်းဟု ဆိုရတော့မည်လား။

'လူဝင်စား'ဟူသော ယုံကြည်ချက်ကို ပြက်ရယ်ပြုစရာတော့မဟုတ်။ ဤအယူအဆကို သက်ဝင်ယုံကြည်သူများသည် အတော်များသည်။ အရေအတွက်အားဖြင့် မနည်းလှပေ။

သမိုင်းတစ်လျှောက်တွင်ထင်ပေါ်ကျော်ကြားခဲ့သော အောက်ပါပုဂ္ဂိုလ်များကပင် ဤအယူအဆသည် မှန်ကန်ကြောင်း တညီတညွတ်တည်း ဆိုခဲ့ကြသည်။

ထိုသူများမှာ-

'ပိုက်သဂိုရပ်'(Pythagoras)

'ပလေတို'(Plato)

'ဆာ၊အာသာ၊ကိုနင်ဒွိုင်း'(Sir Arthar Conin Doyle)

'ဘင်ဂျမင်၊ဖရန့်ကလင်'(Benjamin Fraklin)

'ဝီလျံ၊ဂျိမ်း'(William James)

'တောမတ်၊အက်ဒီဆင်'(Thomas Edison)

'ဝပ်၊ဝှစ်မင်'(Walt Whitman)

'ဟင်နရီဖို့'(Henryford)

'ရှယ်ရှင်မွင်းသမီးရှယ်လီမက္ကလင်း'(Shirley Maclaine)





စသူတို့ ဖြစ်သည်။ တစ်ချိန်ကသော် လူဝင်စားကိစ္စရပ်ကို ရှေးဟောင်းအယူအဆများနှင့် ဆန့်ကျင်သည်ဟု ဆိုခဲ့ကြသည်။

ရောမဧကရာဇ်(ဂျင်စတီနီယန်)'Justinian'ခေတ်ကမူလူဝင်စားပြဿနာကို သရော်ပျက်ရယ်ခြင်းပင် ရှိခဲ့သော်လည်း (၂၀)ရာစုသို့မဟုတ် (၂၁)ရာစုအစတွင်ကား လူဝင်စားပြဿနာအပေါ် လူအတော်များများ အာရုံစိုက်လာခဲ့ကြပေပြီ။ ထို့ကြောင့် 'လူဝင်စားကိစ္စနှင့်ပတ်သက်၍ ယုံကြည်နေသည့် သက်သေခံအထောက်အထားတစ်စုံတစ်ရာရှိပါသလား'ဟူသော မေးခွန်းတစ်ရပ် ပေါ်ထွက်လာသည်။ ထိုမေးခွန်း၏အဖြေမှာ အကယ်၍ အိပ်မွေ့ချကုထုံး[၁] ကိုသိပ္ပံပညာရပ် တစ်ခုအနေဖြင့် လက်ခံလိုက်ပြီဖြစ်ပါမူကား အထောက်အထားရှိပါသည်ဟု ဖြေရမည်ပင်။

လူတစ်ယောက်ကိုအိပ်မွေ့ချပညာရပ်ကိုအသုံးပြု၍ မေးမြန်းလိုက်ပါက ထိုသူသည် မိမိ၏အတိတ်ဘဝကို ပြန်သတိရလာပြီးလိုအပ်သော အဖြေများကို ပေးနိုင်မည်။ ဤသို့ အိပ်မွေ့ချပြီးလူနာအား ကုသမှုနှင့်ပတ်သက်၍ ဗြိတိန်မှ ကျော်ကြားသူတစ်ဦးမှာ 'အာနော၊ဘီအိုဇန်[၂]'ဖြစ်၏။

သူသည် နှစ်ပေါင်းနှစ်ဆယ်ကျော်ကျော် လူတန်းစားအလွှာအသီးသီးမှ လူများအား အိပ်မွေ့ချကာ ထိုသူတို့နှင့် စကားပြောခဲ့လေသည်။ ထိုသူတို့၏ အတိတ်ဘဝ ဖြစ်ရပ်များနှင့် ပတ်သက်၍ပြောပြချက်များကို မှတ်တမ်းလည်း တင်ခဲ့လေသည်။ ဤသို့ မေးမြန်းပြီး မှတ်တမ်းတင်ခဲ့ရာတွင် ထိုသူတို့၏ အတိတ်ဘဝများကို များနိုင်

၁။ HYPNOTHERAPY ၂။ ARNALL BIOXHAM



www.burmeseclassic.com

www.burmeseclassic.com



သမျှ များများသတိရကြကြောင်း တွေ့ရှိရလေသည်။ အချို့ကမူ အတိတ်ဘဝ ၂၃ ခုတိုင်တိုင် ပြန်လည်သတိရကြလေသည်။

'ဘီအိုဇန်'၏လုပ်ဆောင်ချက်ကို စိတ်ဝင်စားမိသူမှာ စာနယ်ဇင်းသမား 'မဂ်နပ်မဂ်နူဆန်'(MAGNUSSON)ဖြစ်သည်။

၁၉၇၄ ခုနှစ်တွင် 'မဂ်နူဆန်'က 'ဘီအိုဇန်'၏လုပ်ငန်းကို လာရောက်လေ့လာသည်။ မှတ်တမ်းတင်ထားသည့် တိတ်ခွေများကို လည်း နားထောင်၏။

ထိုမှတ်တမ်း တိတ်ခွေများသည် လုပ်ကြံဖန်တီးထားမှုများ မဟုတ်ကြောင်း သိသာစေရန် 'မဂ်နူဆန်'က ၎င်း၏ ယုံကြည်စိတ်ချရသူတစ်ယောက်ကို ကိုယ်တိုင်ပါဝင် အိပ်မွေ့ချစေသည်။

နောက်ဆုံးတွင်ကား စာနယ်ဇင်းဆရာကြီးသည် မှတ်တမ်းတင်ထားသော တိတ်ခွေများအား အမှန်တွေပါလားဟူသော ယုံကြည်ချက်အပြည့်အဝဖြင့် ထောက်ခံကာ ပြန်သွားလေသတည်း။

သူ၏တွေ့ရှိချက်များကို စုပေါင်း၍ လွန်စွာစိတ်ဝင်စားဖွယ်ကောင်းသော စာတစ်အုပ်ကို ပုံနှိပ်ထုတ်ဝေလိုက်သည်။

စာအုပ်၏ခေါင်းစဉ်မှာ 'တစ်ဘဝထက် ပိုရှိသလော'[၁] ဖြစ်သည်။ ထိုစာအုပ်ကို ပထမဆုံးအကြိမ် ၁၉၇၆ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် ယှူပေါင်းစုံ၊ အလွှာပေါင်းစုံမှ ဖြစ်ရပ်များကို တင်ပြထားသည်။ စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်ရပ်တစ်ခုမှာ 'ယော့နယ်'ရှိ ဂျူးလူမျိုးများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွင် ပါဝင်အသတ်ခံခဲ့ရသော အမျိုးသမီးတစ်ယောက်၏ အကြောင်းပင် ဖြစ်တော့သည်။

---

[၁] MORE LIVES THAN ONE ?





နောက် စိတ်ဝင်စားစရာကောင်းသောလူတစ်ယောက်၏ အဖြစ်မှာ ပထမကိုမ်းဘုရင် ခေါင်းဖြတ်ခံရသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ရသူဖြစ်၏။

နောက်တစ်ယောက်မှာ နယ်လ်ဆင်၏ ရေတပ်တွင် အမှုထမ်းခဲ့သူဖြစ်သည်။ အခြားသောသူများ၏ အတိတ်ဘဝဖြစ်စဉ်များကို လေ့လာပြီးချိန်တွင်ကား မဂ်နူဆန်သည် လူဝင်စားကိစ္စတွင် သံသယ မရှိလေတော့ပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## လူ၀င်စားနှင့် ဗုဒ္ဓဘာသာအမြင်

ဤမိမိ၏ခန္ဓာကိုယ်သည် ကွဲပျက်လွယ်သော အိုးနှင့်တူသည်ကိုသိ၍ မိမိစိတ်ကို ကြံ့ခိုင်သော မြို့ကြီးသဖွယ်တည်စေ၍ ပညာတည်းဟူသော လက်နက်ဖြင့် မာရ်နတ်ကို စစ်ထိုးရာ၏။ အောင်၍ရအပ်သော အကျိုးတရားများကိုလည်း တွယ်တာကပ်ငြိခြင်းမရှိစောင့်ရှောက်ရာ၏။

ဤသည်ကို စွန့်ပစ်ပြီးသည်ဖြစ်၍ ဝိညာဉ်ကင်းမဲ့သည်ဖြစ်၍ အသုံးမကျသော ထင်းတုံးကဲ့သို့ မကြာမြင့်မီပင် မြေ၌လျောင်းလဲ၍နေလိမ့်တကား။ (ဓမ္မပဒ)

ကမ္ဘာပေါ်တွင် လူအမျိုးမျိုးတို့ ယုံကြည်ကိုးကွယ်သော ဘာသာကြီးများတွင် အဓိကအားဖြင့် မတူညီသော ဝါဒနှစ်မျိုးရှိ၏။ ဝါဒတစ်မျိုး၌ ပရလောကမရှိ။ လူသေလျှင် နောက်တစ်ဖန် မည်သည့်ဘ၀ကိုမှ ပြန်မဖြစ် ဤဘ၀နှင့်ပင် ပြီးဆုံးသည်ဟူ၍ ယုံကြည်လက်ခံထားသည်။





အခြားဝါဒမှာမူ လူသေလျှင် မိမိပြုလုပ်ခဲ့သော ကောင်းကျိုးဆိုးကျိုးတို့ကြောင့် အကျိုးအကြောင်း နိယာမတရားအရ လူ၊ နတ်၊ ဗြဟ္မာ၊ ငရဲ၊ တိရစ္ဆာန် အစရှိသော ဘုံဘ၀များ၌ဆက်ကာဆက်ကာခံစားရသည်ဟူ၍ ယုံကြည်လက်ခံထားသည်။

အရှေ့တိုင်းသားလူမျိုးများ အထူးသဖြင့် ဟိန္ဒူဘာသာ၀င်နှင့် ဗုဒ္ဓဘာသာ၀င်တို့သည် ဒုတိယအယူဝါဒကို ယုံကြည်လက်ခံကြသော်လည်း အများအားဖြင့် အနောက်နိုင်ငံ ခရစ်ယာန်များနှင့် အရှေ့အလယ်ပိုင်းဒေသရှိ မူဆလင်ဘာသာ၀င်တို့က ပထမအယူကို ယုံကြည်လက်ခံကြလေသည်။

## ဘ၀သံသရာဝါဒ (ဝါ) ဘ၀ဆက်ဝါဒ

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအနေဖြင့် ဤလောက၌ လူ၊ နတ်၊ ဗြဟ္မာ၊ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန် အစရှိသော သတ္တဝါအပေါင်းတို့ ဖြစ်ရာတည်းဟူသော ၃၁ ဌာန၊ ၃၁ ဘုံရှိသည်ဟူသော အယူအဆကို လက်ခံပြီးဖြစ်ပေသည်။ ထို့အပြင် သတ္တဝါအားလုံးတို့သည် မိမိတို့ ပြုလုပ်ဆောင်ရွက်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံ ကောင်းကျိုးဆိုးကျိုးများကြောင့် ယင်း ၃၁ ဘုံတို့တွင် လှုးလာဆံနှံခတ် ကူးသန်းသွားလာနေကြရသည်ဟူသော 'ဘ၀သံသရာဝါဒ'ကိုလည်း ယုံကြည်ကြသည်။

ဗုဒ္ဓဘာသာ ဟိန္ဒူဘာသာနှင့် အရှေ့တိုင်းဘာသာ၀င်များသည် သံသရာတည်းဟူသော ဘ၀ဆက်ဝါဒကို မူလကတည်း ယုံကြည်လက်ခံပြီး ဖြစ်ကြသဖြင့် လူ၀င်စားဖြစ်ရပ်များကို တကယ်ဟုတ်မဟုတ်ဟူ၍ အချိန်ကုန်လူပင်ပန်းခံ ငွေကြေးဖြုန်း၍ စုံစမ်းစရာမလို



www.burmeseclassic.com

www.burmeseclassic.com



ယူဆကြသော်လည်း အခြားဘာသာဝင် အနောက်နိုင်ငံသားတို့ အတွက်မူ သေသည်၏ အခြားမဲ့၌ ဘဝရှိသည်၊ မရှိသည်ဟူသော ပုစ္ဆာသည် အလွန်အရေးကြီးလျက်ရှိပေသည်။ ယင်း၏အဖြေကိုလည်း နည်းအမျိုးမျိုးဖြင့် သိမွှနည်းကျကျ စုံစမ်းလေ့လာရှာဖွေနေသည်မှာ နှစ်ပေါင်းရာကျော်ရှိပေပြီ။ လူဝင်စားဖြစ်ရပ် သုတေသနသည် ထို ပြဿနာကို တစ်မျိုးတစ်ဖုံ တစ်နည်းတစ်လမ်း ဖြေရှင်းခြင်းပင် ဖြစ်သည်။ ရုပ်ဝါဒကို စွဲမြဲစွာဆုပ်ကိုင်ထားပြီး တက္ကနှင့်သိပ္ပံကို အားကိုးအားထားသော အနောက်နိုင်ငံသားတို့သည် ရှေးဟောင်း စာပေကျမ်းဂန်များ ဘုရားဟောတရားပြောများနှင့် မပြီးနိုင်သေးဘဲ လက်ဆုပ်လက်ကိုင် သက်သေသာဓကများက ထောက်ခံအတည်ပြု မှသာလျှင် ယင်းကိစ္စကို လက်ခံကြမည်ဖြစ်ပေသည်။ သို့ရာတွင် ယင်းဖြစ်ရပ်တို့သည် မျက်မြင်ဒိဋ္ဌတိုက်ရိုက်တွေ့ထိ၍ မပြနိုင်သော အရူပ၊ ပရလောက၊ နာမ်ကိစ္စရပ်များဖြစ်၍ ရုပ်ဝါဒီတို့ ချက်ချင်း ယုံကြည်လက်ခံနိုင်ရန် မလွယ်ကူလှပါချေ။

## ဥစ္စောဒိဋ္ဌိ

အချို့သော ပုဂ္ဂိုလ်များသည် မိမိတို့၏ ဘဝဟောင်းများကို လုံးဝပြန်လည် မမှတ်မိမသိရှိကြသဖြင့် သက်ရှိသတ္တဝါတို့သည် ကွယ်လွန်သေဆုံးပြီးသောအခါ၌ ရုပ်ရောနာမ်ပါ ချုပ်ငြိမ်းပျောက်ကွယ် သွားသောကြောင့် နောင်တမလွန်ဘဝမရှိ၊ 'တစ်သက်'၊ 'တစ်ဘဝ' သာလျှင် ရှိသည်ဟူ၍ ယုံကြည်ကြလေသည်။ ထို့ကြောင့်လည်း သူတို့သည် ဤ 'တစ်သက်'၊ 'တစ်ဘဝ' ဥစ္စောဒိဋ္ဌိ အယူဝါဒကို လုံးဝ ယုံကြည် လက်ဆုပ်လက်ကိုင်ထားလျက် ရှိကြသည်။





## လူ့သေလျှင်

ကွယ်လွန်ပြီးကုန်သော မိဘများ၊ သားသမီးများ၊ ဆွေမျိုး ညာတိများ၊ မိတ်ဆွေသင်္ဂဟများက တစ်ခါတစ်ရံ အခြားသူများ လုံးဝမသိသော အတွင်းရေးများ၊ အရေးကြီးကိစ္စများ၊ ပြဿနာများကို အိပ်မက်ပေး၍လည်းကောင်း၊ 'နတ်ပူး'၍လည်းကောင်း၊ ကိုယ်ထင် ထင်ပြစကားပြော၍လည်းကောင်း၊ မှန်ကန်စွာထုတ်ဖော် ဖြေရှင်းပေး သည့်ဖြစ်ရပ်များ သာဓကများကို တွေ့ရှိလာကြသည်။ ထိုအခါ မိမိတို့ ခံယူထားသော 'တစ်သက်'၊ 'တစ်ဘဝ' ယုံကြည်မှုပေါ်၌ သံသယရှိလာတော့သည်။ အဆိုပါ အတွေ့အကြုံများ များပြားလာ သောအခါ၌ 'ဤဘဝမှ သေသည်၏အခြားမဲ့၌ ကိုယ်ခန္ဓာပျက်စီး ပျောက်ကွယ်သွားသော်လည်း နာမ်ဝိညာဉ်သည် ဆက်လက်ရှင်သန် တည်မြဲလျက်ရှိသည်' ဟူသောသဘော ပေါ်ပေါက်လာသည်။ ဘာသာ ရေးအယူမသီး အစွဲမထားသည့် 'စိတ်နယ်လွန်' သုတေသီများနှင့် 'ပရစိတ္တဗေဒသိပ္ပံ' ပညာရှင်တို့ကား နှစ်ပေါင်း ၁၀၀ ကျော်ကပင် စတင်၍ တမလွန်ဘဝ ပြဿနာများကို စုံစမ်းလေ့လာခဲ့ကြသည်။ အရှေ့တိုင်းသားအဖို့ 'ဘဝပြောင်း' ဝါဒသည် မထူးဆန်းသော်လည်း အနောက်နိုင်ငံသားတို့အဖို့မူ အလွန်အရေးကြီး၍ စိတ်ဝင်စားဖွယ်ရာ ပြဿနာတစ်ရပ် ဖြစ်နေလေသည်။ ရုပ်ခန္ဓာပျက်စီးသည့်တိုင်အောင် (Soul)ဝိညာဉ်ကား ဆက်လက်၍ တည်ရှိမြဲတည်ရှိ၏။ (Survival Theory)ဟူသော အနောက်တိုင်းသားများ၏ ခံယူချက်ကို ဤ 'ဘဝပြောင်း' ဝါဒက တစ်နည်းတစ်ဖုံအားဖြင့် အထောက်အကူ ပြုလျက်ရှိ၏။ ထို့ကြောင့်ပင် ရှေးအခါများက စိတ်ဝိညာဉ်သိပ္ပံပညာ



www.burmeseclassic.com

www.burmeseclassic.com



ရှင်များ ခရစ်ယာန်ဘုန်းကြီးများနှင့် အခြားစိတ်ပါဝင်စားကြသော ပုဂ္ဂိုလ်အမြောက်အမြားသည် 'ဘဝပြောင်း'ဝါဒကို မိမိတို့ဝါသနာအလျောက် တစ်ဦးချင်း မြောက်ကျားမြောက်ကျား လေ့လာစုံစမ်းခဲ့ကြလေသည်။

## ဘာသာရေးယုံကြည်ချက်အစွဲ

ဟိန္ဒူကျမ်းစာများနှင့် ဗုဒ္ဓဝင်စာပေများ၌ ဘဝဆက်ဘဝသံသရာဖြစ်ရပ်များကို အများအပြား ဖော်ပြထားသည်မှန်သော်လည်း လက်တွေ့သမား သိပ္ပံပညာရှင်တို့က မိမိတို့ကိုယ်တိုင် တွေ့ထိသိရှိလေ့လာရသော လူဝင်စားများကို မတွေ့မကြုံရသဖြင့် လက်မခံကြချေ။ **ဘာသာရေးယုံကြည်ချက်အစွဲ** တစ်ခုဟူ၍ ယူဆကြသည်။

## အနောက်နိုင်ငံနှင့်လူဝင်စား

ရှေးဦးပထမ အင်္ဂလိပ်ဘာသာဖြင့် 'လူဝင်စား'ဖြစ်ရပ်များအကြောင်းကို ရေးသားသူမှာ မြန်မာပြည်တွင် ထောင်မှူးအဖြစ်အမှုထမ်းခဲ့သော အိပ်ချ်ဖီလဒင်ဟောလ်(H.Fielding Hall)ဖြစ်ပြီး ၁၈၉၈ ခုနှစ်က သူရေးသားထုတ်ဝေပြီးသော 'လူမျိုးတစ်ခု၏ အခြေခံစိတ်နေသဘောထား(The soul of a people)အမည်ရှိသော စာအုပ်တွင် မြန်မာလူဝင်စား ကလေးငယ်များအကြောင်း အတော်အတန်ပြည့်ပြည့်စုံစုံ ပါရှိသည်။ သို့ရာတွင် အဆိုပါအကြောင်းအရာတို့သည် သိပ္ပံနည်းကျ လေ့လာစုံစမ်းထားခြင်းမဟုတ်။ ဒဏ္ဍာရီပုံပြင်သဖွယ် ရေးသားထားခြင်းသာ ဖြစ်သည်။





## ပထမဆုံးလူဝင်စားဖြစ်ရပ်

ရှေးဦးအကျဆုံး လူဝင်စားဖြစ်ရပ်ကို ဂျပန်ဘုန်းတော်ကြီးတစ်ပါးက စနစ်တကျ လေ့လာစုံစမ်းပြီး မှတ်တမ်းတင်ထားသောစာတမ်းမှာ ခရစ် ၁၈၂၃ ခုနှစ်က ဂျပန်စာနှင့် ရေးသားထားသော ဂျပန်ယောကျ်ားကလေး 'ကက်စုဂူရို'(Katsuguro)အကြောင်းဖြစ်သည်။ သို့ရာတွင် ခရစ် ၁၉၂၇ ခုနှစ်ကျမှသာလျှင် လမ်ကေဒီအိုဟန်အမည်ရှိသော ဘာသာရေးလိုက်စားသူ စာရေးဆရာတစ်ဦးက အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော 'ဗုဒ္ဓစာပေများမှ ကောက်နုတ်ချက်များ' Gleanings from the Buddha fields စာအုပ်တွင် ဖော်ပြထားသည်။ လူဝင်စား၏ဘဝနှင့် ယခင်ဘဝ၏ မိဘဆွေမျိုးများကို ဘုန်းတော်ကြီးကိုယ်တိုင် တွေ့ဆုံမေးမြန်း စုံစမ်းပြီးမှ မှတ်တမ်းတင်ရေးသားထားခဲ့ခြင်းဖြစ်သည်။

## ဗုဒ္ဓဘာသာဝင်တို့၏ယုံကြည်ချက်

ဗုဒ္ဓဘာသာဝင်တို့သည် ယခုဘဝမှ သေလွန်လျှင် နောင်ဘဝသစ်တစ်ဖန် ဖြစ်ရဦးမည်ဟု ယုံကြည်ကြသည်။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ သတ္တဝါတို့သည် သစ္စာလေးပါး အမှန်တရားကို မမြင်နိုင်အောင် ဖုံးလွှမ်းတတ်သော အဝိဇ္ဇာတရား၏ လှည့်စားချက်ကြောင့် ရုပ်၊ နာမ်၊ ခန္ဓာတို့၏ ဆင်းရဲခြင်းသဘောကို မမြင်နိုင်ကြဘဲ ချမ်းသာသုခအဖြစ် ပြောင်းပြန်ဆန့်ကျင်၍ ထင်မှားမြင်မှား ဖြစ်ကြရသည်။

ထိုသို့ ထင်မှားမြင်မှားမှုကြောင့် 'ဘဝ'ကို သာယာတပ်မက်



www.burmeseclassic.com

www.burmeseclassic.com



သော တဏှာလောဘ ဖြစ်ကြရသည်။ 'ဘဝ'ကိုတပ်မက်သော တဏှာလောဘကြောင့် 'ဘဝ'ဖြစ်စေတတ်သော ကံသင်္ခါရတို့ကို ပြုလုပ်ကြရသည်။ ကံသင်္ခါရဟူသော အကြောင်းကြောင့် အကျိုးဖြစ်သော 'ဘဝ'သစ်ရုပ်နာမ်တို့က တစ်ဖန်ဖြစ်ပေါ်ကြရပြန်သည်။

ဤသို့သောနည်းဖြင့် တစ်'ဘဝ'ပြီး 'တစ်ဘဝ' ဆက်ကာဆက်ကာ သံသရာစက်ဝိုင်းတွင် ကျင်လည်ကြရသည်ဟု ယုံကြည်လက်ခံကြသည်။

မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ဖြင့်သာ မြင်နိုင်သော ဘဝသံသရာကျင်လည်ပုံကို လက်တွေ့ပြရန်မှာ အမှန်တော့ လွယ်ကူသောအရာ မဟုတ်ပါချေ။ သဗ္ဗညုတဉာဏ်တော်ကြီးကို ယုံကြည်သောအားဖြင့်လည်းကောင်း၊ မိမိတို့ဉာဏ်မီသမျှ ကြောင်းကျိုးဆက်သဘောကို ဆင်ခြင်၍လည်းကောင်း ဗုဒ္ဓဘာသာဝင်တို့ ယုံကြည်ကြပေသည်။

* * *

၁။ NELSON

## အနောက်တိုင်းအတွေးအမြင်လောကမှ တမလွန်ဘဝယူဆပုံများ

ခရစ်မပေါ်မီ နှစ်ပေါင်းစွာအကြာ ဗုဒ္ဓမြတ်စွာ ပွင့်တော်မမူမီကပင် အနောက်တိုင်းအတွေးအမြင် (ဒဿနိက)ပညာရှင်လောက၌ တမလွန်ဘဝ(ဝါ)လူဝင်စား အယူအဆများ ခေတ်စားလာခဲ့ကြဟန်ရှိသည်။ ခေတ်စားလာသည်နှင့်အမျှ ငြင်းခုံမှုတွေလည်း ဖြစ်ခဲ့ကြသည်။

ဤနေရာ၌ ထိုပညာရှင်တို့၏ တမလွန်ဘဝ(ဝါ)လူဝင်စားအပေါ် ယူဆပုံအချို့ကို Reincarnation in World Thought စာအုပ်မှ ထုတ်နုတ်၍ ဗဟုသုတအဖြစ် ဖော်ပြလိုပါသည်။

သို့သော် ဗုဒ္ဓဘာသာမှတစ်ပါး အခြားအယူဝါဒများ၏ လူဝင်စား အယူအဆမှာ အတ္တ၊ အသက်၊ ဝိညာဉ်ပေါ်၌ အခြေခံကျကြောင်းကို သတိပြုရပါမည်။ ဗုဒ္ဓဝါဒ တမလွန်ဘဝ အယူအဆနှင့် လုံးဝမတူကြောင်း သတိရှိဖို့လိုပါသည်။

ရန်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဝါဒအရမူ တမလွန်ဘဝ ရှိမရှိကို အရေးကြီးခွင်ကျယ် ရှင်းပြမလိုပါပေ။ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော အချို့သော ပါဠိတော်များ၊ ဗဋ္ဋိစ္စသမုပ္ပာဒ်တရားတော်များ၊ ပေတဝတ္ထု၊ ဝိမာနဝတ္ထုပါဠိတော်များ၊ အပဒါန်ပါဠိတော်၊ ထေရဂါထာ ထေရီပါဠိတော်များ၊ ဓမ္မပဒဝတ္ထုများ၊ ငါးရာငါးဆယ်ဇာတ်နိပါတ်တော်စသည်များကို ဖတ်ရှုနားလည်ထားကြသောကြောင့်လည်းကောင်း၊ စစ်မှန်သောလူဝင်စားဖြစ်ရပ်များကို ကြားသိနေကြရသောကြောင့်လည်းကောင်း၊ တမလွန်ဘဝ အယူအဆကို အတိအကျ ယုံကြည်လက်ခံထားကြပြီး ဖြစ်ပေသည်။

## ပိုက်သဂိုရပ် (၅၈၂-၅၀၇ B.C)[၁]

ဂရိတ်ဒဿနိကဗေဒနှင့် သင်္ချာဗေဒပညာရှင်ကြီး ပိုက်သဂိုရပ်က "သူသည် တစ်ချိန်က အယ်သာလိဒီး[၂] ဖြစ်ခဲ့ပြီး နောက်တစ်ဘဝ၌ ယူဖော်ဘတ်[၃] ဖြစ်ခဲ့ကြောင်း၊ ထရွိုင်းမြို့ကို ရန်သူများ ဝိုင်းမိသောအခါ မင်လာအတ်[၄]ကြောင့် သူဒဏ်ရာရခဲ့ပြီး ကွယ်လွန်ခဲ့ကြောင်း" ပြောလေ့ရှိသည်။ (P. ၁၉၀)

## ဟေရာကလိတု (၅၄၀-၄၈၀ B.C)[၅]

ဂရိတ် ဒဿနိကပညာရှင် ဟေရာကလိတုက-

ဓသသူနှင့် ရှင်သူ၊ နိုးသူနှင့်အိပ်သူ၊ ငယ်သူနှင့်ကြီးသူ ဤသူအားလုံးသည် အတူတူပင် ဖြစ်ကြ၏။ အကြောင်းမှာ နောက်ဆုံးလူက ပထမဆုံးလူဖြစ်ဖို့ရာ သွားလာလှုပ်ရှားနေပြီး တစ်ဖန် ပထမဆုံးလူက နောက်ဆုံး လူဖြစ်လာသောကြောင့်ပင်"ဟု ဆိုသည်။ (P. ၁၉၂)

၁။ Pythagoras ၂။ Aethalides ၃။ Euphorbus
၄။ Menelaus ၅။ Heraclitus





## အင်ပီဒေါ်ကလီ (၄၉၀-၄၃၀ B.C)[၁]

အင်ပီဒေါကလီသည်လည်း ဂရိတ်ဒဿနိက ပညာရှင်ပင် ဖြစ်သည်။ သူ့အဆိုက-

ကျွန်ုပ်သည် တစ်ချိန်က ယောကျ်ားကလေး နှင့် မိန်းကလေး ဖြစ်ခဲ့သည်။ ချုံပုတ်နှင့်ငှက်လည်း ဖြစ်ခဲ့သည်။ လှိုင်းလုံးများထဲမှ ငါးလည်းဖြစ်ခဲ့သည်။ (P. ၁၉၃)

## ပလေတို (၄၂၇-၃၄၇ B.C)[၂]

ပလေတိုသည် အထင်ရှားဆုံးသော ဂရိတ်ဒဿနိကပညာရှင်ကြီးဖြစ်သည်။ သူက-

သေခြင်းသည် ရှင်ခြင်းမှ လာသကဲ့သို့ ရှင်ခြင်းသည်လည်း သေခြင်းမှ လာ၏။ သင်သွားရမည့်နေရာကို သင့်အား သတ်မှတ်ပေးမည်မဟုတ်။ သင့်ဘာသာ ရွေးချယ်ရမည်။ ဝိညာဉ်အသီးသီးသည် သူတို့၏ဘဝကို မည်သို့မည်ပုံ ရွေးချယ်ကြ သည်ကို စောင့်ကြည့်ရသည်မှာ အမှန်ပင် အံ့သြဖွယ်ရာမြင်ကွင်း ဖြစ်ပေသည်။ ...သူတို့၏ ယခင်ဘဝ အတွေ့အကြုံများက သူတို့၏ ဘဝရွေးချယ်မှုကို များသောအားဖြင့် လမ်းညွှန်ပေးကြသည်"ဟု ဆို၏။ (P. ၂၀၀)

## အရစ္စတိုတယ် (၃၈၄-၃၂၂ B.C)[၃]

ဂရိတ်ဒဿနိကပညာရှင် အရစ္စတိုတယ်ကလည်း ဤသို့ ဆို၏။

၁။ Empedocles ၂။ Plato ၃။ Aristotle



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်တစ်ခု၌ ဝင်ရောက်နေသော ဝိညာဉ်သည် ယခင်ဘဝ၌ သူခံစားတွေ့ သိခဲ့ရသည့်တို့ကို သတိမရပေ။ သေခြင်းတရားက တခြားကမ္ဘာတစ်ခု၌ သူ၏ ခန္ဓာအိမ်ထဲသို့ ပြန်ပို့ပေးလိုက်သော ဝိညာဉ်သည်ကား ယခုဘဝ၌ သူတွေ့ကြုံခံစားရသည်တို့ကို သတိရပေသည်။ ခန္ဓာမဲ့ဝိညာဉ်၏ ဘဝသည် ပုံမှန်ဘဝဖြစ်၏။ ထိုဝိညာဉ်သည် ခန္ဓာကိုယ်ထဲ၌ ခဏခေတ္တနေသည့်အခါ ဆင်းရဲအတိပြည့်နေ၏။ (P. ၂၀၂)

## ဂျူးလီးယက်ဆီဇာ (၁၀၀–၄၄ B.C)[၁]

ရောမစစ်သူကြီး ဂျူးလီးယက်ဆီဇာက ကဲလ်ထ်လူမျိုးများ စစ်ပွဲတွင် အကြောက်အရွံ့ မရှိဘဲ ရဲရဲဝံ့ဝံ့တိုက်ခိုက်ကြခြင်း၏ အကြောင်းကို သူ၏ Gaullic War စာအုပ် (Book VI, 14)၌ ဤသို့ စိစစ်ဝေဖန်ထားသည်။

ဝိညာဉ်များသည် ပျက်စီးမသွားဘဲ သေပြီးနောက် ခန္ဓာကိုယ်တစ်ခုမှ တခြားခန္ဓာကိုယ်တစ်ခုသို့ ပြောင်းရွှေ့သွားသည် ဆိုသော ဤအယူအဆကို သူတို့၏အရေးပါသော အယူဝါဒများအနက် တစ်ခုအဖြစ်ဖြင့် အကြိမ်ကြိမ်အဖန်ဖန် သင်ကြားပေးကြသည်။ (P. ၂၀၇)

## ပလိုတိနပ် (၂၀၅–၂၇၀ A.D)[၂]

ဂရိတ်ဒဿနိကပညာရှင် ပလိုတိနပ်က ဘဝသံသရာကို ဓာတ်စင်နှင့် နှိုင်းယှဉ်ထားသည်။

၁။ Julius Caesar ၂။ Plotinus





လူတစ်ဦးသေသွားခြင်းသည် ပြဇာတ်ထဲ၌ (ဇာတ်လမ်းအရ) ဇာတ်ဆောင်များအနက်က တစ်ယောက် သေသွားခြင်းထက် ဘာမျှမပိုပေ။ ဇာတ်ဆောင်သည် မိတ်ကပ်ပြောင်းလိမ်း၍ အခန်းပြောင်းကခြင်းသာ ဖြစ်သည်။ သူတကယ် မသေပေ။ သေခြင်းဆိုသည်မှာ ဇာတ်ဆောင်များ အဝတ်လဲသကဲ့သို့ ခန္ဓာကိုယ်တစ်ခုသို့ ပြောင်းသွားခြင်းသာဖြစ်မှု သက်ရှိသတ္တဝါတစ်ဦးမှ တခြားသက်ရှိ သတ္တဝါတစ်ဦးအဖြစ်သို့ ပြောင်းသွားခြင်း၌ ကြောက်မက်ဖွယ်ရာ ဘာမျှမရှိချေ။ (P. ၂၁၆)

## ဂျော်ဒါနို ဘရူနို (၁၅၄၈–၁၆၀၀ A.D)[၁]

ဂျော်ဒါနိုဘရူနိုသည် အီတလီအမျိုးသား ဒဿနိက ပညာရှင်ကြီးဖြစ်သည်။ ဗရင်ဂျီဘာသာနှင့်ဆန့်ကျင်သော အယူရှိသူများကို မိစ္ဆာဒိဋ္ဌိနာမည်တပ်၍ တရားစစ်ဆေးသောရုံး၌ ၁၅၉၂ ခုနှစ်၊ မေလတွင် ဘရူနိုကို ရုံးတင်စစ်ဆေးခဲ့ကြသည်။ စွပ်စွဲသူများက "သဘာဝတရားက ပြုလုပ်ဖန်ဆင်းပေးလိုက်သော ဝိညာဉ်များသည် တိရစ္ဆာန်တစ်ကောင်မှ အခြားတိရစ္ဆာန်တစ်ကောင်သို့ ကူးပြောင်းကြသည်" ဆိုသော မိစ္ဆာအယူနှင့် "ကမ္ဘာကြီးရေလွှမ်းမိုး၍ ပျက်စီးသွားသောအခါ ဝိညာဉ်များ(လူအဖြစ်) ပြန်လည်မွေးဖွားကြသည်" ဆိုသော မိစ္ဆာအယူများကို ဘရူနိုက သူ့တပည့်များအား သင်ကြားပေးသည်ဟု စွပ်စွဲကြသည်။ ထိုစွပ်စွဲချက်များကို ဘရူနိုက ဤသို့ထုချေသည်။

ကျွန်ုပ်သည် ဝိညာဉ်များ မသေကြဲမပျက်စီးဟု ရှေးကလည်း ယူဆခဲ့သည်။ ယခုလည်း ယူဆသည်။ ဗရင်ဂျီဘာသာဝင်

၁။ Giordano Bruno



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အနေဖြင့် ပြောရလျှင် ဝိညာဉ်များသည် ခန္ဓာကိုယ်တစ်ခုမှ အခြားခန္ဓာကိုယ်တစ်ခုသို့ မကူးပြောင်းဘဲ ကောင်းကင်ဘုံနန်းနှင့် ငရဲကြီး ငရဲလေး စခန်းများသို့ မြန်းကြသည်။

သို့သော် ကျွန်ုပ် နက်နက်နဲနဲ ဆင်ခြင်စဉ်းစားပြီးနောက် ဒဿနိကပညာရှင် တစ်ယောက်အနေဖြင့် ပြောရလျှင် ဝိညာဉ်များကို ခန္ဓာကိုယ်နှင့်ကင်းလျက် မတွေ့ရပေ။ သို့သော် ဝိညာဉ်များသည် ခန္ဓာကိုယ်လည်း မဟုတ်ကြပေ။ သို့ဖြစ်၍ ဝိညာဉ်သည် ခန္ဓာကိုယ်တစ်ခုမဟုတ် အခြားတစ်ခုအတွင်း၌ ရှိမည်ဖြစ်သောကြောင့် ခန္ဓာကိုယ်တစ်ခုမှ အခြားခန္ဓာကိုယ်တစ်ခုသို့ ကူးပြောင်းသည်။ ဤအချက်မှန်ကန်ကြောင်း သက်သေအထောက်အထား မပြနိုင်ဦးတော့ ပိုက်သဂိုရပ်၏ အယူအဆနှင့်အညီ အနည်းဆုံးဖြစ်နိုင်ဖွယ်တော့ ရှိပေသည်။ (P. ၂၄၂)

### ဗော်လ်တဲယား (၁၆၉၄–၁၇၇၈ A.D)[၁]

ဗော်လ်တဲယားသည် ထင်ရှားကျော်ကြားသော ပြင်သစ်စာရေးဆရာနှင့် ဒဿနိကပညာရှင်ကြီး ဖြစ်သည်။ သူ့အယူအမှာ-

ဘဝများစွာဖြစ်ခြင်းသည် တစ်ဘဝဖြစ်ခြင်းထက် ပို၍ အံ့အားသင့်စရာ မဟုတ်ပေ။ (P. ၂၅၇)

### ဖရက်ဒရစ်သဂရိတ် (၁၇၁၂–၁၇၈၆)[၂]

ဖရက်ဒရစ်သဂရိတ်သည် ပရပ်ရှားဘုရင်ကြီး ဖြစ်သည်။ သူကွယ်လွန်ခါနီး၌ ဤသို့ပြောခဲ့၏။

၁။ Voltaire ၂။ Frederic The Great





ငါ့ဘဝ မကြာမီအဆုံးသတ်တော့မည်ဟု ငါသိသည်။ သဘာဝတရား၌ တည်ရှိသမျှ မည်သည့်အရာမျှ အပြီးသတ် မပျက်စီးနိုင်ဟု ငါယုံကြည်သည်။ ထို့ကြောင့် ငါ၏ ပိုမိုမြင့်မြတ်သော အစိတ်အပိုင်း (ဝိညာဉ်)သည် ဆက်လက်၍ အသက်ရှင်တည်နေလိမ့်မည်ဖြစ်ကြောင်း ငါ သေချာစွာသိသည်။ ငါသည် အနာဂတ်ဘဝ၌ ဘုရင်တစ်ပါး မဖြစ်နိုင်ဦးတော့ တက်ကြွသော ဘဝကိုမူ ရပေလိမ့်မည်။ (P. ၂၆၀)

### ဂါဟား (၁၇၄၉–၁၈၃၂)[၁]

ဂါဟားသည် ကျော်ကြားသည့် ဂျာမန်ကဗျာဆရာကြီးဖြစ်သည်။ သူက သူ့မိတ်ဆွေတစ်ယောက်ထံရေးသော စာတစ်စောင်တွင် ဤသို့ ဖော်ပြထားသည်။

လူများသည် မကောင်းသော တွေ့ကြုံခံစားမှုတို့ကို ဖျောက်ဖျက်ပစ်ပြီးလျှင် ဆေးကြော သန့်စင်ပြီးသူအဖြစ်ဖြင့် ပြန်လည် လူဖြစ်လာသည်ဆိုလျှင် သေသင့်လှပေသည်။ (P. ၂၆၇)

ဤနေရာ၌ ငါယခုရှိနေသကဲ့သို့ ရှေးကလည်း ဤနေရာ၌ အကြိမ်တစ်ထောင်မက ငါနေခဲ့ဖူးပြီ။ နောင်ခါလည်း အကြိမ်တစ်ထောင်မက ပြန်ရောက်ရဦးမည်ဟု ငါမျှော်လင့်သည်။ (P. ၂၆၉)

### ဖစ်ချတေ (၁၇၆၂–၁၈၁၄)[၂]

ဖစ်ချတေသည် ဂျာမန်အတွေးအမြင်ပညာရှင်တစ်ဦးဖြစ်သည်။ သူက ဤသို့ဆို၏။

၁။ J. Von Goethe ၂။ J. G. Fichte



www.burmeseclassic.com

www.burmeseclassic.com



သဘာဝတရားသည် ငါ့ကို သေစေသောကြောင့် သူသည် ငါ့ကို အသစ်ဖြစ်အောင် အလျင်အမြန်ပြုလုပ်ပေးရမည်။ ၎င်းမှာ ငါ၏ မှို၍မြင့်မားသော ဘဝသာဖြစ်လိမ့်မည်။ သေမျိုးဖြစ်သော သတ္တဝါများက 'သေခြင်း'ဟုခေါ်သော ထိုအရာသည် ဒုတိယအကြိမ် အသက်ရှင်လာခြင်း၏ သိသာမြင်သာသော အသွင်သဏ္ဌာန်ဖြစ်သည်။ (P. ၂၇၂)

## ဇေါ်ပေါ်ရစ်ချတာ (၁၇၆၃–၁၈၂၅)[၁]

ရစ်ချတာသည် ထင်ရှားသော ဂျာမန်စာရေးဆရာဖြစ်သည်။ သူ့အယူအဆမှာ–

ဝိညာဉ်ကို သူအလိုရှိသလောက် အကြိမ်များစွာ (လူ့ဘဝကို) ပြန်လာပါစေ။ ကမ္ဘာမြေကြီးသည် အမြဲသစ်နေသော လက်ဆောင်များ၊ ရာစုနှစ်အသစ်များ၊ နိုင်ငံသစ်များ၊ စိတ်သစ်များ၊ တွေ့ရှိချက်အသစ်များနှင့် မျှော်လင့်ချက်အသစ်များကို ပေးအပ်နိုင်လောက်အောင် အလျှံပယ် ကြွယ်နေပါသည်။ (P. ၂၇၂)

## ရှိုပင်ဟောဝါး (၁၇၈၈–၁၈၆၀)[၂]

ရှိုပင်ဟောဝါးသည် ဂျာမန်ဒဿနိကပညာရှင်ကြီးဖြစ်သည်။ သူ့အယူအဆမှာ–

အသစ်မွေးဖွားလာတိုင်းသော သတ္တဝါများသည် ဘဝသစ်၌ လန်းဆန်းမျှော်လင့်ကြသည်။ ဘဝသစ်ကို အခမဲ့လက်ဆောင်အဖြစ်

၁။ Jean Paul Richter ၂။ Schopenhauer





သဘောကျနှစ်ခြိုက်ကြသည်။ သို့သော် မည်သည့်အရာကိုမျှ အခမဲ့ မရနိုင်၊ ဘဝသစ်ကိုရလာသောအခါ အိုမင်းရင့်ရော်ခြင်း၊ သေခြင်းတို့ကို တန်ဖိုးအဖြစ် ပေးကြရသည်။ အိုမင်းရင့်ရော်ခြင်း, သေခြင်းတို့တွင် ဘဝသစ်ကို ဖြစ်ပေါ်စေသော ပျက်ဆီးမရသည့် မျိုးစေ့ပါဝင်လျက်ရှိသည်။ (P. ၂၈၁)

## တောမတ်စ် ကာလိုင်း (၁၇၉၅–၁၈၈၁)[၁]

စကော့လူမျိုး တောမတ်ကာလိုင်းက ဤသို့ယူဆသည်။

သေခြင်းနှင့်မွေးဖွားခြင်းတို့သည် အသစ်ဖြစ်သော တိုးတက်မှုအတွက် လူသားတို့ကို အိပ်ဖို့ရာနှင့် လန်းလန်းဆန်းဆန်း ထဖို့ရာ နှိုးဆော်သော ညနေခင်းနှင့် နံနက်ခင်း ဝတ်ပြုခေါင်းလောင်းများပင် ဖြစ်သည်။ (P. ၂၈၆)

## ဂျော့ဆင်း (၁၈၀၃–၁၈၇၆)[၂]

ဂျော့ဆင်းသည် ထင်ရှားသော ပြင်သစ်စာရေးဆရာတစ်ဦး ဖြစ်သည်။ သူက–

ငါသည် ငြိမ်သက်သန့်မာ၍ လွတ်လပ်သူအဖြစ် ပြန်လည်မွေးဖွားလာလျှင် ရာစုနှစ်ပေါင်းများစွာပတ်လုံး ဖြတ်သန်းလာခဲ့ရသော အတိတ်ဘဝများ၌ ခံစားခဲ့ရသည့် ဒုက္ခဒဏ်ချက်တို့ကို မေ့ပျောက်နိုင်တန်ရာ၏။ (P. ၂၉၂)

၁။ Thomas Carlyle ၂။ George Sand



www.burmeseclassic.com

www.burmeseclassic.com



## အီမာဆင် (၁၈၀၃–၁၈၈၂)[၁]

အီမာဆင်သည် အမေရိကန်လူမျိုး ဒဿနိကပညာရှင်ဖြစ်သည်။ သူ့အယူအဆမှာ–

အရာအားလုံးသည် ဆက်လက်၍ အသက်ရှင်နေကြသည်။ မသေကြေမပျက်စီးပေ။ မြင်ကွင်းမှာ ခဏခေတ္တ အနားယူကြပြီးလျှင် တစ်ဖန်ပြန်လာကြသည်။ ဤသည်မှာ လောက၏လျှို့ဝှက်ချက်ဖြစ်သည်။ မည်သူမျှ မသေကြ။ လူတို့သည် သေဟန်ဆောင်၍ အသုဘ အခမ်းအနားတွေ အတုလုပ်ကြသည်။ သူတို့သည် ထိုနေရာ၌ပင် ထူးဆန်းသော အသွင်သစ်ဖြင့် ကျန်းမာသန်စွမ်းလျက်ပင် ပြတင်းပေါက်မှ ရပ်လျက်ကြည့်နေကြသည်။ (P. ၂၉၇)

## လီယိုတော်လ်စတွိုင်း (၁၈၂၈–၁၉၁၀)[၂]

လီယိုတော်လ်စတွိုင်းသည် ကမ္ဘာကျော် ရုရှားစာရေးဆရာနှင့် ဒဿနိကပညာရှင်ကြီးဖြစ်သည်။ သူ့အယူက တိကျလှသည်။

ရှေ့ဘဝ၌ပြုလုပ်ခဲ့သော အလုပ်များက ယခုဘဝသို့ လမ်းညွှန်လိုက်ခြင်းဖြစ်သည်။ (P. ၃၂၇)

## ဖီးလ်ဒင်းဟော (၁၈၅၉–၁၉၁၇)[၃]

ဖီးလ်ဒင်းဟောသည် ဗြိတိသျှအမှုထမ်း စာရေးဆရာတစ်ဦးဖြစ်ကြောင်း မြန်မာတို့ ကောင်းကောင်းသိကြသည်။ သူက ဤသို့ဆို၏။

၁။ Ralph Waldo Emerson ၂။ Count Leo Tolstoy ၃။ H. Fielding Hall





မေတ္တာတရားသည် ခန္ဓာကိုယ်နှင့်အတူ ပျက်စီးမသွားပေ။ မေတ္တာသည် တစ်ဘဝပြီးတစ်ဘဝ ဖြတ်သန်းလျက် အမြဲတစေ ရှင်သန်လျက် ရှိပေသည်။ (P. ၃၄၃)

## ဟင်နရီဖို့ဒ် (၁၈၆၃–၁၉၄၇)[၁]

အမေရိကန်စက်မှုပညာရှင် ဟင်နရီဖို့ဒ်က တမလွန်ဘဝနှင့်ပတ်သက်၍ ဤသို့ယူဆသည်။

ကျွန်ုပ် တမလွန်ဘဝ အယူအဆကို တွေ့သိလိုက်ရတဲ့အခါမှာ စကြဝဠာတစ်ခုလုံးနှင့်ဆိုင်တဲ့ စီမံကိန်းကြီးကို တွေ့လိုက်ရသလိုပါပဲ။ ကျွန်ုပ်ရဲ့ အတွေးအခေါ်တွေကို အကောင်အထည်ဖော်ဖို့ အချိန်တွေရှိသေးတယ်လို့ ကျွန်ုပ်သိမြင်လာတယ်။ အချိန်ကန့်သတ်ချက်ဆိုတာ မရှိတော့ဘူး။ ကျွန်ုပ်ဟာ နာရီလက်တံရဲ့ ကျွေးကျွန်မဟုတ်တော့ဘူး။ ပင်ကွက်ဉာဏ် ထက်တယ်ဆိုတာ အတွေ့အကြုံပါပဲ။ တချို့က ဒီပင်ကွက်ဉာဏ်ထက်တာကို ပါရမီလို့ဖြစ်စေ၊ ဗီဇလို့ဖြစ်စေ ထင်ကြပုံရတယ်။ အမှန်တော့ ငါဟာ ဘဝပေါင်းများစွာမှာ စုဆောင်းလာတဲ့ ရှည်လျားများပြားလှတဲ့ အတွေ့အကြုံတွေကြောင့် ရတဲ့ အကျိုးတရားပါ။ တချို့က တခြားလူတွေထက် ပိုအသက်ကြီးတော့ ပိုပြီး သိနားလည်ကြတယ်။ (P. ၃၄၉)

## ဝင်စတန်ချာချီ (၁၈၇၄–၁၉၆၅)[၂]

ဝင်စတန်ချာချီကို နောက်ဘဝကို ယုံသလားဟု မေးသောအခါ ခဏမျှစဉ်းစားနေပြီးမှ "မယုံဘူး" ဟု ပြောသည်။ ပြီးမှ "အမှန်တော့

၁။ Henry Ford ၂။ Winston Churchil



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် မှားကောင်းမှားလိမ့်မယ်။ ကျွန်ုပ်ဟာ တရုတ်ကူလီတစ်ယောက် အဖြစ် လူ့ပြန်ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ယူဆနိုင်စရာရှိတယ်" ဟု ဆက်ပြောသည်။ (P. ၃၅၉)

**တောမတ်ဟတ်စ်လေး (၁၈၂၅–၁၈၉၅)**[၁]

ဗြိတိသျှသိပ္ပံပညာရှင် တောမတ်ဟတ်စ်လေးက ဤသို့ဆိုသည်။

တမလွန်ဘဝ အယူအဆသည် ဗြဟ္မဏဝါဒအတွေးအခေါ်၌ အခြေခံသည်ဖြစ်စေ၊ ဗုဒ္ဓဝါဒအတွေးအခေါ်၌ အခြေခံသည်ဖြစ်စေ ယင်းအယူအဆ၌ စကြဝဠာနှင့် လူသားဆက်သွယ်ပုံကို ချီးမွမ်းဖွယ်ရာ ရှင်းပြထားခြင်းကို တွေ့ရသည်။ ဤရှင်းပြချက်၏ ချီးမွမ်းဖွယ်ကောင်းပုံမှာ တခြားအရာများ ချီးမွမ်းဖွယ်ကောင်းပုံထက် မလျော့နည်းပေ။ ယင်းအယူအဆကို ရေးကြီးသုတ်ပျာ စဉ်းစားတတ်သူများသာလျှင် မွေးရာပါ စွဲယူထားသည့် မဖြစ်နိုင်ပါဘူးဟူသော အကြောင်းပြချက်ဖြင့် ငြင်းပယ်ကောင်း ငြင်းပယ်ပေလိမ့်မည်။ ထိုသူများမှ တစ်ပါး တခြားမည်သူကမျှ ငြင်းပယ်မည်မဟုတ်ပေ။ ဤတမလွန်ဘဝ အယူအဆသည် ဆင့်ကဲတိုးတက်ဖြစ်ပေါ်ခြင်း သဘောတရားကဲ့သို့ပင် အမှန်တကယ်ရှိသောလောက၌ အခြေခံထားခြင်းဖြစ်သည်။ (P. ၃၈၉)

**ဂျူလီယန် ဟတ်စ်လေး (၁၈၈၇–?)**[၂]

တမလွန်ဘဝနှင့်ပတ်သက်၍ ဂျူလီယန်ဟတ်စ်လေးက ဤသို့မြင်သည်။

---

၁။ Thomas Huxley ၂။ Sir Julian Huxley





လူသေသောအခါ အမြဲရှင်နေသော အသက်ဝိညာဉ်သည် တစ်နည်းနည်းဖြင့် ထွက်ခွာသွားသည် ဆိုသောအချက်ကို ဆန့်ကျင်သော အရာ ဘာမျှမရှိပေ။ ဝိညာဉ်သည် ခန္ဓာကိုယ်ထဲ၌ တစ်နည်းနည်း ဖြင့် ပြန်မဖြစ်လျှင် ၎င်းသည် မည်သည့်အခါမျှ စဉ်းစားကြံတွေး တတ်မည်မဟုတ်ပေ။ မည်သည့်အခါမျှ ခံစားတတ်မည်မဟုတ်ပေ။ (P. ၄၂၁)

* * *

## ဒေါက်တာအိုင်ယင်စတီဗင်ဆင်နှင့်လူဝင်စားမှုများ

အမေရိကန်ပြည်ထောင်စု၊ ဗာဂျီးနီးယား ဆေးတက္ကသိုလ် မရစ်တ္တာဗေဒဌာန၏ ပါမောက္ခဖြစ်သူ ဒေါက်တာအိုင်ယင်စတီဗင်ဆင်သည် ဘဝဆက်ပြဿနာဟု ခေါ်ဆိုရမည့် လူဝင်စားသုတေသန လုပ်ငန်းတွင် ကမ္ဘာတစ်ဝှမ်း ထင်ရှားကျော်စောဆုံးသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ သူသည် ၁၉၆၀ ပြည့်နှစ်တွင် လူဝင်စားမှုသုတေသန လုပ်ငန်းကို စတင်စူးစမ်းလေ့လာခဲ့သည်။ လူဝင်စားမှုများကို တစ်ဆင့်စကားမဟုတ်ဘဲ ဆိုင်ရာနိုင်ငံများသို့ ကိုယ်တိုင်သွားရောက်လေ့လာရာ၌ ဆင်းရဲပင်ပန်းခံမှု၊ သေချာစေ့စပ်မှု၊ တွေ့ရှိရချက်များကို ဆင်ခြင်တိုင်းထွာ၍ အကဲဖြတ်မှု၊ ဝါဒစွဲဆန္ဒစွဲမရှိဘဲ ယထာဘူတကျကျ တင်ပြမှု စသည်တို့ကြောင့် သူ၏သုတေသနလုပ်ငန်းမှာ အခြားပညာရှင်တို့၏ ချီးကျူးလေးစားခြင်းကို ခံရ၏။

ဒေါက်တာစတီဗင်ဆင်သည် မြန်မာ၊ ယိုးဒယား၊ သီရိလင်္ကာ၊ အိန္ဒိယ စသော အရှေ့တောင်ပိုင်း ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားရာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံများနှင့် အခြားကမ္ဘာ့အရပ်ရပ်သို့သွားရောက်၍ လူ့ဝင်စားမှုများကို သုတေသနပြုခဲ့၏။

ဒေါက်တာစတီဗင်၏ နှစ်ပေါင်း ၄၀ ကြာအောင် စူးစမ်းလေ့လာခဲ့သော လူ့ဝင်စားသုတေသနလုပ်ငန်းက နောင်တမလွန်ဘဝရှိကြောင်းကိုယုံကြည်ရန် အတော်အတန် အထောက်အကူပြုခဲ့သည်။ ဒေါက်တာစတီဗင်ဆင်သည် ကမ္ဘာပေါ်ရှိ လူ့ဝင်စားကလေးသူငယ်ပေါင်း ၂၅၀၀ ခန့်ကို စူးစမ်းလေ့လာတင်ပြခဲ့ရာ ဘဝအသစ် တစ်ဖန်ဖြစ်မှုကို အနောက်နိုင်ငံသားအချို့ ယုံကြည်လက်ခံလာကြပေပြီ။

ကမ္ဘာ့အရပ်ရပ်တွင် လူ့ဝင်စားသုတေသနကို နှစ်ပေါင်းကြာရှည် ပြုလုပ်ခဲ့သော ဒေါက်တာစတီဗင်ဆင်ကိုယ်တိုင်က 'ကျွန်ုပ်တွေ့ရှိထားသော သက်သေသာဓကများသည် တစ်နေ့တခြား စိုးမိုးလောက်အောင်ပင် များပြားလာသောကြောင့် ကျွန်ုပ်အနေဖြင့် ယခုအခါ လူ့ဝင်စားဖြစ်ရပ်ကို ယုံကြည်သည့်ဘက်က အလေးသာနေသည်'ဟု ဖော်ပြခဲ့လေသည်။

*[ကမ္ဘာကျော် လူ့ဝင်စားသုတေသီ ဒေါက်တာအိုင်ယင်စတီဗင်ဆင်၏အကြောင်းနှင့် ၎င်းလေ့လာခဲ့သော မြန်မာပြည်အရပ်ရပ်မှ လူ့ဝင်စားများအကြောင်းနှင့် နိုင်ငံတကာမှ လူ့ဝင်စားဖြစ်ရပ်များအကြောင်းကို သိရှိလိုပါက ရန်အောင်စာပေမှ ထုတ်ဝေထားသည့် စာရေးဆရာတိုးထက်၏ အံ့ဖွယ်လူ့ဝင်စားနှင့် စိတ်ဝိညာဉ်ဖြစ်ရပ်ဆန်းများ (၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ)နှင့် မြန်မာပြည်အရပ်ရပ်မှ လူ့ဝင်စားများ (၂၀၀၂ ခုနှစ်)စာအုပ်တို့နှင့်အတူ ပညာရွှေတောင်မှ ထုတ်ဝေသည့် မြန်မာပြည်အရပ်ရပ်မှ လူ့ဝင်စားများ (၂၀၀၄ ခုနှစ်၊ မေလ)စာအုပ်တို့ကို ဖတ်ရှုစေလိုပါသည်။* **(စာရေးသူ)]**





## ဆေးဖက်ဝင်သောအတိတ်ဘဝ

လူသားတို့သည် ဘဝများစွာ ကျင်လည်ဖြတ်သန်းနေကြသော သံသရာခရီးသွားများ ဖြစ်ကြသည်ဆိုသည်ကို အနောက်နိုင်ငံသားတို့ ယုံကြည်မှုရှိလာသောအခါ လူ့ဝင်စားဆိုသည့် အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုလာကြတော့သည်။ လူ့ဝင်စားဟူသည် တကယ်ရှိသလား၊ လူ့ဝင်စားဖြစ်ရပ်က လူသားတို့အကျိုးကို ပြုနိုင်မည်လားဟူ၍ သူတို့သုတေသနပြုခဲ့ကြသည်။ ဤတွင် ထူးထူးဆန်းဆန်း ဆေးဖက်ဝင်သော အတိတ်ဘဝကို တွေ့ရှိခဲ့ကြရသည်။

မျက်မှောက်ဘဝတွင် နာတာရှည်ရောဂါ ခံစားနေရသော ဝေဒနာရှင်တို့အဖို့ အတိတ်ဘဝကို ပြန်လည်အမှတ်ရနိုင်ပါက ခံစားနေရသော ရောဂါဝေဒနာများ ပျောက်ကင်းချမ်းသာ ရသွားကြောင်း နာမည်ကျော် စိတ်ပညာရှင်တစ်ဦးက ဖော်ထုတ်တင်ပြထား၏။

သို့သော် လူတစ်ယောက်အဖို့ မိမိအတိတ်ဘဝကို ပြန်သိနိုင်ရန်မှာ သူ့အလိုအလျောက်မရနိုင်ပေ။ အိပ်မွေ့ချပညာရှင်၏ အကူအညီဖြင့် အိပ်မွေ့ချစစ်ဆေးမှသာ ပြန်လည်အမှတ်ရရှိနိုင်စေ၏။ ယင်းသို့ အတိတ်ဘဝမှ အဖြစ်အပျက်များကို ပြန်လည်သိရှိနိုင်ခြင်းဖြင့် ပျောက်ကင်းနိုင်သော ရောဂါများတွင် ပန်းနာရင်ကျပ်၊ သွေးတိုး၊ အဆစ်အမြစ်ကိုက်ခဲနာကျင်မှုတို့ ပါဝင်၏။ ဘဝဟောင်းကို ပြန်လည်အမှတ်ရခြင်းသည် ဘဝသစ်တွင် ခံစားနေရသော နာတာရှည်ရောဂါကို အဘယ့်ကြောင့် ပျောက်ကင်းသက်သာစေနိုင်ရသည်ကို မိမိမသိရကြောင်း 'ဒေါက်တာရေမွန်မူဒီ' က ဆို၏။ (Rd. Raymond Moody)

ဒေါက်တာ 'မူဒီ' က သူ၏လေ့လာတွေ့ရှိချက်များကို (Coming Back A Psychiatrist Explores Past-Life Journeys)



www.burmeseclassic.com

www.burmeseclassic.com



(ပြန်လာခြင်း၊ စိတ်ကုပညာရှင်တစ်ဦး၏ အတိတ်ဘဝခရီး ပြေလာ ရှုးစမ်းမှု)အမည်ဖြင့် စာအုပ်တစ်အုပ် ရေးသားထုတ်ဝေလိုက်သည်။

အိပ်မွေ့ချခြင်း၏ မူလရည်ရွယ်ချက်မှာ ဝေဒနာရှင်၏ ငယ်စဉ် ကလေးဘဝကို ပြန်လည်ခံစားပြီး ပြောပြနိုင်စေရန်ဖြစ်သည်။ သို့သော် အချို့ဝေဒနာရှင်များသည် ယခုမျက်မှောက် ကလေးဘဝမှကျော်လွန် ကာ လွန်ခဲ့သော ဘဝဟောင်းများအထိ ရောက်ရှိသွားကြ၏။ ဘဝ ဟောင်းမှနေရာဌာနများ၊ အချိန်အခါ၊ အသက်အရွယ်များကို ပြောပြ ရာတွင် သူတို့မျက်စိရှေ့၌ ယခုပင် ပေါ်ပေါက်နေသကဲ့သို့ ရှင်းလင်း ပြတ်သားစွာ ပြောသွားနိုင်ကြ၏။

သူတို့သည် လွန်ခဲ့သော နှစ်ပေါင်းရာပေါင်းများစွာ၊ ထောင် ပေါင်းများစွာက အကြောင်းအရာအဖြစ်အပျက်များကို အသေးစိတ် ပြောကြားသွားလေ့ရှိ၏။ ထိုသို့ပြောနိုင်ခြင်းမှာ ထိုဘဝ ထိုအချိန် များက သူတို့ကိုယ်တိုင် အသက်ရှင်နေထိုင်ခဲ့ရသောကြောင့်သာ ဖြစ် သည်။ ယင်းသို့ လူဖြစ်ခဲ့ခြင်းမရှိပါက ထိုအဖြစ်အပျက် အကြောင်း အရာများကို ယခုလို ပြောပြနိုင်လိမ့်မည်မဟုတ်ပေ။

ယင်းသို့ အတိတ်ဘဝမှ အဖြစ်အပျက်များကို ပြန်လည်ပြောပြ ပြီးနောက် လက်ရှိဘဝထဲသို့ သတိပြန်လည်လာသောအခါ ၎င်းတို့ တွင် လက်ငင်းခံစားနေရသော ရောဂါဝေဒနာ(ဝါ)နာတာရှည်ရောဂါ များမှာ ပျောက်ကင်းသွားကြောင်း တွေ့ရှိရ၏။

ယင်းသို့သော ဝေဒနာရှင်တစ်ဦးမှာ 'မေရီ'ဟု ဆိုပါစို့။ 'မေရီ' တွင် ပန်းနာရင်ကျပ်ရောဂါ ခံစားနေရပါသည်။ ငယ်စဉ်ကလေးဘဝ ကတည်းက ခံစားခဲ့ရသော 'မေရီ'၏ရောဂါကို ခေတ်မီဆေးဝါးများ ဖြင့် ကုသပေးရာ အနည်းငယ် သက်သာရာရရုံသာရှိ၏။





ဒေါက်တာ'မူဒီ'က မေရီအား အိပ်မွေ့ချပေးလိုက်၏။ ယင်းသို့ အိပ်မွေ့ချစစ်ဆေးလိုက်သောအခါ 'မေရီ'၏စိတ်အစဉ်သည် အတိတ် ဘဝဟောင်းများမှ ကဏ္ဍတို့ကို တစ်ဘဝပြီးတစ်ဘဝ ကျော်ဖြတ်သွား ၏။ အတိတ်ဘဝဟောင်းများစွာအနက်မှ တစ်ခုသောဘဝတွင် မေရီ သည် ၁၉ ရာစုနှစ်နှောင်းပိုင်း၊ လန်ဒန်မြို့တစ်နေရာရှိ အိမ်တန်းလျား တစ်ခုတွင် သာမန်အိမ်ရှင်မတစ်ဦးအဖြစ် နေထိုင်ခဲ့ရဖူး၏။

တစ်နေ့သ၌ အပြင်မှအိမ်သို့ပြန်လာသော မေရီအား အသင့် စောင့်နေသော လူတစ်ဦးက တံခါးဖွင့်လျှင်ဖွင့်ချင်း တိုက်ခိုက်ယေ သည်။ ထိုသူသည် မေရီအား အိမ်ထဲသို့တွန်းပစ်ပြီး မျက်နှာကို ခေါင်းအုံးဖြင့်ဖိထား၏။

အသက်ရှူမွန်းကျပ်ပြီး စာဖြည်းဖြည်း အသက်ထွက်သွား သော မေရီ၏ ထိုစဉ်က မချိမဆံ့ဝေဒနာ ခံစားရချက်သည် ယခုဘဝ ပန်းနာရင်ကျပ်စဉ်ခံစားရသော အသက်ရှူမွန်းကျပ်မှုနှင့်အတူတူပင် ဖြစ်၏။

ဒေါက်တာမူဒီက မေရီကို အိပ်မွေ့ချထားရာမှ ပြန်လည်ရုပ် သိမ်းပေးလိုက်၏။ ယင်းသို့ သတိပြန်ရလျှင်ရခြင်း ပထမဆုံးအကြိမ် မိမိအာဘယ့်ကြောင့် အသက်ရှူမွန်းကျပ်ရသည့် အကြောင်းရင်းကို သိမြင်သွားသည်။ အိပ်မွေ့ချစစ်ဆေးမှုကြောင့် မေရီသည် ပန်းနာ ရင်ကျပ်ရောဂါမှ ချက်ချင်းလက်ငင်း သက်သာပျောက်ကင်းသွား လေတော့၏။

အခြားဝေဒနာရှင်တစ်ဦးမှာ သွေးတိုးရောဂါကို နှစ်ပေါင်း များစွာခံစားနေရသော 'အင်နီ'အမည်ရှိ အမျိုးသမီးလေးဖြစ်၏။ 'အင်နီ'သည် သွေးကျဆေးများ မှီဝဲသည့်အပြင် သူမ၏ အစား



www.burmeseclassic.com

www.burmeseclassic.com



အသောက်ကိုလည်း ဂရုစိုက်ပြုပြင်ခဲ့၏။ သို့သော် ယင်းကုသမှုများဖြင့် နှစ်ပေါင်းများစွာ ကုန်လွန်လာခဲ့သည့်တိုင် ရောဂါမပျောက်ခဲ့ပေ။

တစ်နေ့တွင် မိမိ၏အတိတ်ဘဝအဖြစ်အပျက်များကို ပြန်လည်သိရှိလိုသဖြင့် အင်နီက မိမိအားအိပ်မွေ့ချပေးရန် တောင်းပန်သည်။ အိပ်မွေ့ချလိုက်သောအခါ အင်နီသည် ရာစုနှစ်ပေါင်းများစွာက အိင်္ဂလိပ်ပြည်၌ မိမိလူဖြစ်ခဲ့ဖူးကြောင်း တွေ့လိုက်ရ၏။ အိင်္ဂလိပ်မြို့တော်ကို ထိုအချိန်က ပြည်ပမှကျူးကျော်ဝင်ရောက်လာသူများက တိုက်ခိုက်ကြသည်။

မြင်ကွင်းမှာကြောက်မက်ဖွယ်ရာကောင်းလှသည်။ အင်နီ၏ ပြန်လည်ပြောပြချက်အရ ကျူးကျော်လာသော စစ်သားများသည် မြင်မြင်ရာကို လိုက်လံဖမ်းဆီးနေကြ၏။ ဖမ်းမိသူများကို ဓားဖြင့် ထိုးခုတ်ပစ်လေ့ရှိ၏။ အင်နီလည်း ကြောက်အားလန့်အားဖြင့် ခြေဦးတည့်ရာ ထွက်ပြေးလာခဲ့သော်လည်း အင်နီထွက်ပြေးလေရာ အရပ်မျက်နှာတိုင်းတွင် ရန်သူစစ်သားများနှင့်ချည်း ဝင်တိုးနေ၏။ နောက်ဆုံးတွင် လူအုပ်ကြားထဲ၌ တိုးဝှေ့ဝင်ရောက် ရောနှောနေလိုက်၏။ သို့သော် စစ်သားများက အင်နီကို လူအုပ်ထဲမှ ဆွဲထုတ်ပြီး ဓားနှင့်ထိုးသတ်လိုက်ကြ၏။

ယင်းသို့ အိပ်မွေ့ချဖော်ထုတ်ပြီးနောက်ပိုင်းတွင် အင်နီ၏ သွေးတိုးရောဂါမှာ တဖြည်းဖြည်းကျသွားခဲ့ရာ ဆေးဝါးမှီဝဲရသောပမာဏမှာလည်း လျော့ကျသွားသည်ဟု ဒေါက်တာမူဒီကဆို၏။

တတိယမြောက် သာဓကမှာ အဆစ်အမြစ်ကိုက်ခဲသော ဝေဒနာရှင် အမျိုးသမီးတစ်ဦးဖြစ်၏။ ထိုဝေဒနာရှင်အား ဒေါက်တာမူဒီက အိပ်မွေ့ချစစ်ဆေးလိုက်သောအခါ ၎င်းသည် တစ်ခုသောအတိတ်ဘဝက ဘုန်းကြီးဖြစ်ခဲ့ဖူးသည်ကို တွေ့ရ၏။ ထိုစဉ်က





ဘုန်းတော်ကြီး စံမြန်းသောကျောင်းမှာ စည်းကမ်းတင်းကျပ်လှပြီး ထိုဘုန်းကြီးသည် အခြားသီတင်းသုံးဖော်များအား မကြာခဏ ပြစ်ဒဏ်ချမှတ်လေ့ရှိ၏။ ဘုန်းကြီးဘဝ၏ နောက်ဆုံးအချိန်တွင် အလွန်အေးချမ်းသော အခန်းကျဉ်းကလေးထဲ၌ တစ်ပါးတည်း ကေစာရိကျင့်ရင်း ဆင်းရဲပင်ပန်းစွာဖြင့် ကုန်လွန်တော်မူခဲ့ရ၏။

အတိတ်ဘဝမှ ထိုအဖြစ်အပျက်ကို သိလိုက်ရသောအခါတွင် ယခုဘဝတွင် မိမိအဘယ်ကြောင့် အမျက်ဒေါသကြီးပြီး အရာရာကို မကျေမနပ် ဖြစ်နေရသည်ဆိုသော အကြောင်းရင်းကို ဝေဒနာရှင်အမျိုးသမီး သဘောပေါက်သွား၏။

ထိုအချိန်မှစ၍ အမျိုးသမီးတွင်ခံစားနေရသော အဆစ်အမြစ်ကိုက်ခဲနာကျင်သောဝေဒနာမှာ ပျောက်ကင်းသွားခဲ့သည်ဟု ဆိုလေသည်။

မည်သို့ပင်ဆိုစေ အထက်ဖော်ပြပါအတိုင်း အတိတ်ဘဝမှ အဖြစ်အပျက်တို့ကို ပြန်မြင်ပြီး ယခုဘဝ လက်ငင်းခံစားနေရသော နာတာရှည်ရောဂါဝေဒနာများ ပျောက်ကင်းသွားကြရခြင်းနှင့် ပတ်သက်၍ အဘယ်ကြောင့်ဟူသည်ကိုမူ စိတ်ပညာရှင် ဒေါက်တာရေမွန်မူဒီက မိမိမသိရကြောင်း ရိုးသားစွာ ဝန်ခံခဲ့လေသည်။

လူဝင်စားသုတေသနပြုရာတွင် အိပ်မွေ့ချ၍ စုံစမ်းသည့်နည်းလမ်းကို အသုံးမပြုရန် တိုက်တွန်းသည့်ပုဂ္ဂိုလ်မှာ အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားတက္ကသိုလ် ပရစိတ်ပညာဌာနမှ ပါမောက္ခကြီးဒေါက်တာအိုင်ယင်စတီဗင်ဆင် Dr. Ian Stevenson ဖြစ်လေသည်။ ❑

Ref: Past lives help you cure chronic diseases.

www.burmeseclassic.com

www.burmeseclassic.com

## အိပ်မွေ့ချ၍ လူ့ဝင်စားကိစ္စစုံစမ်းမှု

အိပ်မွေ့ချခြင်းအားဖြင့် ငုပ်မြုပ်နေသည့် စိတ်အတွင်း ကိန်းအောင်းလျက်ရှိသော စိတ်ကူးယဉ်ကိစ္စများကို လွတ်လပ်စွာ ဖော်ထုတ်လိုက်သဖြင့် ဘဝဟောင်း၏ အကြောင်းများကို ပြန်ပြောနိုင်သယောင် ဖြစ်ပေါ်စေသည်။ အမှန်အားဖြင့်ဆိုသော် ယင်းတို့သည် နေ့အခါက သတိဖြင့်ထိန်းသိမ်းထားသမျှတို့သည် ညအခါ၌ အချုပ်အချယ်ကင်းမဲ့သောကြောင့် ပေါ်ပေါက်လာသော အိပ်မက်များနှင့် မခြားပါ။

**ဒေါက်တာစတီဗင်ဆင်**

ကမ္ဘာအရပ်ရပ်တို့တွင် အိပ်မွေ့ချခြင်း(သို့မဟုတ်) စိတ်ညှို့ခြင်းအတတ်ကို ရှေးနှစ်ပေါင်းများစွာ ကာလကပင် သိရှိလေ့ကျင့်အသုံးပြုခဲ့သော်လည်း ၁၇၇၄ ခုနှစ်ကျကာမှ သိပ္ပံနည်းကျစွာ စတင်စုံစမ်းခဲ့သူမှာ ဖရန့်ဇအော၊ မက်စမာ(Mesmer)ဖြစ်ပါသည်။ ထို့နောက်နှစ်ပေါင်းနှစ်ရာအတွင်းတွင် စိတ်ပညာရှင်သုတေသီတို့သည် စိတ်ညှို့အိပ်မွေ့ချနည်းကို စနစ်တကျလေ့လာပြီး စိတ်ရောဂါရှိသူများနှင့်





မှတ်ဉာဏ်ချို့တဲ့သူများအား အိပ်မွေ့ချ၍ ကုသနိုင်စွမ်းကို ဆရာဝန်များက လက်ခံလာကြသည်။

၁၈၉၃ ခုနှစ်တွင် ပြင်သစ်ပညာရှင် ဗိုလ်မှူးကြီးအယ်ဘယ်ဒီရိုရှားသည် လူတစ်ယောက်အား ခြောက်ကြိမ်မြောက် အိပ်မွေ့ချ၍ စမ်းသပ်နေရင်း ထိုလူ၏ငယ်ရွယ်ခဲ့သော ဘဝကို ပြန်လည်ရောက်ရှိနေကြောင်း အမှတ်တမဲ့ပြောမိ၏။ ထိုအခါ ထိုသူသည် ကလေးကဲ့သို့ စကားပြော၍ အဆိုပါကလေးဘဝတွင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို တိကျစွာပြန်ပြောင်း၍ ပြောနိုင်ကြောင်း တွေ့ရှိရသည်။ ဤနည်းစနစ်ကို (Hypnotic Regression) အိပ်မွေ့ချ၍ နောက်ကြောင်းပြန်စနစ်ဟူ၍ အမည်ပေးထားသည်။ ကလေးဘဝတွင် မကျေညက်ခဲ့သော ကိစ္စများ၊ အစွဲအလမ်းများ၊ စိတ်ချောက်ချားမှုများ အစရှိသော ပြဿနာများကို ပြန်လည်ဖော်ထုတ်၍ ဖြေရှင်းခြင်းအားဖြင့် စိတ်ရောဂါကို ပပျောက်စေသည်။

၁၉၀၄ ခုနှစ်တွင် ဗိုလ်မှူးကြီးဒီရိုးရှားသည် ၁၈ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးကို အိပ်မွေ့ချပြီး မွေးကာစ အသက်သို့ နောက်ကြောင်းပြန်လည်ပို့ဆောင်၍ မေးမြန်းစုံစမ်းရာမှ ယခုဘဝ ပဋိသန္ဓေတည်သည့်အချိန်ကို ကျော်လွန်၍ ယခင်ဘဝအကြောင်းကို မေးမြန်းရန် စိတ်ကူးရလာလေသည်။ သို့ရာတွင် လက်တွေ့စမ်းသပ်ကြည့်ရာ၌ ယခင်ဘဝ၏ပုဂ္ဂိုလ်များကို ရှာဖွေ၍မတွေ့သောကြောင့်လည်းကောင်း၊ သို့မဟုတ် ယခုဘဝနှင့် ယခင်ဘဝတို့၏ ပုဂ္ဂိုလ်တို့သည် သာမန်အားဖြင့် တွေ့ကြုံသိကျွမ်းပြီးသူများ ဖြစ်၍လည်းကောင်း၊ ထွက်ဆိုသောကိစ္စ မှန်မမှန်စစ်ဆေးရန် ခက်ခဲသည်ကို တွေ့ရှိလာရသောကြောင့် ဤစမ်းသပ်မှုကို ရပ်စဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၅၃ ခုနှစ်တွင် 'အတွင်းအင်အား'ဟူသော စာအုပ်တွင် အင်္ဂလိပ်စိတ်ရောဂါကုဆရာဝန် ဒေါက်တာဆာအလီဇန္ဒားကင်နွန်သည် နှစ်ပေါင်းများစွာ အိပ်မွေ့ချ၍ ဘဝဟောင်းများအကြောင်းကို လေ့လာခဲ့သည်တို့ကို ကိစ္စရပ်များစွာဖြင့် ဖော်ပြခဲ့ပါသည်။

ဂျိနီဗာတက္ကသိုလ်မှ ပါမောက္ခသီအိုဒိုဖလော်နီသည် ဆွစ်ဇာလန်အမျိုးသမီးတစ်ဦးကို အိပ်မွေ့ချရာ၌ ယခင်နှစ်ပေါင်း ၅၀၀ အခါကဖြစ်ခဲ့သော ဘဝအကြောင်းကို သိရသည်ဟူ၏။ ထိုသူငယ်မသည် အိန္ဒိယပြည်ဆန္ဒရာဂီရိအမည်ရှိ ခံတပ်ကိုတည်ဆောက်ခဲ့သော သီမူရခအမည်ရှိ ဟိန္ဒူစော်ဘွားကြီး၏ ကြင်ယာတော်သိမန္တနီဖြစ်ခဲ့ကြောင်း သိရသည်။ ထူးခြားသည့် အိပ်မွေ့အဆွေ့အတွင်း သူမသည် ယခင်က လုံးဝမတတ်ကျွမ်းခဲ့သော ဟိန္ဒူစကားကို ပိုင်ပိုင်နိုင်နိုင် ပြောနိုင်လေသည်။ ဆရာဝန်ဒေါက်တာယောနသံရောဒနီသည်လည်း 'စိတ်ညို့ဆရာတစ်ဦး၏ လေ့လာစုံစမ်းမှုများ'ဟူသော စာအုပ်တွင် အင်နီဘောဂဏ အမည်ရှိသော အမျိုးသမီးတစ်ဦးသည် ပြင်သစ်ပြည်ကိုလည်း မရောက်ဖူး၊ ပြင်သစ်စကားကိုလည်း လုံးဝတတ်ကျွမ်းခြင်းမရှိသော်လည်း အိပ်မွေ့ချလိုက်သောအခါ၌ ပြင်သစ်စကားကို ကောင်းမွန်သွက်လက်စွာပြောနိုင်ပြီး ၁၇၉၄ ခုနှစ် ပြင်သစ်ပြည်၏ တော်လှန်ရေးအရေးတော်ပုံ၏ ခေါင်းဆောင်များအကြောင်းကို ကိုယ်တွေ့ကိုယ်သိအနေဖြင့် ပြန်လည်ပြောပြနိုင်သည်။ ထိုစဉ်အခါက ပါရီမြို့တော်တွင်ရှိခဲ့၍ ယခုအခါမရှိတော့သည့် လမ်းများနေရာများ၏ အမည်များကို မှန်ကန်စွာပြောပြနိုင်သည်။ သို့ရာတွင် အထက်ဖော်ပြပါ စာအုပ်စာတမ်းများသည် သုတေသန(သို့မဟုတ်)သိပ္ပံကျမ်းပြုစာပေများဖြစ်သည့်အတွက် လူသိမများခဲ့ချေ။





အမေရိကန်ပြည် ကော်လိုရာဒိုပြည်နယ် ပူဆလိုမြို့ စီးပွားရေးဘဏ် ဒါရိုက်တာတစ်ဦးဖြစ်ခဲ့သူ မော်ရီဘန်စတိန် သူဌေးတစ်ဦးသည် မိမိ၏ဝါသနာအလျောက် အိပ်မွေ့စိတ်ညို့အတတ်ကို (၁၀)နှစ်တာမျှ လက်တွေ့လေ့လာခဲ့သည်။ သူသည် စီးပွားရေး၊ ဘာသာရေး၊ နိုင်ငံရေး ကိစ္စရပ်အားလုံးတို့တွင် လုံးဝအပြစ်ကင်း၍ ကိုယ်ကျင့်တရားကောင်းမွန်သူဖြစ်သည်။ ပူဘလိုမြို့ပေါ်ရှိ သူ့ကို သိသူအပေါင်းတို့၏ ရိုသေလေးစားခြင်းကို ခံရသည်။ လူနာများကို မိမိ၏ စိတ်ညို့အိပ်မွေ့ချ အတတ်ပညာဖြင့် ဆေးကုရာ၌ ကုသိုလ်ဖြစ် ကူညီလေ့ရှိသည်။ ၁၉၅၆ ခုနှစ်တွင် မိတ်ဆွေများ၏ တိုက်တွန်းချက်အရ ယခင် ၃ နှစ်အတွင်းက မိမိအသံဖမ်းစက်များကိုအသုံးပြု၍ ခိုင်လုံသော သက်သေ ပရိသတ်များရှေ့တွင် အမျိုးသမီးတစ်ဦးကို အိပ်မွေ့ချ၍ စုံစမ်းလေ့လာခဲ့သော အပြောင်းကိစ္စတစ်ရပ်ကို 'ဘရိုက်ဒီမာဖီ၏ ရာပုံတော်'အမည်ဖြင့် စာအုပ်ထုတ်သည်။ အများဖတ်နိုင်သည့် ရသစာပေလည်းဖြစ်၍ ရက်သတ္တပတ်နှစ်ပတ်အတွင်း အကောင်းဆုံးစာအုပ်၊ ရောင်းအရွှဲဆုံးစာအုပ် စာရင်းဝင်သွားသည်။ ဘာသာစကားအမျိုးမျိုးကိုလည်း ပြန်ဆိုထုတ်ဝေရသည်အထိ အောင်မြင်ကျော်ကြားသွားခဲ့သည်။

'ဘရိုက်ဒီမာဖီ၏ရာပုံတော်'စာအုပ်သည် ရုစင်မွန်အမည်ရှိသော အမေရိကန်အမျိုးသမီးတစ်ဦးကို မော်ရီဘန်စတိန်က ၁၉၅၂–၅၃ ခုနှစ်များအတွင်း အိပ်မွေ့ချ၍ ဘဝဟောင်းအကြောင်းကို မေးမြန်းရာ၌ ပြန်ပြောင်း၍ပြောသမျှကို ရေးသားထားသောစာအုပ်ဖြစ်သည်။ ယခင်ဘဝက သူသည် ဘရိုက်ဒီဖြစ်ကြောင်း၊ သူ၏အဖေသည် ဘယ်လဖတ်မြို့တွင် ဒန်ကင်မာဖီအမည်ရှိ ရှေ့နေတစ်ဦးဖြစ်ကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



သူ၏အမိအမည်မှာ ကက်သလင်း၊ သူ၏အစ်ကိုအမည်မှာ ဒန်ကင်ဖြစ်ကြောင်း ပြောပြသည်။ ယခင်ဘဝ၏ အသက်ခုနစ်နှစ်အရွယ်မှစ၍ သေသည့်အထိ များစွာသောအကြောင်းအရာတို့ကို အပြည့်အစုံ ပြန်ပြောပြနိုင်လေသည်။ အသက် ၂၀ အရွယ်တွင် ဘယ်လဖတ်မြို့မှ ဘရိုင်ရင်မက်ကာသီအမည်ရှိသော ရှေ့နေတစ်ဦးနှင့် အိမ်ထောင်ကျကြောင်း၊ သူနေသော ကောက်မြို့မှ သူ့ခင်ပွန်းရှိရာ ဘယ်လဖတ်မြို့သို့ ထိုခေတ်က မီးရထားနှင့် မည်သို့မည်ပုံ သွားရပုံကို ပြောပြသည်။ ဘယ်လဖတ်မြို့တွင် သူ၏နေအိမ်သည် ခရစ်ယာန် ဗရင်ဂျီဘုန်းတော်ကြီးအုပ်ချုပ်သော စိန့်သရီးစာ ဘုရားရှိခိုးကျောင်းကြီးအနီးတွင်ရှိကြောင်း၊ သူ၏ခင်ပွန်းသည် ဗရင်ဂျီဘာသာ ကိုးကွယ်သော်လည်း ခရစ်ယာန် ဗရင်ဂျီဆန့်ကျင်ဂိုဏ်း ဘာသာဝင်တစ်ဦးဖြစ်ကြောင်း၊ ဘရိုင်ရင်မက်ကာသီသည် ဘယ်လဖတ်သိပ္ပံကျောင်းတွင် လက်ထောက်အချိန်ပိုင်း ကထိကအဖြစ် အမှုထမ်းကြောင်းကို ထွက်ဆိုသည်။ ထိုခေတ်ထိုအခါများ၌ အိုင်ယာလန်ပြည်တွင် နေ့စဉ်နေ့တိုင်း လူအများစားသောက်နေထိုင်ကြပုံကို အကျယ်တဝင့် ဖော်ပြနိုင်လေသည်။

ဤစာအုပ်ကို ထုတ်ဝေပြီးသည့်နောက်ပိုင်းတွင် အိပ်မွေ့ချ၍ ဘဝဟောင်းကို စုံစမ်းသည့်အကြောင်းအရာ စာအုပ်များ မှိုလိုပေါက်၍ ထုတ်ဝေခဲ့ကြသည်။ အမြို့မြို့အရွာရွာတို့တွင် ဘဝပြောင်းပြသနာကို ဆွေးနွေးလာကြသည်။ အိပ်မွေ့ချ စမ်းသပ်ကြသည်။ ရုပ်မြင်သံကြားအသံလွှင့်ရုံမှလည်း ပုဂ္ဂိုလ်အမျိုးမျိုးတို့က အိပ်မွေ့ချပညာကို တင်ပြကြသည်။





သိပ္ပံပညာရှင်များ၊ စိတ္တဗေဒသုတေသီများတို့သည် အိပ်မွေ့ချ (သို့မဟုတ်)စိတ်ညို့ပညာနှင့်ပတ်သက်၍ အောက်ပါအချက်အလက်များကို တွေ့ရှိရသည်။

၁။ အိပ်မွေ့ချခံရသူ၏ မှတ်ဉာဏ်တွင် အထူးကောင်းမွန်လာသည်။ ရှေးအခါက ဖြစ်ပေါ်ခဲ့သော ကိစ္စရပ်များကို ပြန်လည်မှတ်မိသည်။ ငုပ်နေသောစိတ်သည် အပေါ်ပြင်သို့ တက်လာသည်။

၂။ အိပ်မွေ့ချခံရသူသည် အိပ်မွေ့ချသူ၏ အမိန့်ဩဇာကို မသွေမတိမ်း နာခံသည်။ မိမိပင်ရင်းစိတ်၏ သတ္တိများသည် ခေတ္တအားဖြင့် ပျောက်ကွယ်နေသည်။

သို့ဖြစ်၍ လူဝင်စားဆိုသူသည် မိမိယခင်က ဖတ်ခဲ့ဖူးသော စာအုပ်၊ ကြည့်ခဲ့ဖူးသောရုပ်ရှင်၊ ကြားနာခဲ့ဖူးသော ပုံပြင်များကို အိပ်မွေ့အတွင်း မှတ်ဉာဏ်အထူးကောင်းမွန်လာသည့်အလျောက် ဘဝဟောင်းအကြောင်းများ အလိုလိုပြန်ပြောင်း ပြောကောင်းပြောမည်ဟု ယူဆကြ၏။ ထို့အပြင် လူတိုင်းပင် မိမိလက်ရှိဘဝနှင့်မတူ တစ်မူထူးခြား ကောင်းမွန်သောဘဝများကို အကြိမ်ကြိမ် စိတ်ကူးယဉ်တတ်ကြသဖြင့် အိပ်မွေ့ချသောအခါ၌ ယင်းစိတ်ကူးယဉ်တို့သည် အပေါ်ပြင်ကို တက်လာကြပြီး ဘဝဟောင်းအကြောင်းများအသွင်ဆောင်ကြသည်ဆို၏။

ငင်းအပြင် အိပ်မွေ့ချခံရသူသည် အိပ်မွေ့ချသူ၏ အမိန့်ဩဇာနာခံရသဖြင့် ဆရာ၏အကြိုက်ကိုလိုက်၍ လုပ်ဇာတ်ခင်းတတ်သည်ဟူ၍ဆို၏။ ဆရာတပည့်နှစ်ဦးတို့၏ စိတ်တို့သည် သာမန်ထက်ထူးကဲသန်မာစွာ ဆက်သွယ်နေသောကြောင့် စိတ်ညို့ဆရာ၏စိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကိုလည်း တပည့်ဖြစ်သူက ကောက်ယူပြီး ဘဝဟောင်းအဖြစ် ပြောပြရန်အကြောင်း ရှိလာသည်ဟုဆို၏။

ဒေါက်တာစတီဗင်ဆင်သည် မိမိကိုယ်တိုင်လည်းကောင်း၊ အခြားစိတ်ညှို့ပညာရှင်တို့၏ အကူအညီကို တောင်းယူ၍လည်းကောင်း ၈ ပုဂ္ဂိုလ် ၁၂ ဦးအား အိပ်မွေ့ချ၍ ဘဝဟောင်းအကြောင်းကို လေ့လာစုံစမ်းခဲ့သည်။ ထိုသူတို့သည် ငယ်စဉ်အခါက ရှေးဘဝအကြောင်းကို အနည်းနှင့်အများ အလိုအလျောက်ဖော်ပြခဲ့သော်လည်း ယခုအိပ်မွေ့ချ၍ မေးမြန်းသောအခါ၌မူ ဘဝဟောင်းအကြောင်းအရာ အချက်အလက်များကို ယခင်ကထက် ပိုမိုပြည့်စုံစွာ ပြည့်စွက်မပေးနိုင်ခဲ့ချေ။

သို့ဖြစ်၍ ဒေါက်တာစတီဗင်ဆင်သည် လူဝင်စားသုတေသနပြုရာ၌ အိပ်မွေ့ချနည်းစနစ်ကို မနှစ်ခြိုက်မကျေနပ်၍ အသုံးမပြုခဲ့ချေ။

စိတ်ညှို့ပညာ(ဝါ) အိပ်မွေ့ချနည်းနှင့်စပ်လျဉ်း၍ ဒေါက်တာစတီဗင်ဆင်က–

“ကျွမ်းကျင်မှုမရှိတဲ့ အိမ်တကာတွင် အိပ်မွေ့ချ၍ ဘဝဟောင်းအကြောင်းကို စမ်းသပ်နေကြတာ များသောအားဖြင့် အသုံးမကျပါ။ သူတို့ဘာလုပ်နေကြတယ်၊ ဘာဖြစ်လိမ့်မယ်ဆိုတာ မသိကြဘူး။ တကယ်ဆိုတော့ သူတို့ဟာ ငုတ်နေတဲ့စိတ်ကို ဖော်ထုတ်ပြီး စိတ်ကူးယဉ်ပုံပြင်ဝတ္ထုများကို ပြန်လည်ဖာတ်ခင်းနေတာပဲ။ တစ်ခါတလေ သူတို့ မတော်တဆ ဒုက္ခရောက်နိုင်တယ်။ တချို့လူတွေကျတော့ နာနာဘာဝဆိုတဲ့ ကိုစ္စရပ်များနဲ့ အမြဲတစေ တွေးလုံးရစ်ပတ်ဖြစ်နေတော့ သူတို့အစွဲကို ဖြတ်တောက်လို့ မရတော့ဘူး။ ဒီကိစ္စတွေနဲ့ပဲ စိတ်နောက်သွားတဲ့ လူတစ်ယောက်ကိုတောင် ကျွန်ုပ်တွေ့ဖူးတယ်။





ဒါကြောင့် ကျွန်ုပ်ကတော့ စိတ်ညှို့ပညာရပ်နဲ့ လူဝင်စားသုတေသနကို မပြုလုပ်တော့ပါဘူး”ဟု ဆိုလေသည်။

## ဆိုဗီယက်ပြည်ထောင်စုမှ အိပ်မွေ့ချပညာ

ဆိုဗီယက်ပြည်ထောင်စုနိုင်ငံတွင် လူဝင်စားပြဿနာကို လေ့လာစုံစမ်းရာ၌ ပကတိသဘာဝအတိုင်းမဟုတ်ဘဲ လူလုပ်သော ဘဝပြောင်းကိစ္စ(Artificial Reincarnation)အထူးအဆန်းတစ်မျိုးကို အိပ်မွေ့ချနည်းဖြင့် စမ်းသပ်ဆောင်ရွက်နေကြသည်မှာ အလွန်စိတ်ဝင်စားဖွယ်ဖြစ်၏။

မော်စကိုမြို့ ပရစိတ္တပညာ သုတေသနဌာန တစ်ခုတွင် ဒေါက်တာဗလာဒီမာအယ်လ်ရေးကော့ဖ်က ‘အေလာ’ဆိုသူ မော်စကိုသိပ္ပံကျောင်းသူတစ်ဦးအား အိပ်မွေ့ချ၍ ဤကဲ့သို့ နှုတ်ဖြင့်စေ့ဆော်ပေး၏။ “မင်းဟာ ရုရှားပြည်နာမည်ကျော် ပန်းချီဆရာကြီးရီပင်ဖြစ်တယ်။ မင်းဟာ ရီပင်လိုပဲ စဉ်းစားတွေးခေါ်တယ်။ မင်းဟာ ရီပင်လိုပဲကြည့်တယ် မြင်တယ်။ မင်းမှာ ရီပင်ရဲ့အရည်အချင်းတွေနဲ့ အားလုံးပြည့်စုံတယ်။ မင်းဟာ ရီပင်ပဲ”

အေလာသည် ရူပဗေဒပညာကို အဓိကဘာသာရပ်အဖြစ် သင်ယူလေ့လာနေသော တက္ကသိုလ်သိပ္ပံကျောင်းသူတစ်ဦးဖြစ်သည်။ အနုပညာကို လုံးဝဝါသနာမပါ၊ ပုံဆွဲလည်းမတတ်၊ သူရေးဆွဲသော လူပုံများသည် ကလေးသူငယ်များ ဟိုခြစ်ဒီခြစ်ဆွဲသော မီးခြစ်ဆံတုတ်ချောင်းပုံများနှင့်တူ၏။ သို့ရာတွင် သူမသည် သုံးလေးခါမျှ အိပ်မွေ့ချခံ၍ အမိန့်ပေးခြင်းခံရပြီးသောအခါ၌ သူ၏ခဲမင်ပုံကြမ်းများသည် သိသိသာသာကြီး တိုးတက်ကောင်းမွန်လာကြောင်း တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရ၏။ ဆယ်ကြိမ်မြောက် အိပ်မွေ့ချခံပြီးသောအခါ၌ အေလာသည် မိမိ၏စိတ်ဆန္ဒအရ ပုံဆွဲစာအုပ်ကို သွားလေရာရာ အမြဲကိုင်ဆောင်လေ့ ရှိလာလေသည်။ သူ့အား ဒေါက်တာရေးကော့ဖ်က ရီပင်အပြင် အာဘီနီမြို့မှ ကမ္ဘာကျော်ပန်းချီဆရာကြီး 'ရေဖလ်'ဖြစ်သည်ဟူ၍လည်း စိတ်ညို့၍စေ့ဆော်ပြီး ရုပ်ပုံများစွာရေးခိုင်းသည်။ သုံးလကြာမြင့်၍ (၂၅)ကြိမ်မြောက် ဤသို့သော သင်ခန်းစာများပြီးဆုံးသည့်အခါ အေလာသည် ယခင်က ခေတ္တခဏ ဘဝပြောင်းခဲ့ဖူးသော ရီပင်နှင့်ရေဖလ်တို့၏ ပန်းချီလက်ရာများနှင့် လုံးဝမတူတော့ဘဲ အလွန်တော်သော မဂ္ဂဇင်းသရုပ်ဖော်ပန်းချီဆရာတစ်ဦး ဖြစ်လာလေသည်။

အလားတူပင် ထိုသုတေသီကြီးက အင်ဂျင်နီယာတစ်ဦးအား အိပ်မွေ့ချ၍ "ခင်ဗျားဟာ နောင်တစ်ခေတ်မှာ အထူးထင်ပေါ်ကျော်စောမည့် တီထွင်မှုသိပ္ပံပညာရှင် တစ်ဦးဖြစ်တယ်။ ခင်ဗျားရဲ့အတွေ့အကြုံ ဗဟုသုတဖြင့် စကြာဝဠာခုံးပျံများကို ခတ်ပုံရိုက်နိုင်တဲ့ ကိရိယာပစ္စည်းတစ်ခု ရေးဆွဲနိုင်မှာပဲ" ဟူ၍ စေ့ဆော်ပေး၏။ ယင်းစေ့ဆော်ချက်ဖြင့် အင်ဂျင်နီယာက ရေးဆွဲသောပုံများကို နောင်အခါ မှန်မမှန်ဖြစ်မဖြစ် နှိုင်းယှဉ်စစ်ဆေးနိုင်ရန်အတွက် လုံခြုံသောနေရာများတွင် သိမ်းဆည်းထားသည်ဆို၏။ ဤသို့ပင် ငုပ်နေသောစွမ်းရည်သတ္တိများ၊ မြှုပ်နေသော ဘဝအဆက်ဆက်က အထုံဝါသနာပါရမီများကို အိပ်မွေ့ချပညာဖြင့် ပြန်လည်ဖော်ထုတ်၍ အသုံးချ၏။

ဤအိပ်မွေ့ချ၍ လူဝင်စားကိစ္စစုံစမ်းခြင်းနှင့် အလားတူသော လုပ်ငန်းတစ်ရပ် ရှိသေးသည်။ ယင်းကား သမထအားထုတ်၍လည်းကောင်း၊ ပင်ကိုဓာတ်ခံပါရမီ ရှိသောကြောင့်လည်းကောင်း၊ ဘဝ





ဟောင်းကို ပြန်လည်၍ တွေ့မြင်နိုင်သည်ဟူ၍ဆို၏။ ထိုသူတို့ကို ဗုဒ္ဓဘာသာကျမ်းဂန်တို့၌ ဇာတိဿရဉာဏ်ရသော ပုဂ္ဂိုလ်ဟုခေါ်၏။

အမေရိကန်ပြည်တွင် ၁၉၂၃ မှ ၁၉၄၅ ခုနှစ်များအတွင်းတွင် အက်ဂါကေစီ[၁] အမည်ရှိသော အကြားအမြင်ရ ပုဂ္ဂိုလ်ထူးတစ်ဦးသည် မိမိ၏စိတ်ကို ဘဝင်ကျ[၂]စေပြီး မိမိထံလာရောက်မေးမြန်းသူပေါင်း ၂၅၀၀ တို့၏ အတိတ်ဘဝဖြစ်ရပ်များကို ပြန်လည်ပြောဖူး၏။ ထိုသူတို့၏ တိမ်မြုပ်နေသော အထုံဝါသနာပါရမီများကို ထုတ်ဖော်ကာ ပိုမိုသင့်တော်၍ အဆင်ပြေမည့်လုပ်ငန်းများကို အကြံပေးလေ့ရှိသည်။ ရောဂါသည်များအားလည်း ယခင်ဘဝမှ အကြောင်းတရားတို့ကြောင့် ခံစားနေရသော ရောဂါဝေဒနာများ၏ အရင်းအမြစ်ကို စိတ်ဖြင့် စိစစ်ကြည့်ရှု၍ ဆေးညွှန်းနှင့် ကုထုံးကုနည်းများကို ဖော်ပြလေ့ရှိသည်။ ထိုကိစ္စရပ်အားလုံးလိုလိုပင် အောင်မြင်သည်ဟုဆို၏။

## လူ့ဝင်စားအပေါ်ယုံကြည်မှု

ရှေးဟောင်းတရုတ်စကားပုံတစ်ခုက ဤသို့ဆိုထားပါသည်။ 'မယုံကြည်သူများအတွက် ရှင်းပြ၍မရ၊ ယုံကြည်ပြီးသူများအတွက်မှာမူ ရှင်းပြရန်မလို' ဟူ၍ ဖြစ်ပါသည်။

လူဝင်စားရှိကြောင်း ယုံကြည်မှုမှာ ကမ္ဘာတစ်ဝန်းတွင် ပျံ့နှံ့နေသည်။ အလားတူပင် ယနေ့ အမေရိကန်ပြည်ထောင်စုတွင်လည်း လူဝင်စားရှိကြောင်း ယုံကြည်မှုမှာ များပြားလာနေသည်။ အမေရိကန်လူထု၏ ၂၃ ရာခိုင်နှုန်း(သို့မဟုတ်) အမေရိကန်လူမျိုးလေးဦးလျှင် တစ်ဦးက လူ့ဝင်စားကို ယုံကြည်ကြလေသည်။

---

၁။ Edgar Cayce ၂။ Trance



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ဇာတ်ကားများတွင်လည်း လူဝင်စားအကြောင်း တစ်စိတ်တစ်ပိုင်း ဖော်ပြရိုက်ကူးလာကြသည်။ ကြယ်တာရာစစ်ပွဲ(Star Wars)ရုပ်ရှင်ကားမှာဝင်လျှင် လူဝင်စားသဘောကို ရောနှောဖော်ဆောင်ပြသထားသည်။ အလားတူ ရောခ်တေးသီချင်းများတွင်လည်း လူဝင်စားအကြောင်း ဖွဲ့ဆိုထားကြသည်။ တီဗီ၊ ဗီစီဒီဇာတ်လမ်းများ၊ ရုပ်ရှင်ဇာတ်လမ်းတို့တွင်လည်း အလားတူပင် လူဝင်စား၏ကံကြမ္မာက နေရာယူလိုသည်ကို တွေ့ရသည်။ All of Me ဇာတ်ကားမှာ ဘဝပြောင်းပြီး လူဝင်စားဖြစ်လာရသည်ကို သရုပ်ဖော်ထားသည်။ ဟောလိဝုဒ်ရုပ်ရှင် နယ်ပယ်မှ နာမည်ကျော်ပုဂ္ဂိုလ် တော်တော်များများတို့တွင်လည်း မိမိတို့ကိုယ်ကို လူဝင်စားဟု ထင်မှတ်ထားကြသူများ ရှိကြသည်။ ဂလင်းဖို့ဒ်သည် ရှေးခေတ်အခါက ခြသေ့်စာအကျွေးခံရသည့် ခရစ်ယာန်သူတော်စင်သူရဲကောင်း ဖြစ်ခဲ့ဖူးသည်ဟု ဆို၏။ လောရက်တားလင်းသည်လည်း ယခင်ဘဝက ဘုရင့်သမီးတော်မင်းသမီးတစ်ပါး ဖြစ်ခဲ့ဖူးသည်ဟုဆိုသည်။ ရှယ်လီမက္ကလင်းသည် ပြင်သစ်ဘုရင် လူဝီ-၁၅၏ခေါင်းဖြတ်သတ်ခြင်းကို တစ်ဘဝ၌ခံခဲ့ရသည်။ အလားတူပင် အက်ရှင်ရုပ်ရှင်မင်းသား ဆီလ်ဗက်စတားလုံးသည်လည်း ပြင်သစ်တော်လှန်ရေးကာလက ခေါင်းဖြတ်သတ်ခြင်း ခံခဲ့ရသည်ဟု ယုံကြည်ထားကြသည်။

လူဝင်စားနှင့်ပတ်သက်၍ မူရင်းအစ ယုံကြည်မှုမှာ အရှေ့တိုင်းတွင် မြစ်ဖျားခံသည်။ လူဝင်စားယုံကြည်မှု၏ ရေသောက်မြစ်မှာ အရှေ့တိုင်းပင်ဖြစ်သည်။

လူဝင်စားဟူသည် လူတစ်ဦးတစ်ယောက် သေဆုံးပြီး နောက်ဘဝ အသစ်တစ်ဖန် ပြန်၍ပြန်၍ ထပ်ခါထပ်ခါ ဖြစ်ရခြင်းမျိုးဖြစ်သည်။ တစ်နည်းအားဖြင့် အဆုံးမရှိသည့် ပြန်လည်မွေးဖွားရခြင်းပင်ဖြစ်သည်။

လူဝင်စားအပေါ် ယုံကြည်မှုနှင့်ဖြစ်ရပ်တို့မှာ ထူးခြားဆန်းကြယ်လှသဖြင့် တစ်ချိန်က အမေရိကန်ပြည်ထောင်စုအပါအဝင် အနောက်နိုင်ငံများတွင် လူဝင်စားနှင့်ပတ်သက်၍ သိနားလည်နိုင်ရန် ခက်ခဲခဲ့သော်လည်း ယခုအခါ သုတေသီတို့၏ သက်သေပြချက်တို့အရ အသင့်အတင့် ယုံကြည်လက်ခံနေကြပေပြီ။

မည်သို့ပင်ဖြစ်စေ စာရေးသူအနေဖြင့် ဤအခန်းကို စာရေးဆရာ 'ကိုကိုမောင်'၏ မဟာအချစ်ခရီးသည် စာအုပ်ပါ ကောက်နုတ်ချက်ဖြင့် နိဂုံးချုပ်လိုက်ပါသည်။

တကယ်လို့များ ဘဝအဆက်ဆက်ဆိုသော ဘဝသံသရာကြီးသည် အကယ်ပင်ရှိလေငြားအံ့။

ယင်းသံသရာကြီးကို ကျွန်ုပ်ကြုံဆိုလိုပါ၏။ နောင်တမလွန်ဘဝသည် ဧကန်ရှိနေသည်ဖြစ်အံ့။

ယင်းဘဝသို့ ကျွန်ုပ်ရောက်လို၏။

အကယ်တန္တု တစ်ခုခုသော ဘဝသစ်တစ်ဆက်တွင် ကျွန်ုပ်၏ချစ်သူကို တွေ့ရမည်ဧကန်ဖြစ်အံ့။ ယင်းဘဝသို့ ကျွန်ုပ် အရောက်သွားမည်။

❑





www.burmeseclassic.com

www.burmeseclassic.com

# နာမ်လွှတ်ခရီးနှင်ခြင်းကား မည်သို့နည်း?

## How about astral travel?

'စိတ်နယ်လွန်' (သို့မဟုတ်) 'သဘာဝနယ်လွန်ဖြစ်ရပ်များ' အား လေ့လာခြင်းကို 'ဂမ္ဘီရနယ်' သို့ သွားရောက်ကျက်စားခြင်းဟု ယေဘုယျသဘောအားဖြင့် ခေါ်နေကြသည်။

ကျွန်ုပ်တို့သည် လွန်ခဲ့သော အနှစ် ၂၀ ကျော်ကျော်က 'လော့ပ်ဆန်းရမ်ပ'[၁] ဆိုသူ ရေးသားထုတ်ဝေခဲ့သော စာအုပ်များကို ဖတ်ခွင့်ကြုံရာမှ 'သဘာဝနယ်လွန်'[၂] ဖြစ်ရပ်များကို စိတ်ဝင်စားလာလေသည်။

ထိုသူရေးသောစာအုပ်များမှ 'နာမ်လွှတ်ခရီးနှင်ခြင်း'[၃] ဟူသော ဝေါဟာရကို အထူးစိတ်ဝင်စားမိပေသည်။

'လာဆာမြို့မှဆရာဝန်'[၄] ဟူသော စာအုပ်ကို ဖတ်ရှုပြီးသော် ထိုစာရေးသူအား ကျင့်ကြံအားထုတ်ထားသော ပုဂ္ဂိုလ်ထူးပေပဲဟု အထင်ပင်ရောက်ခဲ့ရသည်။

၁။ LOBSANG ROMPA
၂။ SUPER NATURAL
၃။ ASTRAL TRAVELLING
၄။ DR. FROM LARSAR





'ရမ်ပ'ကား စာရေးသားကောင်းသူ တစ်ယောက်ဖြစ်၏။ ထိုသော် မကြာခင်က ဖတ်ရသော စာအုပ်တစ်အုပ်[၁] ပါ အောက်ပါ မှတ်ချက်အရကား ထိုသူကို တစ်မျိုးမြင်ရပြန်၏။

ထိုစာအုပ်၏ မှတ်ချက်မှာ ဤသို့။

(ထိုစာအုပ်ကို ပြုစုသူကလည်း 'တစ်ဘစ်' မဂ္ဂဇင်း၏ ဖော်ပြချက်ကို ထပ်ဆင့်ဖော်ပြကာ မိမိ၏စေတနာကို ထပ်ဆင့်ထားပေ၏)

"××ရမ်ပသည် တိဗက်လည်းမဟုတ်၊ တိဗက်လည်း မရောက်ဖူးသော သူလိုငါလို ပိုက်ပြင်သမားတစ်ဦးသာ ဖြစ်သည်ဟု 'တစ်ဘစ်' မဂ္ဂဇင်းက ရေးသားထားသည်။ 'တစ်ဘစ်' ရေးသားချက်များ မှန်သည်မှားသည် မဝေဖန်လိုသော်လည်း အချက်တစ်ခုမှာ သေချာသည်။ ထိုအချက်ကား ရန်ပသည် လောကီပညာစာအုပ်များကို ရေးသားသော စာရေးဆရာဖြစ်သည်။ သူကိုယ်တိုင်ကမူ လောကီပညာရှင်(ဝါ) ဂန္ဓာရီပညာရှင်မဟုတ်သော အချက်ပင်ဖြစ်သည်။ ရန်ပအကြောင်း ရေးရသည်မှာ သူ့အား ထိခိုက်နစ်နာစေလိုသောကြောင့်မဟုတ်၊ ရန်ပစာကို အဟုတ်ထင်၍ လိုက်ကျင့်ကြံပြီး ရေလိုက်လွဲနေသူအချို့ကို သနားသဖြင့် စေတနာဖြင့် ဖော်ပြလိုက်ရခြင်းဖြစ်သည်။"

ထိုအရေးအသားအရ စာရေးကောင်းကောင်းဖြင့် ဖော်ပြခဲ့သော 'လာဆာမြို့' ကျောင်းတော်ကြီး၏ ခေါင်မိုးပေါ်မှ သာမဏေနစ်ပါး၏အကြောင်းကို ဖော်ပြရန် လက်တွန့်မိတော့သည်။

ကျွန်ုပ်တို့မကြာမီက လေ့လာဖတ်ရှုရသောဆရာမောင်ကျော်

၁။ မောင်ကျော်တိုင်၏ စိတ်တန်ခိုးကိုလေ့လာခြင်း



www.burmeseclassic.com

www.burmeseclassic.com



တိုင်၏ 'စိတ်တန်ခိုးကိုလေ့လာခြင်း' စာအုပ်၌ 'စွယ်စုံကျော်ထင် တန်ခိုးရှင် ဒေါက်တာကင်နွန်အကြောင်းဖော်ပြရာ၌–

စိတ်တန်ခိုးကိုလေ့လာရေးတွင် မပါလျှင်မဖြစ်သော 'ခန္ဓာကိုယ်ခွဲများ' အကြောင်းကိုလည်း ဒေါက်တာကင်နွန် လေ့လာခဲ့သည်။ ခန္ဓာကိုယ်တွင် သက်စောင့်ခန္ဓာကိုယ်(ဝါ) ကမ္မဇီဝိတရုပ်(ကမ္မဇိဒ္ဓိရုပ်)ခန္ဓာကိုယ်ရှိသည်။ ၎င်းကိုပင် ကုလားများက (ပရာဏဓာတ်)ဟု ခေါ်သည်။ ဤခန္ဓာကိုယ်သည် လူ၏ကျောမှုင်ရိုးတစ်လျှောက်တွင် တည်ရှိပြီး တစ်ကိုယ်လုံးပျံ့နှံ့တည်ရှိသည်။ အသည်း၊ အရည်၊ အခိုးဟူ၍ ရုပ်ဝတ္ထုသည် အသွင်သုံးရပ်ဖြင့် တည်ရှိသည်။ နောက်ထပ်စတုတ္ထအသွင်တစ်ရပ်ဖြစ်သော ဤကမ္မဇီဝိတရုပ်(ကမ္မဇိဒ္ဓိရုပ်)ခေါ် 'အကြည်' ဓာတ်ရုပ်သည် စိတ်နှင့်ကိုယ်ကြားတွင် အောင်သွယ်ဖြစ်သည်။ စိတ်ကစေခိုင်းရာတွင် ဤရုပ်နုက လိုက်နာပြီးမှ ခန္ဓာကိုယ်ရုပ်ကြမ်းသို့ ရောက်ခြင်းဖြစ်သည်။

ဒေါက်တာကင်နွန်က လူထုပရိသတ်အား အောက်ပါအတိုင်း ပြောကြားခဲ့သည်ကိုလည်း မှတ်သားစရာဖြစ်ပါသည်။

"ခင်ဗျားတို့က တကယ်ရှိတဲ့ ရုပ်ဒြပ်လို့သိနေတဲ့ ကမ္ဘာမြေကြီးနဲ့ ရုပခန္ဓာကိုယ်ကြီးထက် မိုပြီး အဟုတ်တကယ်ရှိတဲ့အရာဟာ စိတ်ပါပဲ။ ရုပ်ခန္ဓာတွေ၊ ပစ္စည်းတွေဟာ ကာလကြာညောင်းရင် ပြောင်းလဲပျက်စီးသွားသော်လည်း စိတ်က တည်မြဲလျက်ရှိတယ် ဆိုတာပါပဲ"

ဤဟောပြောချက်များအရ ကျွန်ုပ်တို့သည် 'ဗဟိဒ္ဓအမြင်' အားဖြင့် (ရုပ်ကြမ်း)ကို မြင်နိုင်သော်လည်း (ရုပ်နု)ကိုကား အလွယ်တကူ မမြင်နိုင်ပေ။ အဆင့်မြင့်ပြီး စိတ်တန်ခိုးရရှိထားသော ဂမ္ဘီရ





ပညာရှင်သည် မိမိ၏ ရုပ်နု၊ရုပ်ပွားကိုစေလွှတ်၍ နာမ်လွှတ်ခရီးကို နှင်တတ်လေသည်။

ဤအကြောင်းကို 'သဘာဝလွန် ဖြစ်ရပ်မှန်ဇာတ်လမ်းများ' (True Tales of the Supernatural)စာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြ ထားသည်။

ဝေးလံသောနေရာများသို့ အလွန်ထူးခြားအံ့ဩဖွယ်ကောင်းသော အာရုံသိတရား[၁] အရ မိမိ၏ရုပ်ကြမ်းခန္ဓာမှ ခွဲထွက်၍ "နာမ်လွှတ်ခရီး"[၂] နှင်တတ်သည်။ နာမ်လွှတ်ခရီးနှင်[၃]ခြင်း၊[၄] စိတ်တန်ခိုးနှင့် နာမ်လွှင့်ခြင်း[၅]၊ ဝိညာဉ်ခရီးနှင်ခြင်း[၆] စသည်ဖြင့် အမျိုးမျိုးခေါ်ဆိုကြသော်လည်း မိမိ၏ရုပ်ကြွင်းခန္ဓာမှ ရုပ်နု၊ရုပ်ပွားများကို စေလွှတ်၍ ပတ်ဝန်းကျင်သို့ လှည့်လည်ကျက်စားခြင်းပင် ဖြစ်သည်။

ဤအခေါ်အဝေါ် ဝေါဟာရများမှာ လူ၏အတွေးအခေါ်ပေါ်တွင် မူတည်လေသည်။ ဝိညာဉ်လွင့်ခရီးနှင်ခြင်းကိုကား အလွယ်တကူ လက်ခံနိုင်ဖွယ်ရာကား မဟုတ်ချေ။ အကြောင်းမူ အချို့သော ဘာသာတရားများက ဝိညာဉ်သည် ခန္ဓာကိုယ်တစ်ခု စတင်မွေးဖွားလာစကပင် ထိုခန္ဓာကိုယ်ထဲတွင် ဝင်ရောက်ကိန်းအောင်းနေသည်။ သေဆုံးသောအခါမှ ထိုခန္ဓာမှ တစ်ခါတည်းထွက်ခွာသွားသည်ဟု ယုံကြည်ကြသည်ဖြစ်ရာ ဝိညာဉ်သည် နှစ်နေရာခွဲ၍ ကျက်စားသည်ဟူသော အယူအဆကို လက်မခံနိုင်သေးသောကြောင့် ဖြစ်၏။

---

၁။ AMAZING PHENOMENA
၂။ ASTRAL TRAVELLING
၃။ ASTRAL TRAVEL
၄။ PSYCHIC PROJECTION
၅။ SOUL TRAVEL
၆။ BI-LOCATION



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်ခန္ဓာကိုယ်ဟု အလွယ်ခေါ်လိုက်ရခြင်းမှာ ထိုခန္ဓာသည် ရူပက္ခန္ဓာ[၁] မှ ခွဲထွက်ပြီး ပြင်ပသို့ကျက်စားရာတွင် အထည်ဒြပ် မရှိသောကြောင့်ပင်ဖြစ်၏။

ထိုသို့ ရူပက္ခန္ဓာမှခွဲထွက်၍ 'မနောရုပ်၊မနောခန္ဓာ'[၂] အဖြစ်လှည့်လည်ကျက်စားသော သာဓကအများအပြားရှိခဲ့သည်။ ရှေးဟောင်းစာပေများတွင် လူတစ်ဦးတစ်ယောက်၏ 'ရူပက္ခန္ဓာ'နှင့် 'မနောခန္ဓာ' တို့ကြားတွင် ငွေရောင်ကြိုး[၃] ဆက်သွယ်ထားကြောင်း၊ ထိုကြိုးကို ဖြတ်လိုက်ပါက 'ရူပက္ခန္ဓာ'နှင့် 'မနောခန္ဓာ'တို့ လုံးဝဆက်သွယ်ခွင့် မရတော့ဘဲ 'မနောခန္ဓာ'သည် စကြာဝဠာထဲသို့ ထာဝရလွင့်သွားတော့၏ဟု အချို့ကျမ်း[၄]များတွင် ရေးသားဖော်ပြထားသည်။

အောက်တွင် 'နာမ်လွှတ်ခရီးနှင်ခြင်း'သာဓကအချို့ကို တင်ပြလိုက်ပါသည်။

အသက်(၁၈)နှစ်အရွယ် လူငယ်လေးတစ်ယောက်၏အကြောင်း ဖြစ်သည်။

သူသည် အိပ်ရေးဝဝအိပ်ပြီးသော် အိပ်ရာမှထ၍ နံနက်စာစားလေသည်။ ထမင်းစားပြီးသော် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ပြီး လာလည်မည်ဖြစ်သော သူငယ်ချင်းတစ်ယောက်ကို စောင့်မျှော်နေသည်။

ခေတ္တစောင့်နေပြီးနောက် သူသည် ကုလားထိုင်မှ တံခါးပေါက်ကြီးသို့ လျှောက်သွားပြီးသော် သူငယ်ချင်းလာမလာကို ကြည့်လိုက်

---

၁။ PHYSICAL BODY
၂။ PSYCHIC BODIES
၃။ SILVER CORD
၄။ PEACE OF SOUL





လေသည်။ ထိုသို့ ခေတ္တကြည့်ရှုပြီးနောက် မူလထိုင်နေရာ ကုလားထိုင်သို့ ပြန်လာလေသည်။

ဤတွင် သူသည် အံ့သြစရာအဖြစ်အပျက်တစ်ခုနှင့် ကြုံရ၏။ ...အဆိုပါကုလားထိုင်တွင် ထိုင်နေသူမှာ သူမှ သူအစစ်။

ဖြစ်ပုံမှာ–

သူသည် ကုလားထိုင်မှတကယ်မသွားဘဲ ဆိုလိုသည်မှာ သူ၏ ရူပက္ခန္ဓာက ကုလားထိုင်မှမခွာခဲ့။

အမှတ်တမဲ့ ထွက်သွားသည်မှာ သူ၏ 'မနောခန္ဓာ'သာ ဖြစ်လေသည်။

ဤသို့ကြုံရွယ်ချက်မပါသော အမှတ်တမဲ့ဖြစ်ရပ် နောက်တစ်ခုကို ဖော်ပြပါဦးမည်။

လူတစ်ယောက်သည် (နီပေါ)တွင် လမ်းလျှောက်နေသည်။ သူသည် အပေါင်းအဖော်များနှင့်အတူ တောင်တစ်လုံးပေါ်တွင် လမ်းလျှောက်နေခြင်းဖြစ်သည်။

ထိုစဉ်တွင် သူ၌ ထူးခြားသော မြင်ကွင်းတစ်ခုကို မြင်တွေ့ရသည်။ ...သူသည် တောင်မြင့်တစ်နေရာမှ အောက်ဘက်မှ သူနှင့်သူ့သူငယ်ချင်းများ တက်လာနေသည်ကို မြင်နေရခြင်းဖြစ်သည်။

ဤကား လျှပ်တစ်ပြက်အမြင်အားဖြင့် 'မနောခန္ဓာ'သည် 'ရူပက္ခန္ဓာ'မှ ခွာသွားခြင်းဖြစ်သည်။

ဖော်ပြပါဖြစ်ရပ်များကား တခဏပဟာန်(လျှပ်တစ်ပြက်) (ဗိုးတဝါး)ဖြစ်ပေါ်မှုများပင်ဖြစ်လေသည်။

အောက်တွင်ဖော်ပြမည့်ဖြစ်ရပ်များကား ပိုမိုတိကျ၍ မှတ်တမ်းတင်လောက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လှူငယ်တစ်ယောက်သည် သူ့မိခင်ထံမှ စာတစ်စောင်ရရှိသည်။ စာထဲတွင် ရေးသားထားချက်များကိုဖတ်ပြီးသော် သူအံ့ဩနေသည်။

ရက်စွဲအတိအကျဖော်ပြထားသော နေ့တစ်နေ့တွင် (သူသည်) အခန်းအလယ်တွင် ရပ်နေသည်ကို သူမ(အမေ)မြင်ရလေသည်တဲ့။

သူ၏ခန္ဓာကိုယ်မှာ ဖောက်ထွင်းမြင်ရလောက်အောင် ကြည်လင်နေသည်။ သို့သော် သူ့အသားအရေမှာ ဓါတ်ပုံထက် ပို(မည်း)နေသည်တဲ့။

(အမေ)က သူ့ကို စကားပြောရန် ကြိုးစားသည်။ သူကလည်း ရပ်နေရာမှ စကားပြောရန် ဟန်ပြင်သည်။

သို့သော်–

သူ၏နှုတ်မှ စကားတစ်လုံးမှ ထွက်မလာ။

(အမေ)သည် ကြောက်လန့်လာသဖြင့် (အဖေ)ကို အော်ခေါ်လိုက်သည်။

အဖေရောက်လာတော့ သူမရှိတော့ပြီ။

လှူငယ်က ထိုအဖြစ်အပျက်များကို ပြန်စဉ်းစားသည်။ သူသည် မိဘများနှင့် ငယ်ဘဝကို ပြန်သတိရကာ သွားချင်သောစိတ် စိုးမိုးနေဆဲ အိပ်ပျော်သွားသည်။ ထိုစဉ်တွင် သူ၏ခန္ဓာမှ (ရုပ်နု/မနောရုပ်ခွဲ)က သွားရောက်လည်ပတ်ခဲ့ခြင်းဖြစ်သည်။

မြန်မာဂန္ဓာရီပညာနယ်ပယ်တွင် ဤသို့သောဖြစ်ရပ်များကား မဆန်းတော့ပြီ။ ဆင်ဖြူများရှင်၏ နန်းဦးဆရာတော်သည် (သမထ/ဝိပဿနာ)ကို လေ့ကျင့်နေသော 'စရဏ'နှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်ကြီး

၁။ ရုပ်ခန္ဓာနှင့်ပုဂ္ဂိုလ်ထူးများ





ဖြစ်သည်။ ဆရာတော်သည် ကျောင်းတွင်နေစဉ်ပင် ပဲခူးစံနန်းတော်၌ (ဘုရင့်နောင်)နတ်ရွာစံသည်ကိုသိနေကာ နတ်ရွာစံချိန်၌ (အို... အဖ) ဟု ရေရွတ်မိကြောင်း၊ ထိုသို့ရေရွတ်မိသည်ကို သာမဏေတစ်ပါးက မှတ်သားထားရာ (အာမေဍိတ်ပြုသည့်နေ့စွဲနှင့် နတ်ရွာစံသောနေ့/အချိန်)တူညီနေသည်ကို နောင်တွင်သိရကြောင်း စာအုပ်တစ်အုပ်တွင် ဖတ်ရသည်။

ကျွန်ုပ်တို့သည် နာမကျန်းဖြစ်ကာ မျောနေသူတစ်ဦးသည် အတန်လှမ်းသော မိမိ၏လယ်တောအိမ်တွင် ပန်းကန်ခွက်ယောက်များ ဆေးကြောနေသည်ကို မြင်ရကြောင်း၊ ငယ်စဉ်က အဘွားထံမှ နားယောင်ခဲ့ရရာ 'မနောခန္ဓာ' ခေတ္တခွာခြင်းဟု နောင်တွင်သိလာရသည်။ ရှေးလူကြီးများကမူ 'လိပ်ပြာကူးသည်'ဟု ခေါ်ကြလေသည်။

ဤသို့လျှင် 'ရုပ်ကြွင်းခန္ဓာကိုယ်[၁]/ ရူပက္ခန္ဓာ'မှ 'ရုပ်နုခန္ဓာ/ မနောခန္ဓာ/အကြည်ရုပ်ခန္ဓာသည် ခွာတတ်၏။ အဆင့်မြင့် ဂန္ဓာရီပုဂ္ဂိုလ်တို့က ခွာစေနိုင်သောစွမ်းအား ရှိတတ်လေသည်။

❑

၁။ PHYSICAL BODY ၂။ COMMON

www.burmeseclassic.com

www.burmeseclassic.com

# အံ့ဖွယ်ကုသမှု

## (The Amazing Healing)

အိမ်မြှောင်လျှော့တစ်ကောင်[၁]ကို ၎င်း၏အမြီးမှကိုင်ကာ ဖမ်းလိုက်သည် ဆိုပါစို့။ ထိုသတ္တဝါလေးသည် ဘာလုပ်မည်ထင်သနည်း။

သင်၏လက်ထဲတွင် အမြီးတစ်စကိုထားခဲ့ကာ (ထိုသတ္တဝါလေး)သည် အလွတ်ရုန်းကာ ထွက်ပြေးသွားပေမည်။ ထိုအချိန်ကာစ၍ ၎င်းသည် ကလေးတွေခေါ်သကဲ့သို့ (အမြီးပြတ်အိမ်မြှောင်၊ အိမ်မြှောင်အမြီးပြတ်)ဖြစ်လာပေမည်။

ထိုသတ္တဝါလေးသည် အမြီးပြတ်ဘဝတွင်ပင် ထာဝစဉ်နေထိုင်သွားသလော။ ထိုသို့ကားမဟုတ်၊ မကြာမတင်မှာ ၎င်း၏ ငုံ့တိုတိအမြီးပြတ်နေရာတွင် 'အမြီးသစ်'ပြန်ပေါက်လာလေသည်။

ကျွန်ုပ်တို့တွင်ရော မိမိဘာသာမိမိ ကုသနိုင်သော စွမ်းရည်

---

၁။ COMMON HOUSE LIZARD





ရှိသလော။ မည်ကဲ့သို့ ကုသသနည်း။ ထိုမေးခွန်းများကို အကျဉ်းချုပ်ဖြေရသော်–

ထိုသို့ ကုသနိုင်သောစွမ်းရည် ရှိပါသည်ဟူ၍ပင်။

ဤအဖြေမှာ မှန်လှပေသည်။ သက်ရှိအရာဝတ္ထုများ၊ သစ်ပင်များနှင့် တိရစ္ဆာန်များတွင် မွေးကတည်းကပင် ပါလာသော အရည်အသွေး[၁] (ဗီဇစွမ်းရည်)ကြောင့် မိမိတို့ဘာသာ ကုသနိုင်ပေသည်။ သက်ရှိသတ္တဝါတို့တွင် (ဒဏ်ရာအနာတရ)များကို ပျောက်ကင်းအောင် ကုသနိုင်သော (အရှုတ္တတန်ခိုး)[၂] ရှိဟန်တူပေသည်။ လူသတ္တဝါတို့တွင် သေးငယ်သော အခက်အခဲပြဿနာများအတွက် မိမိဘာသာ ပျောက်ကင်းအောင် ကုသနိုင်ပါသည်။ ပြင်းထန်သော ဝေဒနာများခံစားရပါမူကား ကျွန်ုပ်တို့တွင် သိပ္ပံဆိုင်ရာ ဆေးဝါးကုသမှု[၃]ကို ခံယူရန်မှတစ်ပါး အခြားမရှိတော့ပြီ။

ဤသို့သော အခြေအနေနှင့် ကြုံကြိုက်ရပါမူလည်း လူတိုင်းလိုပင် ခေတ်မီဆေးရုံဆေးခန်းများ[၄]သို့ သွားရောက်ကာ ကုသမှုကို ခံယူကြသည်ဟူ၍ကား မမှတ်ယူအပ်ပေ။ ယဉ်ကျေးမှုမဖွံ့ဖြိုးသေးသော ရှေးပဝေသဏီ[၅]ကပင် ယနေ့ခေတ်သစ် ဆရာဝန်များနှင့်တန်းတူ အနာရောဂါပျောက်ကင်းအောင် ကုသပေးနိုင်သော ကုထုံးစနစ်များ[၆] ရှိခဲ့ကြသည်။

ယနေ့တိုင်အောင်ပင် လူမှုအဖွဲ့အစည်းတော်တော်များများ

---

၁။ INNATE ABILITY
၂။ INNER POWER
၃။ MEDICAL SCIENCE
၄။ MODERN MEDICAL FACILITIES
၅။ PRIMITIVE TIMES
၆။ SYSTEM OF HEALING



www.burmeseclassic.com

www.burmeseclassic.com



သည် မိမိတို့ခံစားနေရသော ရောဂါဝေဒနာကုသရေးအတွက် မှော်ဆရာ[၁] အစရှိသော သမားရိုးကျအစဉ်အလာ သမားတော်များ[၂] ထံ သွားရောက်ကုသမှုကို ခံယူကြခဲ့ဖြစ်သည်။ ထိုထိုသော သမားတော်များမှာ မိမိတို့ထံရောက်လာသော လူနာများကို ပျောက်ကင်းအောင် ကုသကြလေသည်။ သူတို့သည် ရောဂါသည်းသူများကိုပင် ပျောက်ကင်းအောင် ကုသပေးနိုင်ကြပေသည်။ ယုံကြည်မှု သို့မဟုတ် စိတ်တန်ခိုးဖြင့် ကုသသူအချို့သည် မိမိတို့၏လက်ချောင်းများကို အသုံးပြု၍ ခွဲစိတ်ကုသမှုကို ပြုလုပ်ကြသည်။

'ဖိလစ်ပိုင်'နှင့် 'ဘရာဇီးလ်'တွင် ထိုသို့သော 'ဧစ'တစ်လုံးပိုင်ရှင် (ပျောက်စေဆရာများ)ကို တွေ့နိုင်သည်။ စင်စစ်ဆိုရသော် မိမိတို့ရရှိထားသော စိတ်တန်ခိုး(မနောစွမ်းအား)ဖြင့် ကုသသူတို့သည် 'ဖိလစ်ပိုင်'၊ 'အမေရိက'နှင့် 'အိန္ဒိယပြည်'အနှံ့အပြားတွင် ယခုတိုင်ရှိသည်။

ဖိလစ်ပိုင်တွင် ဤကဲ့သို့ယုံကြည်မှုဖြင့် ကုသခြင်း[၄]ကား သမားရိုးကျ အစဉ်အလာတစ်ရပ်ဟု သတ်မှတ်ထားကြသည်။

['ယုံကြည်မှု'ဟူရာ၌ သက်ဆိုင်ရာ နတ်ဒေဝတာတစ်ပါးပါးထံမှ တန်ခိုးဣဒ္ဓိ[၅]ကိုယူ၍ (ကိုယ်စား)ကုသခြင်းကို ဆိုလိုသည်။ မြန်မာပြည်တွင်လည်း (အရိယာဝိဇ္ဇာ)[၆]များထံမှ (စ/မ)စသည်တို့ခံယူ၍ ကုသခြင်းဖြစ်ဟန်ရှိသည်။ **စကားချပ်**]

---

၁။ WITCH DOCTORS　　၂။ BOBOHS
၃။ SHAMANC　　၄။ FAITH HEALING　　၅။ PSYCHIC POWER
၆။ BEINGS FROM SUPER NATURAL DOMAIN HOLDING HIGHER PSYCHIC POWER'S



ကမ္ဘာအနှံ့အပြားတွင် ဝေဒနာရှင်များကို အခမဲ့လှူဒါန်းလည်း ကုသပေးနေသူ စိတ်တန်ခိုးရှင်များရှိပါသည်။ သို့သော် 'ခမဲ့ပြာနှင့်ငွေ'၊ 'ကြေးနှင့်ရွှေ'၊ 'အတုနှင့်အစစ်'ကိုကား ခွဲခြားသိရှိနိုင်ရန် လိုပေသည်။

အောက်တွင် စိတ်တန်ခိုးရှင်အချို့ ဆေးဝါးမပါ 'ယုံကြည်မှု'သက်သက်ဖြင့် ကုသပေးသူအချို့ကို ဖော်ပြလိုက်ပါသည်။

## တိုနီ၊ အဂ်ပါအိုဝါ (TONY AGPAOA)

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အနီး ကျေးရွာငယ်အရပ်တွင်နေ၍ စိတ်တန်ခိုးဖြင့် ဝေဒနာသည်များကို ကုသပေးနေသည်။ ၎င်းစိတ်တန်ခိုးဖြင့် ခွဲစိတ်ကုသမှုကိုပင်ပြုလုပ်သည်။ ဖိလစ်ပိုင်မှ ထင်ပေါ်ကျော်ကြားသူများ၊ သိပ္ပံပညာရှင်များ၊ အနောက်နိုင်ငံမှ အချို့သောပုဂ္ဂိုလ်များသည် ကိုယ်တိုင်လာရောက်၍ သူ၏ခွဲစိတ်ကုသမှုကို လေ့လာသည်။ တိုနီသည် မိမိ၏လက်ကိုအသုံးပြု၍ လူနာ၏ ဝမ်းဗိုက်အတွင်းမှ မကောင်းသော အစိတ်အပိုင်းများကို ဆွဲထုတ်နေသည်ကို သူတို့မြင်တွေ့ကြရသည်။ သွေးစို့လာသော်လည်း လူနာကား နာကျင်မှုရှိဟန်မတူပေ။ လူနာကို ဒုက္ခပေးနေသော (အကြိတ်)ကို ဆွဲထုတ်လိုက်ပြီးသော် လူနာ၏ဝမ်းဗိုက်ကို (ပကတိ)အနေအထားရောက်အောင် ပြန်လုပ်ပေးသည်။ သို့ဖြင့် သွေးမထွက်တော့။ ခွဲစိတ်ထားသည့်အရာမျှပင် မကျန်တော့ပေ။ ခွဲစိတ်ကုသမှုမှာ ငါးမိနစ်ခန့်သာကြာသည်။

လူနာက ကျေးဇူးတင်စကားဆိုကာ ထွက်သွားလေတော့၏။

သူ့အကြောင်းကို ၁၉၇၁ ခုနှစ်၊ ဖိတ်(FAITH) မဂ္ဂဇင်းတွင်



www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြပြီးလျှင် သူခွဲစိတ်ကုသနေပုံကို ၁၉၇၄ ခု (TIME)မဂ္ဂဇင်းတွင် ဖော်ပြထားသည်။

သူသည် ဆေးပညာဟူ၍ နားကန်းတစ်လုံးမှ နားမလည်သူ သာမန်ကျေးတောသားတစ်ဦးဖြစ်သော်လည်း ဗိုက်ခွဲ၍ အစာအိမ်ကို ခွဲစိတ်သည်။ ကျောက်ကပ်ကိုထုတ်သည်။ သားအိမ်ကို ဖြတ်ထုတ်သည်။ ဝမ်းတွင်းဘောလုံး၊ သွေးလုံး၊ လေလုံးများကို ဖြတ်တောက်ကုသသည်။ မစ္စတာတိုနီသည် လူနာများကို ဆက်တိုက်ခွဲစိတ်ကုသရလေရာ ဖိလစ်ပိုင်များက သူ့အား 'ဒေါက်တာတိုနီ'ဟု ကင်ပွန်းတပ်ခေါ်ကြသည်။

## ဒေါက်တာဒေါရီး ( DR. DOREAL: )

အမေရိကားမှ ဒေါက်တာဒေါရီးကား မိုင်ပေါင်းများစွာဝေးလံသော နေရာများမှ ဝေဒနာရှင်များပင် လူကိုယ်တိုင်လာရောက်ရန် မလိုဘဲ ကုသပေးနိုင်လေသည်။

ဝေဒနာရှင်အမျိုးသမီးကြီးတစ်ယောက်မှာ လိပ်ခေါင်းသွေးကျရောဂါ[1] ခံစားနေရသည်။ ထိုအကြောင်းကို စာရေးလိုက်၏။ ဒေါက်တာဒေါရီးက အချိန်အတိအကျ ကုသမှုကိုခံယူရန် လမ်းညွှန်ချက်ပြန်ရေးပေး၏။ လူနာအမျိုးသမီးသည် ဆရာ၏လမ်းညွှန်ချက်အတိုင်း အတိအကျလိုက်နာကာ ထိုင်လျက်အနေအထားဖြင့် ကုသမှုကိုခံယူ၏။ သူမသည် ကုလားထိုင်ပေါ်တွင် ထိုင်နေရင်းကပင် မမြင်ရသောလက်များ[2]က ဝေဒနာဖြစ်ပေါ်နေသည့် နေရာတစ်ဝိုက်တွင် ပြုပြင်ကုသပေးနေသည်ကို ခံစားရသည်ဆို၏။

၁။ HEMORRHOIDS ၂။ INVISIBLE HANDS





သတ်မှတ်ချိန်စေ့သောအခါ သူမသည် ရေချိုးခန်းသို့သွား၍ သွေးတို့ဖြင့် ပေကျံနေသော အရာဝတ္ထုများကို ဆွဲဖယ်ပစ်လိုက်သည်။ ထို့နောက်တွင်ကား သူမ၏ လိပ်ခေါင်းသွေးကျရောဂါကား လုံးဝပျောက်ကင်းခဲ့ပြီဖြစ်၏။

နောက်တစ်ယောက်ကား 'HARRY EDWARD'ဆိုသူ ဖြစ်သည်။ ၎င်းသည် ပထမကမ္ဘာစစ်အတွင်းက ဗြိတိသျှစစ်တပ်တွင် အမှုထမ်းခဲ့ရာ ဆေးဝါးမစုံလင်။ ခွဲစိတ်ကုသမည့် ပစ္စည်းတစ်စုံတစ်ရာမရှိဘဲ စိတ်တန်ခိုးဖြင့် ကုသပေးခဲ့သော သာဓကများရှိသည်။ ဖြစ်ရပ်များသည် တစ်ခုနှင့်တစ်ခု တူညီမှုရှိနေသဖြင့် ဤနေရာ၌ အကျယ်တဝင့် မဆိုတော့ပြီ။

နောက်တစ်ဦးကား နာမည်ကျော်'ဆိုင်းဘာဘာ'(SAI BABA) ဆိုသူဖြစ်သည်။ သူသည် 'အင်ဒါရာ'(ANDHARA)ပြည်နယ်အတွင်းရှိ 'ပုတ်တပါသီ'(PUTTA PAR THI)အိန္ဒိယရွာကလေးတွင်နေသည်။

သူကား အောင်မြင်ပြီးသော သိဒ္ဓိရှင်တစ်ဦးဖြစ်ဟန်ရှိသည်။ အရိယာသိဒ္ဓိရှင်တစ်ဦးက နာမ်ကိန်းကား လူ့လောကသို့ ခေတ္တလာရောက်ခြင်းဟုလည်း ဆိုနိုင်သည်။ ဂမ္ဘီရပညာ၏ သဘောမှာ လွန်စွာနက်ရှိုင်းလှသဖြင့် ထိုထိုပုဂ္ဂိုလ်တို့၏ အဖြစ်ကို မံသစက္ခု[5]ဖြင့် မြင်နိုင်ရန် မစွမ်းသာပြီ။

မိမိ၏ 'မံသစက္ခု'အရ မမြင်ရသဖြင့် ထိုအရာမရှိဟုဆိုသော် သဘာဝယုတ္တိ၊ အာဂမယုတ္တိတို့ကို မငဲ့ရာကျပေမည်။

ကောင်းကင်သို့ ပေပေါင်းများစွာ ပျံတက်ခဲ့ပါလျက် နတ်ဘုံ

၅။ PHYSICAL EYE


www.burmeseclassic.com

www.burmeseclassic.com



နတ်နှန်းများကို မတွေ့ရသဖြင့် 'နတ်ပြည်ဆိုတာ မရှိပါ'ဟု ဆိုသူများသည် ဘာသာရေးအမြင်အရ အတိအကျဆိုထားသော ထိုထိုကျမ်း[၁]များကို လေ့လာသင့်ကြောင်း စေတနာစကား ဆိုအပ်ပါ၏။

'ဆိုင်းဘာဘာ'အကြောင်း ပြန်ကောက်ရသော် သူသည် တစ်စုံတစ်ရာသော အတိုင်းအတာအရ လူ့လောကီပညာ ပေါက်မြောက်နေသူကား အမှန်ပင်။ သူသည် ဆေးဝါးကုသမှုနှင့် ခွဲစိတ်ကုသမှုကို အမှန်တကယ်အောင်မြင်စွာပြုလုပ်ခဲ့ကြောင်း စာရေးဆရာကြီးများက အတ္ထုပ္ပတ္တိစာအုပ်များ[၂] ရေးသားခဲ့ပြီးကြလေပြီ။)

❑

---

၁။ 'ဘာဝနာဒီပနီ'လယ်တီဆရာတော်

'အာဒိကမ္မိက'ဆရာတော်ခင်ကြီးပျော်

၂။ 'ဆိုင်းဘာဘာ' ဒိုလီမှင်းဟ်

'SAI BABA' REX MAGUS

# သေသည်၏အခြားမဲ့၌ ဘဝသစ်ရှိသေးသလော?

## (Is there life after death?)

'သေသည်၏အခြားမဲ့၌ ဘဝသစ်ရှိသေးသလား?'

ဤမေးခွန်းမှာ ကျိုးကြောင်းပြ၍ ငြင်းချက်ထုတ်ကာ အဖြေထုတ်ရန် မရှိပေ။

ဘာသာတရားတိုင်းကပင် 'သေဆုံးပြီးသောအခါ၌ တစ်စုံတစ်ယောက်သည် မည်သို့မည်သည့်အရပ်သို့ သွားရောက်ရမည်ကို အတိအကျ မသိနိုင်ကြောင်း ဆိုထားခဲ့ကြသည်။

ဤအယူအဆကို အချို့က လက်ခံ၍ အချို့က လက်မခံကြချေ။ ကျွန်ုပ်တို့သည် သေသည်၏အခြားမဲ့၌ မည်သို့ဖြစ်မည်ကို အတိအကျမသိနိုင်သော်လည်း ဘာသာရေးယုံကြည်ချက်အရ မှန်းဆနိုင်လောက်ရုံသာရှိသည်။

တစ်နည်းအားဖြင့်ဆိုသော် ဘာသာရေး အဆုံးအမကိုပင် အချို့ကယုံကြည်ကြ၍ အချို့ကမယုံကြည်ကြကုန်၏။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် သေပြီးနောက်ဘဝသစ် ရှိ/မရှိကို အတိအကျ မသိနိုင်ကုန်။



www.burmeseclassic.com

www.burmeseclassic.com



ယုတ္တိတန်သော[၁] ဥပမာတစ်ခုကိုပြရသော် နံနက်ချိန်ခါတွင် (နေ)ထွက်လာသည်ကိုမြင်ရ၍ သင်အတိအကျ ဆိုနိုင်သော်လည်း မနက်ဖြန်တွင် ထို(နေ)ထွက်/မထွက်ကို အတိအကျမဆိုနိုင်။ သို့သော် (နေ)သည် နံနက်ချိန်ခါ၌ နိယာမသဘော[၂]အရ ထွက်မြဲဖြစ်၍ ယခုလည်း ထွက်လိမ့်မည်ဟု ပြောနိုင်ခြင်းမှာ အနုမာန[၃] သက်သက်မဟုတ်ချေ။ အတွေ့အကြုံ[၄]အရ ရလာသောယုံကြည်ချက်[၅] ဖြစ်သည်။

မည်သူတစ်ဦးတစ်ယောက်မျှ သေသည့်၏အခြားမဲ့၌ ဘဝ(သစ်)ရှိ/မရှိကို မသိနိုင်။ သေချာသောနည်းလမ်းမှာ တစ်ခုသာရှိလေသည်။ သက်တမ်းအတိုင်းနေ၍ (သေမည့်)သေပြီးသည့်နောက် အသက်ရှင်နေသည်ကို ကျွန်ုပ်တို့ ပြန်မြင်နိုင်ခြင်းဖြစ်မည်။ သေဆုံးပြီးနောက် အသက်ရှင်နေသည်ကို မျက်ဝါးထင်ထင် မြင်ရပါက (သေပြီးနောက်တွင် ဘဝသစ်ဆိုတာ ရှိပါလား)ဟု အတိအကျ ဆိုနိုင်မည်။ ယခုဘဝတွင် ကွယ်လွန်ပြီးသော လူတစ်ယောက်သည် နောက်ဘဝတွင် ရှင်သန်နေသည်ကို မမြင်ရပါက သေသည့်၏ အခြားမဲ့၌ ဘဝသစ်မရှိဟု ဆိုရမည်။

[ဗုဒ္ဓဘာသာအမြင်အရမူ ရှင်းပါသည်။ (ဇာတိ)ကြောင့် (ဇရာ၊ ဗျာဓိ၊ မရဏ)တို့ကို အစဉ်အတိုင်းခံစားရသည်။ (ဥပါဒါန်)မပြတ်သော် ဘဝသစ်မှာ ဖြစ်ရပြန်ကြောင်း ထိုထိုကျမ်းများ[၆]တွင် ဖော်ပြထားသည်။ နှလုံးရောဂါ ခံစားနေရသူများသည် တဒင်္ဂအားဖြင့်

၁။ LOGICAL
၂။ LAW
၃။ HYPOTHESIS
၄။ EXPERIENCE
၅။ BELIEF
၆။ ဘာဝနာဒီပနီ-လယ်တီဆရာတော်၊ စတုသစ္စဒီပနီ(လယ်တီဆရာတော်)၊ ပဋိစ္စသမုပ္ပာဒ်ဒီပနီ(လယ်တီဆရာတော်)





(ဝိညာဉ်)သည် ခန္ဓာကိုယ်မှခွာသွားရာ 'မျောနေသည်'ဟု ခေါ်ကြသည်။ ကိုအခါတွင် ထိုသူ၏ဝိညာဉ်သည် တစ်ပါးသော ဘုံဌာနများသို့ရောက်၍ ဆရာဝန်များ၏ ကုသမှုကြောင့် ခန္ဓာကိုယ်သို့ ဝိညာဉ် ပြန်လည်ဝင်ရောက်လာကာ 'သေရွာပြန်'[၁]များအဖြစ် မိမိကို ကြုံတွေ့ခဲ့ရသော ကြောက်လန့်ဖွယ်အတွေ့အကြုံ[၂]များကို ပြန်လည်ပြောပြတတ်ကြသည်။)

ထို 'သေရွာပြန်'တို့ကား ကိုယ်တိုင်မြင်တွေ့ခဲ့ရသည်ဖြစ်၍ 'သေသည့်၏နောက်၌ ဘဝသစ်'ဆိုသည်မှာ တကယ်ရှိပါသည်'ဟု အတိအလင်း အခိုင်အမာ ပြောတတ်ကြသည်။ ထိုသူတို့၏ အတွေ့အကြုံကို 'မရဏာသန္နအတွေ့အကြုံ'[၃]ဟုခေါ်သည်။

အောက်တွင် သေရွာပြန်အချို့၏ 'မရဏာသန္နအတွေ့အကြုံများ'ကို ဖော်ပြပါမည်။ (ထိုသူတို့မှာ ခရစ်ယာန်ဘာသာဝင်များ၊ အနောက်တိုင်းသားများဖြစ်ကြရာ ၎င်းတို့၏ဖော်ပြချက်မှာ 'အနောက်တိုင်းယုံကြည်မှု'နှင့် 'ယဉ်ကျေးမှု'များ လွှမ်းနေသည် ကြိုတင်အသိပေးအပ်ပါ၏။ **စကားချပ်**)

လူတစ်ယောက်၏ အတွေ့အကြုံမှာ ဤသို့။

၎င်း၏ဝိညာဉ်သည် ခန္ဓာကိုယ်မှခွာသွားပြီးသော် အခန်းထောင့်တစ်နေရာတွင် ပျံဝဲနေသည်ဆို၏။ ဆရာဝန်များသည် သူ့အသက်ပြန်ရှင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည်ကို သူ(အထက်တစ်နေရာမှ)ပြန်မြင်နေရသည်ဟု ဆို၏။

၁။ THESE ARE PEOPLE WHO HAVE COME BACK FROM THE DEAD
၂။ THRILLING EXPERIENCE
၃။ 'END' - EXPERIENCE OF NEAR DEATH



www.burmeseclassic.com

www.burmeseclassic.com



သူ့ဇနီးသည် ငိုကြွေးနေသည့်ကိုလည်းကောင်း၊ ကျန်လူများက သူ့မကို နှစ်သိမ့်နေသည်ကိုလည်းကောင်း မြင်နေရသည်ဟု ဆိုသည်။ ထို့နောက် သူသည် ဗြိမ့်ကနဲဖြစ်သွားကာ လဲလျောင်းနေသော ခန္ဓာကိုယ်ထဲသို့ ပြန်ဝင်သွားသည်ဟုဆိုသည်။

သူမျက်လုံးများကို ဖွင့်လိုက်သည်။ အားလုံးကို မြင်ရသည်။ အိပ်မက်မဟုတ်၊ သူပြန်ရှင်ကာ လူ့လောကသို့ ပြန်ရောက်ခဲ့ပြီဖြစ်၏။

* * *

နောက်တစ်ဦး၏ အကြောင်းကို ဆိုဦးမည်။ လူတစ်ယောက်သည် ကောင်းကင်ဘုံသို့[၁] အလည်ရောက်ခဲ့ကြသည်ဆို၏။ ထိုသူသည် ဆေးရုံတစ်ခုတွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပြီး (ခရစ်ယာန်ဘာသာဝင်) တစ်ဦးဖြစ်သည်။ သူ့အနေဖြင့် သူနာပြုဆရာမဟု ထင်နေခဲ့သော (ပုဂ္ဂိုလ်တစ်ဦးက) ခါးမှဖက်၍ ဆေးရုံမှပျံထွက်ခဲ့ကြသည်ဆို၏။ ထိုသို့ပျံနေရင်း သေချာစွာကြည့်သောအခါမှ သူနှင့်အတူတကွ ပျံလာသူမှာ သူနာပြုဆရာမမဟုတ်ဘဲ 'နတ်ဒေဝတာ'[၂] တစ်ပါးဖြစ်နေကြောင်း သိရသည်ဆို၏။ ထိုနတ်သားက ၎င်းကို လမ်းမပေါ်တွင် ချခဲ့ရာ ပတ်ဝန်းကျင်တွင် 'ရွှေရောင်ငွေရောင် ဖိတ်ဖိတ်တောက်နေသော အဆောက်အဦများ'ကို မြင်ရသည်ဆို၏။ ပတ်ဝန်းကျင်တစ်ခွင်လုံး တောက်ပသော အလင်းရောင်ခြည်များက စိုးမိုးနေသည်ဟူ၏။

---

၁။ HEAVEN ကို ကောင်းကင်ဘုံဟု ဆရာယုဒသန်စသော ပုဂ္ဂိုလ်တို့က ဘာသာပြန်သည်။ ကွယ်လွန်သူဆရာဇော်ဂျီကမူ (အဂ္ဂိဘုံ)ဟု မြန်မာပြန်ထားသည်။

၂။ ANGEL (နတ်ဒေဝတာ တစ်ပါးဆိုသော်လည်း ဗုဒ္ဓဘာသာအရ 'ဘုံစဉ်စံ'နတ်မဟုတ်။ တမန်တော်ခေါ် အစောင့်ပါသူသာဖြစ်မည်။





ထိုနေရာတွင် သူ့အရင်က သေဆုံးသွားသောသူ၏ မိသားစုဝင်များကို ပြန်တွေ့ရသည်ဆို၏။ သူသည် ၎င်းတို့ထံ 'တူရူ'သွားနေစဉ် ယခင်တမန်တော်နတ်သားပင် ရောက်လာ၍ ၎င်းအား 'ချိမ့်'ပြီးသော် ကောင်းကင်ထက်သို့ ပြန်တက်ခဲ့ကြသည်ဆို၏။

သူသည် ခပ်လှမ်းလှမ်းတွင် ဆေးရုံကိုမြင်နေရရာ ထိုနေရာသို့ ဦးတည်ပျံသန်းနေကြောင်း သိလာသည်။

နောက်တစ်ချက် သူသိလိုက်သည်မှာ သူသည် မူလလဲလျောင်းနေရာအခန်းတွင်းသို့ ပြန်ရောက်လာခြင်းပင် ဖြစ်သည်။

တမန်တော်နတ်သားက စကားတစ်လုံးမျှမဆိုဘဲ ထိုအခန်းထဲတွင် သူ့ကို ချထားလိုက်သည်။ ထို့နောက် ပျံထွက်သွားလေသည်။

ထိုသူသည် သူ၏ခုတင်ဘေး၌ ဆရာဝန်များနှင့် သူနာပြုဆရာမများ ရပ်နေသည်ကို မြင်ရခိုက်တွင် ၎င်း၏ဝိညာဉ်သည် ၎င်း၏ခန္ဓာကိုယ်ထဲသို့ ပြန်လည်ဝင်ရောက်ခဲ့လေသည်။

သူသည် မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်ရာ မြင်တွေ့ရသည်ကား သူ့နားတွင်ဝိုင်းနေသော ဆရာဝန်များနှင့် သူနာပြုဆရာဆရာမများပင် ဖြစ်တော့၏။

* * *

နောက်တစ်ယောက်အကြောင်းကို ဆိုပါဦးမည်။ ထိုသူကား အသက်(၇၀)အရွယ်ရှိ နှလုံးရောဂါသည်ဖြစ်သည်။ သူ၏ဇနီးမှာ

---

၁။ ရှင်အဂ္ဂသမာဓိ၏ 'ဘုံခန်း'နှင့်တူ၊ ခရစ်ယာန်ဘာသာတွင် STATE OF BLISS ဟုသာ ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်လှသဖြင့် 'အထူးကြပ်မတ်ကုသဆောင်'သို့ အီးတပ်ကုလားထိုင်ဖြင့် အမြန်ပို့လိုက်ရသည်။ ရောဂါဝေဒနာမှာ ပြင်းထန်လှသဖြင့် သူသည် သတိလစ်လျက်ရှိသည်။

နောက်တခဏတွင် သတိရလာသောအခါ၌ သူသည် မည်းမှောင်သော လိုဏ်ဂူကြီးတစ်ခုထဲ ရွေ့လျားနေကြောင်း တွေ့လာရသည်။ သူသည် လျင်မြန်သောအရှိန်ဖြင့် ရွေ့လျားနေသော်လည်း လိုဏ်ဂူ(လိုဏ်ခေါင်း)၏ ဘေးတစ်ဖက်တစ်ချက်ကို မထိပေ။

ထို့နောက် သူသည် လှပသောကွင်းပြင်တစ်ခုသို့ ရောက်ရှိလာသည်။ သူသည် ဖြူဖွေးသော နံရံတစ်ခုကိုတွေ့ရာ ထိုနေရာသို့ ဦးတည်သွားလိုက်သည်။

ထိုနေရာသို့ရောက်သော် ဝင်ပေါက်တစ်ခုကိုတွေ့၍ အဆိုပါဝင်ပေါက်တွင် လှပသောအဖြူရောင်ဝတ်ရုံကို ဝတ်ဆင်ထားသည့် လူတစ်ယောက်ကို တွေ့ရသည်ဆို၏။

သူသည် ခရစ်ယာန်တစ်ယောက်ဖြစ်သည်နှင့်အညီ ထိုလူအနီးသို့ချဉ်းကပ်၍ 'ခရစ်တော်ဟုတ်ပါသလား'ဟု မေးလိုက်သည်။

အဖြူဝတ်ရုံကို ဝတ်ဆင်ထားသော ထိုသူက တံခါးပေါက်ကြီးသို့ညွှန်ပြပြီး 'အထဲကိုဝင်သွားပါက တွေ့ချင်သော ယေရှုသခင်ကို တွေ့ရပါလိမ့်မည်'ဟု ပြောလိုက်သည်။

ထိုသူ၏ ဝိညာဉ်/ကိုယ်ပွားက ညွှန်ပြသည့်အတိုင်း အထဲသို့ ဝင်ရောက်သွားသောအခါ ရွှေနှင့်တည်ဆောက်ထားသော အဆောက်အဦများနှင့် အခြားသောတောက်ပနေသည့် အရာဝတ္ထုများကို တွေ့ရ၏။

မဖော်ပြနိုင်လောက်အောင် အလွန်ငြိမ့်ညောင်းသာယာလှသော တေးဂီတကို တီးမှုတ်နေပြီး လေထဲတွင် မွှေးနံ့က တသင်းသင်း





တမျှမျှ ရှိနေသည်။ လူများသည် အဖြူရောင်ဝတ်ရုံရှည်များကို ဝတ်ဆင်ထားရာ ပြောင်လက်တောက်ပနေကြသည်။

ရုတ်တရက် သူ့ဆီသို့ လမ်းလျှောက်လာနေသော မိခင်နှင့်ဖခင်ကို တွေ့လိုက်ရသည်။ လူ့ဘဝတွင်ရှိစဉ်က သူ၏မိခင်သည် ခြေမသန်သောကြောင့် လမ်းမလျှောက်နိုင်။ ယခုအခါ သန်မာသော ခြေထောက်နှစ်ချောင်းကို အသုံးပြု၍ သူ့ထံလျှောက်လာနေသဖြင့် သူ ထိတ်လန့်သွားတော့၏။

သူက မိဘနှစ်ပါးထံပြေးသွားကာ စကားပြောသည်။ သူသည် မိဘနှစ်ပါးနှင့် အတူသွားကာ (ယေရှုခရစ်တော်)ကို ရှာဖွေကြလေသည်။

အခန်းကြီးတစ်ခုထဲသို့ ရောက်သောအခါ လူအများသွားလာဝင်ထွက်နေသည်ကို တွေ့ကြရ၏။

မိဘဖြစ်သူများက ဘုရားသခင်ရှိရာအရပ်ကို ညွှန်ပြကြပြီး ဦးညွတ်ကာ အရိုအသေပြုလိုက်ကြသည်။

ထိုစဉ် သူသည် တစ်စုံတစ်ယောက်က သူ၏ရင်ပတ်ကို တွန်းလိုက်သလို ခံစားလိုက်ရပြီး တစ်စုံတစ်ခုကလည်း သူ့ကို နောက်ပြန်ဆွဲနေသလိုလို ရှိလေသည်။

သူမျက်လုံးဖွင့်ကြည့်လိုက်သောအခါ ဆေးရုံသို့ ပြန်ရောက်နေကာ မိမိ၏ခုတင်ဘေးတွင် ဆရာဝန်များ၊ သူနာပြုဆရာဆရာမများ ဝိုင်းရံနေကြသည်ကို တွေ့လိုက်ရ၏။

* * *

ဤကား 'ခရစ်ယာန်'အယူအဆအရ 'သေရွာပြန်များ'၏ အတွေ့အကြုံပင်ဖြစ်လေသည်။ မြန်မာ့ယုံကြည်မှုအရလည်း (အဆိုယ်



www.burmeseclassic.com

www.burmeseclassic.com



လေးဘုံ)တွင် အပါအဝင်ဖြစ်သော (အသူရကာယ်ဘုံ)သို့ ရောက်ခဲ့သူများ ရှိလေသည်။

၎င်းတို့ကိုယ်တိုင်မှာ (မသေ)သေးသဖြင့် (နေ့စံ/ညခံရသော သူများ)၏ 'ရွှေပြဿာဒ်ဖြင့် စံနေရသော်လည်း အဝတ်အစားမပြည့်သော ပြိတ္တာမ'စသည်ဖြင့် ရှေးဟောင်းဝတ္ထုများ[၁]တွင်လည်း ဖတ်ရှုနိုင်သည်။

ထိုထိုသော သာဓကများအရဆိုသော် သေသည်၏အခြားမဲ့၌ (ဘဝ)သစ်ရှိနိုင်သည်ဟု ဖြေကြားရမည်သာ။

'အသူရကာယ်ဘုံ'သို့ ရောက်ခဲ့သူတစ်ယောက်၏အကြောင်းကို ကြုံကြိုက်သဖြင့် အကျဉ်းမျှဖော်ပြပါဦးမည်။

လူတစ်ယောက်သည် စီးနင်းလိုက်ပါသွားသော သင်္ဘောပျက်ရာမှ ကျွန်းတစ်ကျွန်းပေါ်သို့ရောက်ရှိသွားသည်။ ထိုကျွန်းပေါ်တွင် သပ်ရပ်သောအိမ်ကလေးများ အစီအရီရှိနေသည့် ရွာကလေးတစ်ရွာကို သူ ထူးထူးဆန်းဆန်း တွေ့ရသည်။

အထူးအံ့ဩစရာကောင်းသည်ကား ကွယ်လွန်ပြီးသော ဇနီးကို တွေ့ရခြင်းပင် ဖြစ်တော့၏။ ဇနီးသည်က သူ့ကို ပျူပျူငှာငှာ ဆီးကြိုပြီး မကြောင့်မကြ ထားသည်။

သူသည် ထိုရွာတွင် ဇနီးသည်နှင့်အတူ ရက်သတ္တတစ်ပတ်ခန့် နေပြီးသော် သံသယဝင်လာသည်။ အကြောင်းမူ ဇနီးသည်အပါအဝင် တစ်ရွာလုံးလိုလိုပင် နေ့ခင်းတွင် စားကြ၊ သောက်ကြကာ၊ ရွှင်မြူးစွာဖြင့် နေနေကြသော်လည်း ညနေ နေဝင်လာပြီဆိုပါက တစ်စုံတစ်ယောက်က ဆော်ဩကာ 'လာကြဟေ့၊ သွားကြစို့'ဟု အော်ခေါ်ရာ ဇနီးသည်က 'သူ့ကို စောင့်နေရစ်ဦး'ဟုဆိုကာ လူအုပ်ကြီးနောက် လိုက်ပါသွားတော့၏။

တစ်နေ့သ၌ ထိုသူကလည်း ဇနီးသည်လိုက်သွားသော လူအုပ်ကြီးနောက်သို့ နောက်ယောင်ခံလိုက်သွားရာ ခွေးနက်ကြီးတစ်ကောင်၏ စားသောက်ဝါးမျိုခြင်းကို ခံနေရကြောင်း တွေ့ရလေသည်။

သူတို့ကား 'အသူရကာယ်'တွေပါလားဟု သူ သိမြင်သွားပြီးသော် နောက်တစ်နေ့မနက် ဇနီးပြန်လာသောအခါ နှုတ်ဆက်ပြီး လူ့ရပ်ရွာသို့ ပြန်လာခဲ့ပေသည်။

* * *

နောက်တစ်ဦးမှာ အဏ္ဏဝါသွား သင်္ဘောသားတို့၏ ကိုယ်တွေ့ဟု ဆိုထားသည်။ ရွှေရောင်တဖိတ်ဖိတ်တောက်နေသော ဗိမာန်တစ်ခုသည် ရေစီးအတိုင်းမျောနေသည်။ ဗိမာန်ရှင်ကို မမြင်ရ။ အတန်တန်တောင်းပန်သောအခါမှာ မမြင်အပ်သည်တို့ကို ဆံပင်ဖြင့်ဖုံးကွယ်ကာ ကိုယ်ထင်ပြသည်။ အဝတ်မရှိသော ပြိတ္တာမပေတည်း။

* * *

အသက်ရှင်လျက်ပင် နတ်ပြည်ရောက်ခဲ့သော ပုဂ္ဂိုလ်လေးဦးရှိသည်။ ၎င်းတို့မှာ (၁) ဂုတ္တိလခေါင်းသမား၊ (၂) မန္ဓာတ်စကြာမင်း၊ (၃) သာဓိနမင်း၊ (၄) နေမိမင်းတို့ဖြစ်ကြောင်း ကျမ်းဂန်များ[၁]၌ တွေ့ရသည်။

---

၁။ ပေတဝတ္ထုများနှင့် ဝိမာနဝတ္ထုများ။

၁။ (က) မဃ္ဃိမပဏ္ဏာသ (ခ) သာဓိနမျိုး (ဂ) နေမိရကန်







www.burmeseclassic.com

www.burmeseclassic.com



ထိုသူတို့သည် နတ်ပြည်ရောက်သော် နတ်သမီး၊ နတ်သားများကို တွေ့ရသည်။ ထိုနတ်သား၊ နတ်သမီးတို့ကား သေပြီးနောက်တွင် 'နတ်ခန္ဓာ'၊ 'နတ်ရုပ်'ကို ရနေခြင်းဖြစ်ရာ သေသည်၏အခြားမဲ့၌ ဘဝသစ်ကို ရနေခြင်းဟု ဆိုနိုင်ပါ၏။

❑

# ကိုယ်စောင့်နတ်(ဝါ)ရုပ်ပွားခန္ဓာရှိသလော?

## (Doppelganger)

**Doppelganger** ဟူသော ဝေါဟာရသည် သာမန်အဘိဓာန်များတွင် ဖော်ပြထားခြင်းမရှိ၍ ယင်းဝေါဟာရ၏ အရင်းအမြစ် အဓိပ္ပာယ်ကို မသိရှိရပေ။ အချို့သော စိတ်ပညာအဘိဓာန်များ၌ပင် ဖော်ပြထားသည်ကို စာရေးသူမတွေ့ရ။ စာရေးသူကိုယ်တိုင်ကပင် (စာမစုံ)သောကြောင့်လည်း ဖြစ်တန်ရာသည်။

မည်သို့ပင်ဖြစ်စေ ထိုဝေါဟာရပုံပေါ်လာအောင်ကား စာရေးသူကြိုးပမ်းပါမည်။

'Doppelganger' ဆိုသည်ကား အားဥပါဒ်အန္တရာယ် တစ်စုံတစ်ခုနှင့် ကြုံတော့မည်ရှိသောအခါ သတိပေးတတ်သော သင်၏ ရုပ်ပွားဟုခေါ်သော် သင့်ပေလိမ့်မည်။

သို့တည်းမဟုတ်၊ 'မနောရုပ်ပွားတစ်ခု' ဟုဆိုက ဆိုနိုင်သည်။ 'မနောရုပ်ပွား' သည် 'အာရုံမှား' (HULLUCINATION) နှင့်လည်းမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



'စိတ်တန်ခိုးအရပေါ်လာသောရုပ်ပွား'(PSYCHIC DOUBLE)သာ ဖြစ်သည်။ တစ်ခါတစ်ရံတွင်လည်း အကြောင်းတစ်စုံတစ်ရာ မရှိဘဲလျက် ထို'မနောရုပ်ပွား'သည် ပေါ်လာတတ်သေး၏။ စိတ်ဝင်စားဖို့တော့ ကောင်းသည်။ ထူးခြားအာရုံသိအရ တစ္ဆေသရဲခြောက်လှန့်ခြင်း'ဟူ၍ကား မယူဆအပ်ချေ။

အောက်တွင် ထိုအဖြစ်မျိုး ကြုံရသူအချို့၏ အကြောင်းကို ဖော်ပြလိုက်ပါသည်။

၁၉၄၄ ခုနှစ်၊ ဒုတိယကမ္ဘာစစ်အတွင်းက ဖြစ်လေသည်။

သူ၏အမည်မှာ 'အဲလက်စ်ဂရစ်ဖစ်'(ALEX GRIFFITH)ဖြစ်၍ 'တပ်ကြပ်ကြီး'(ဆာဂျင်)တစ်ယောက်ဖြစ်လေသည်။ သူသည် အမေရိကန် ကြည်းတပ်မတော်မှဖြစ်ကာ တာဝန်ကျနေသည်ကား ပြင်သစ်စစ်မြေပြင်တွင် ဖြစ်၏။

တစ်နေ့တွင် သူသည် ကင်းလှည့်နေလေသည်။ သတ်မှတ်ချက်လမ်းကြောင်းအတိုင်း ကင်းလှည့်အဖွဲ့ကို ဦးဆောင်သွားနေချိန် သူ့ရှေ့အတန်ခပ်လှမ်းလှမ်းတွင် ရုပ်သွင်တစ်ခုပေါ်လာကာ ထိုသူက နောက်ပြန်လှည့်ရန် သူ့ကို လက်ဝှေ့ရမ်းကာ အချက်ပေးနေလေသည်။

'ဂရစ်ဖစ်'က ထိုရုပ်သွင်အား အနီးကပ်၍ကြည့်ရှုလိုက်ရာ ထိုရုပ်သွင်သည် သူမှသူအစစ် ဖြစ်နေလေသည်။ ထိုရုပ်သွင်မှာ မိမိကို ပုံတူကူးထားသကဲ့သို့ ရှိနေသည်။

ထိုရုပ်သွင်က သူ့ကဲ့သို့ပင် စစ်ယူနီဖောင်းကို ဝတ်ဆင်ထားသည်။ သူ့မေးစေ့တွင်ကပ်ထားသော ပလာစတာပင်ပါလိုက်သေး၏။





'ဂရစ်ဖစ်'က သူ့လူများအား ချက်ချင်းနောက်သို့ ဆုတ်ခိုင်းလိုက်သည်။ ထိုအချိန်တွင် ဂျစ်ကားတစ်စီးသည် စက်ကုန်ဖွင့်ကာ သူ့နောက်မှ အပြင်းမောင်းနှင်လာသည်။

ရုတ်တရက် နံဘေးတစ်နေရာမှ စက်သေနတ်သံ တရစပ် ပေါ်ထွက်လာ၏။ ရန်သူ၏ ချုံခိုတိုက်ပွဲပါတကား။ ဂျစ်ကားပေါ်တွင် ပါလာသူအားလုံးပင် ပွဲချင်းပြီး သေကုန်ကြ၏။ အကယ်၍ သူနှင့် သူ့တပ်ဖွဲ့ဝင်တွေသာ ရှေ့သို့တိုး၍ ချီတက်သွားမည်ဆိုပါက ဂျစ်ကားပေါ်က လူတွေကဲ့သို့ပင် အဖြစ်ဆိုးနှင့် ကြုံရမည်သာဖြစ်တော့၏။ ကံကြမ္မာကား သူ့ကို သေဘေးမှ သီသီလေးလွတ်မြောက်စေခဲ့လေသည်။

ထိုကဲ့သို့ ကံကြမ္မာ၏တွန်းပို့မှုကြောင့် သူနောက်တစ်ကြိမ် ဘေးအန္တရာယ်မှ လွတ်ခဲ့ပြန်လေသည်။ 'ဂရစ်ဖစ်'သည် အာရုံထူးကြိုတင်သတိပေးခြင်းကို ရှင်းချက်မရှိ ယုံကြည်ခဲ့လေပြီ။

ပထမအဖြစ်အပျက် ဖြစ်ပြီးနောက် နှစ်ပေါင်းအတော်ကြာကြာ ကုန်လွန်ခဲ့၏။

ဂရစ်ဖစ်သည် ကနေဒါနိုင်ငံ တောကြီးမျက်မည်းထဲတွင် ဇနီးသားသမီးများနှင့်အတူ လမ်းလျှောက်နေလေသည်။

ရုတ်တရက် သူ၏ရှေ့တွင် 'သူ၏ရုပ်ပွား'(DOPPELGANGER)ပေါ်လာ၏။ သူနှင့် တစ်ထေရာတည်း ပြင်သစ်ပြည်တွင် ကင်းလှည့်စဉ်က ဝတ်သောဝတ်စုံကိုပင် ဝတ်ဆင်ထားသည်။

ထိုရုပ်သွင်၏ သတိပေးချက်ကလည်း ယခင်အတိုင်းပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'နောက်ကြောင်းပြန်လှည့်'ဟူ၍ သူက သူ၏မိသားစုအား အော်ဟစ်သတိပေးလိုက်သည်။

သူတို့နောက်လှည့်ကာ ပြန်ပြေးကြသည်။ လက်မတင်လေး ပါလား။

သူတို့ မူလရပ်နေသောနေရာတည့်တည့်သို့ ရောမသစ်ပင်ကြီး တစ်ပင် ကျိုးကျလာလေတော့သည်။

* * *

နောက်တစ်ဦး၏အကြောင်းမှာ ပိုမိုစိတ်ဝင်စားစရာကောင်း၏။

သူမ၏အမည်မှာ 'အီမီလီ:ဆာဂီး'(EMILB SAGEE)ဖြစ်၍ ဘာရာဇီးမှ ကျောင်းဆရာမတစ်ဦး ဖြစ်သည်။ သူမတွင် 'PSYSIC DOUBLE'သဘောရ ရုပ်ပွား(DOPPELGANGER)တစ်ခု ရှိလေသည်။ ထိုရုပ်ပွားကြောင့်ပင် သူမ ကသိကအောက် အနည်းအကျဉ်းဖြစ်ရ၏။

သူမသည် ကလေးများကို စာသင်ပြနေရာ တပည့်များသည် ဆရာမပေါ်တွင် ချစ်ခင်ရမည့်အစား ကြောက်ရွံ့စိတ် လွှမ်းမိုးနေသည်။

မကြာခဏဆိုသလိုပင် ကလေးများသည် သူတို့ဆရာမကို တစ်ချိန်တည်း၌ နှစ်နေရာတွင် တွေ့နေရသည်ဆို၏။

ပထမသော် မည်သူတစ်ဦးတစ်ယောက်မျှ ထိုအဖြစ်ကို မယုံကြ။ အကြောင်းမူ ကမ္ဘာပေါ်ရှိ ကလေးတိုင်းလိုလိုပင် စိတ်ကူးယဉ်ကာ လုပ်ကြံဖန်တီး၍ ပြောတတ်ကြသောကြောင့် ဖြစ်၏။

တစ်နေ့သော် စာသင်ခန်းတစ်ခန်းလုံး အော်ဟစ်လိုက်ကြ၏။





အကြောင်းမူ တစ်ချိန်တည်းတွင် (မစ်-ဆာဂီး)နှစ်ယောက် ဖြစ်နေ ပါလား။

တစ်ယောက်က ကျောက်သင်ပုန်းကြီးတွင် စာရေးနေသည်။ နောက်တစ်ယောက်က သူမအမူအရာကို လိုက်တုကာ စာရေးဟန် လုပ်နေသည်။ သို့သော် သူမလက်ထဲတွင်ကား (မြေဖြူခဲ)မရှိ။

နောက်များမကြာမီ တစ်နေ့တွင်ဖြစ်၏။

အချိန်မှာ နေ့လည်ထမင်းစားချိန်ဖြစ်၏။ 'မစ်-ဆာဂီး' တစ်ယောက်က ထမင်းစားနေသည်။ နောက်တစ်ယောက်က နောက်မှ ရပ်ကာ နေ့လယ်စာစားဟန် လုပ်ပြနေသည်။

နောက်ပြောင်နေသလိုပါပဲလား။ ဤအဖြစ်ကို ကလေးများ မြင်တွေ့နေရသည်။ နှစ်ပေါင်းများစွာကြာလာသည့်တိုင် သူမ၏ ရုပ်ပွားက သူမထံမှ မခွာနိုင်ခဲ့။ 'မစ်-ဆာဂီ'သူမ၏အစ်မနှင့်အတူ နေထိုင်ခဲ့ရာ အစ်မ၏ကလေးများက အဒေါ်နှစ်ယောက် (အယ်မီလီး ဆာဂီးနှစ်ယောက်)ရနေခြင်းအတွက်ပင် ဝမ်းမြောက်လှသည်ဆို၏။

* * *

'အယ်မီလီး ဆာဂီး'ကား မွေးရာပါ သိဒ္ဓိပေါက်နေသလော (သို့မဟုတ်)တစ်စုံတစ်ယောက်သော သိဒ္ဓိရှင်က(PSYCHIC POWER) ပေးထားလေသလောဆိုသည်ကို ကျွန်ုပ်တို့ အတိအကျမဆိုနိုင်သော်လည်း မြန်မာ့သမထနယ်ပယ်တွင် ကျင့်ကြံအားထုတ်ခဲ့သော 'စရဏ' အရ လောကီအဘိညာဉ်များရကာ 'ရုပ်ခွဲ'ပြလုပ်နိုင်သော သာဓက များ ရှိခဲ့သည်။

လောကီသမထကျင့်ကြံလိုသူသည် ကမ္မဋ္ဌာန်း(၄၀)ကို အခြေခံ



www.burmeseclassic.com

www.burmeseclassic.com



ထားရသည်။ ကမ္မဋ္ဌာန်း(၄၀)ဆိုသည်မှာ အောက်ပါအတိုင်း ဖြစ်သည်ဟု 'သာသနာ့ရေးဆိုင်ရာစာတမ်း'[1] တစ်ခုတွင် ဖော်ပြထားသည်။

(၁) ကသိဏ်း ၁၀ပါး
(၂) အသုဘ ၁၀ပါး
(၃) အနုဿတိ ၁၀ပါး
(၄) ဗြဟ္မာဝိဟာရ ၄ပါး
(၅) အရူပ ၄ပါး
(၆) အာပါရေပဋိကူလသညာ ၁ပါး
(၇) စတုဓာတုဝဝတ္ထာန် ၁ပါး

ဤကမ္မဋ္ဌာန်း (၄၀)ကို သမာဓိရပြီး ဆင့်ကာဆင့်ကာ အားထုတ်သော ပထမဈာန်မှ စတုတ္ထဈာန်အထိ ရနိုင်သည်။ လောကီအဘိညာဉ်လည်း ရနိုင်သည်။

ဈာန်အင်္ဂါမပျက်ဘဲ သေလွန်သော် ဗြဟ္မာပြည်အထိ ရောက်နိုင်သည်ဟု ဒီပနီတစ်ခု[2]တွင် ဆိုထားသည်။ ဤသို့ ကျင့်ကြံအားထုတ်ခဲ့သဖြင့် လောကီအဘိညာဉ်ရသော ဆရာတော်တစ်ပါး[3]၏အကြောင်းကို ကျမ်းတစ်စောင်[4]တွင် ဖော်ပြထားသည်။

## ဈာန်အဘိညာဉ်ရ ဗြာဟ္မဒေသီမထေရ်

ဗြာဟ္မဒေသီမထေရ်သည် [3]လောကီဈာန်အဘိညာဉ်ရသော မထေရ်ဖြစ်သည်။ နေ့စဉ်သထုံပြည်မှ နံနက်စောစောအတိုင်း မဟာ

၁။ ဂီဟိသမာစာရဝါ ရိတ္တ-စာရိတ္တဒီပကစာတမ်း။
၂။ စတုသစ္စဒီပနီ(လယ်တီဆရာတော်)
၃။ ဗြာဟ္မဒေသီမထေရ် ၄။ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ(ဓမ္မစရိယဦးဌေးလှိုင်)





ဗောဓိရင်ပြင်သို့ တံမြက်လှည်းကြွတော်မူ၏။ ပြီးလျှင် သထုံပြည်သို့ ပြန်၍ဆွမ်းခံသည်။ နေ့စဉ်ဤတံမြက်လှည်းဝတ်၊ ဆွမ်းခံဝတ်များ ပြမြဲဖြစ်၏။ တစ်နေ့သော် ဥတုဝေလာနံ့ရပ်နေ မာဂဓတိုင်းသား ကုန်သည်တို့သည် 'သုဓမ္မပုရ'ခေါ် သထုံပြည်သို့ ကုန်ရောင်းကုန်ဝယ်လာစဉ် ဗြာဟ္မဒေသီမထေရ် မဟာဗောဓိရင်ပြင်၌ နေ့စဉ်တံမြက်စည်းလှည်းသည်ကို ဖူးတွေ့ကြရကြောင်း၊ သထုံသားတို့အား ပြောကြားကြကုန်၏။ ထိုအရှင်သည် သထုံ၌လည်း နေ့စဉ်ဆွမ်းခံလျက်ရှိကြောင်း ပြောဆိုကြရာမှ 'လောကီဈာန်အဘိညာဉ် သမာပတ်' ရကြောင်း နားလည်ကြလေတော့သည်။

ယခုဆက်လက်၍ (DOPPEL GANGER)'ရုပ်ပွား'နှင့် တွေ့ကြုံရသည့် ပါမောက္ခတစ်ဦး၏အကြောင်းကို ဆက်လက်ဖော်ပြပါဦးမည်။

ဘာသာတရားများ[1]ကို သင်ပြနေသည့် ပရော်ဖက်ဆာတစ်ယောက်။

တစ်နေ့တွင် စာပေပို့ချပြီး အိမ်သို့ပြန်လာစဉ် မိမိဘေးမှ တစ်စုံတစ်ယောက်ကလှမ်း၍ လှမ်းလျှောက်နေကြောင်း သတိထားမိလာသည်။ သူက ငဲ့စောင်း၍ကြည့်လိုက်ရာ ထိုသူမှာ (မိမိကိုယ်တိုင်) ဖြစ်နေကြောင်း အံ့သြဖွယ်တွေ့နေရသည်။

ပရော်ဖက်ဆာကြီးက ခြေလှမ်းကို မြန်မြန်လျှောက်လှမ်းလိုက်သော်လည်း ထိုရုပ်ပွားကလည်း သူ၏ခြေလှမ်းကို အမီလိုက်ကာ လျှောက်လာသည်။ ပရော်ဖက်ဆာကြီးက ခြေလှမ်းသွက်သွက်လှမ်းကာ ထိုရုပ်ပွားကို ခါထုတ်ပစ်ရန်ကြိုးစား၏။

၁။ THEOLOGY



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အရာမထင်ချေ။

မိမိအိမ်ရှေ့သို့ ရောက်သောအခါ ပရော်ဖက်ဆာကြီးသည် စိတ်သက်သာရာ ရသွားသကဲ့သို့ အနည်းငယ်လည်း နှောင့်နှေးသွားလေသည်။

ထိုခဏတွင် သူ၏ရုပ်ပွားသည် ခေတ္တပျောက်သွားပြီးသော် အိမ်ထဲသို့ ရောက်နေပြန်သည်။ ထိုရုပ်ပွားက အစေခံမပေးသော ဖယောင်းတိုင်ကိုယူ၍ ပရော်ဖက်ဆာ၏ အိပ်ခန်းရှိရာ အပေါ်ထပ်သို့ တက်သွားသည်။

ပရော်ဖက်ဆာသည် အဖြစ်မှန်ကို သိလိုသောကြောင့် နောက်မှ အိမ်ထဲသို့ ဝင်လိုက်သွားကာ အပေါ်ထပ်သို့ တက်တော့မည်ပြု၏။

ထိုစဉ်တွင် ကျယ်လောင်သောအသံဖြင့် အပေါ်ထပ်ရှိ မျက်နှာကျက်ပြိုကျသည်။ ပရော်ဖက်ဆာကြီးသည် ဘေးအန္တရာယ်မှ သီသီလေး လွတ်ခဲ့လေသည်။

* * *

နောက်တစ်ဦးမှာ ကမ္ဘာကျော် စာရေးဆရာကြီး 'ဂိုင်၊ဒီ၊မိုပါဆွန်း'(GUY DE MAUPASSANT)ကြုံတွေ့ရသော ဖြစ်ရပ်ပုံပြင်ဖြစ်၏။

သူသည် 'သည်းထိတ်ရင်ဖို'ဇာတ်လမ်းတစ်ခုကို ရေးနေစဉ် လူတစ်ယောက် လမ်းလျှောက်ဝင်လာသည်။ ထိုရုပ်သွင်က သူ့ရှေ့တွင် ထိုင်ချလိုက်သည်။ ထို့နောက် စာရေးဆရာကြီး ရေးနေသော ဇာတ်လမ်းအဆက်ကို နှုတ်တိုက်ချပေးလေတော့သည်။ ထိုရုပ်သွင်မှာ သူနှင့်ယဉ်ပါးနေသည်ဖြစ်ရာ (ထိုရုပ်သွင်အား)သေသေချာချာ ကြည့်မိပြန်၏။

လက်စသတ်တော့ သူကိုယ်တိုင်ပဲကိုး။





ထို့နောက် (ထိုရုပ်သွင်)သည် ရုတ်တရက် ပျောက်ကွယ်သွားတော့၏။ သူ့ရှေ့တွင် ဘာမှမရှိတော့။

ကြောက်လန့်တကြားဖြစ်ကာ (ထိုရုပ်သွင်)ထိုင်သွားသော နေရာကို ငေးကြည့်နေမိသူကား ကမ္ဘာကျော်စာရေးဆရာကြီး (ဂိုင်ဒီ၊မိုပါဆွန်း)ဖြစ်လေသတည်း။

* * *

'DOPPELGANGER'(ကိုယ်ပွားရုပ်သွင်)ဆိုသည်ကား အဘယ်နည်း။ ထိုမေးခွန်း၏အဖြေကိုမည်သူမျှ အတည်တကျမပေးနိုင်ပေ။ သုတေသီတို့သည် နှစ်ပေါင်းများစွာ သုတေသနပြု၍ အဖြေထုတ်ရန် ကြိုးပမ်းလျက်ရှိကြသည်။ အချို့က ကိုယ်ပွားရုပ်သွင်ကို 'ကိုယ်စောင့်နတ်'ဟု ဆိုသည်။ အချို့ကမူ စိတ်တန်ခိုးရှင်(PSYCHIC BODY)ဟု ဆိုချေ၏။ ပွင့်ပွင့်လင်းလင်းဆိုရသော် မည်သူတစ်ဦးတစ်ယောက်ကမှ ကိုယ်ပွားရုပ်သွင်ကိစ္စအပေါ် ရှင်းလင်းအောင် အဖြေမပေးနိုင်သေးချေ။

'DOPPELGANGER'နှင့် ပတ်သက်၍ ၎င်းဝေါဟာရကို ရှင်းလင်းရန် သုတေသီတို့သည် နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြသည်။

အချို့ကလည်း 'ကိုယ်စောင့်နတ်'(GUARDIAN ANGEL) သာဖြစ်သည်ဟု မတင်မကျအဖြေကိုပေးသည်။

အချို့ကလည်း အနာဂတ်တွင် ကြုံတွေ့ရမည်ဖြစ်သော အတိတ်နိမိတ်ကို ကြိုတင်သတိပေးသည့် မိမိ၏'ကိုယ်ပွား' 'စိတ်တန်ခိုးရှင်' (PSYCHIC BODY)ဖြစ်သည်ဟု 'သဘာဝလွန်ဖြစ်ရပ်'နယ်ပယ်သို့ တွန်းပို့ကာ လက်လှမ်းမမီသောအဖြေကို ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းတွင် လူတစ်ဦးစီ၌ 'ကိုယ်စောင့်နတ်' ရှိသလောဟူသော ပြဿနာထင်လာသည်။ ရာဇဝင်စာအုပ်တစ်အုပ်[1] ပါ စစ်ပွဲ[2] တွင် ထိုမင်းသားကျဆုံးရာ ထိုသူကို စောင့်ကြပ်နေရသောနတ်သည် အခြေအနေမဲ့ဖြစ်သွား၍ ငိုကြွေးကြောင်း ဆိုထားသည်။

ထိုရာဇဝင်စာအုပ်ကိုရေးသူမှာ မြန်မာစာပေ၌ အလွန်ထင်ရှားသူဖြစ်၍ ၎င်း၏အကြောင်းကို အကျဉ်းချုပ်၍ အောက်တွင်ဖော်ပြလိုက်ပါသည်။

## သမိုင်းဆရာကြီးဦးကုလား

ဦးကုလားသည် စဉ့်ကိုင်သူဌေး 'ဒေဝသေဋ္ဌိ' နှင့် မြို့စားမျိုးစော်ဘွားမျိုးဖြစ်သော 'မဏိသြသ' တို့မှ မွေးဖွားသူဖြစ်သည်။ အင်းဝဇာတိဖြစ်သည်။ မွေးသက္ကရာဇ် အတိအကျ မသိရချေ။ မြန်မာနှစ် ၁ဝ၄ဝ ခန့် (ခရစ်နှစ် ၁၆၇ဝ ခန့်)ဟု မှန်းဆကြသည်။

ဦးကုလားသည် မဟာရာဇဝင်ကြီးကို မြန်မာနှစ်(၁ဝ၇၆-၁ဝ၉၅)ခုနှစ်အတွင်း အင်းဝဘုရင် တနင်္ဂနွေမင်းလက်ထက်တွင် ရေးခဲ့သည်။ ဦးကုလားသည် ပါဠိအဋ္ဌကထာ၊ ဋီကာကျမ်းများ၊ ရာဇဝင်မော်ကွန်း ချင်းများ၊ ကျောက်စာများကို မှီငြမ်းပြု၍ နောင်လာနောက်သားတို့အကျိုးငှာ မဟာရာဇဝင်ကြီးကို ကြိုးကြိုးစားစား ရေးသားပြုစုခဲ့သည်။

မဟာရာဇဝင်ကြီးတွင် 'ငဆောင်ချမ်း' စစ်ပွဲ၌ သူရဲကောင်းကျဆုံးရာ ၎င်း၏ကိုယ်စောင့်နတ်မှာ စောင့်ကြပ်ရမည့်သူမရှိတော့၍

၁။ မဟာရာဇဝင်ကြီး

၂။ 'ငဆောင်ချမ်းစစ်ပွဲ'





ယခုခေတ်စကားနှင့်ဆိုရသော် 'အလုပ်လက်မဲ့'ဖြစ်သွားသောကြောင့် ငိုကြွေးသည်ဟု ဒဏ္ဍာရီဆန်ဆန် ဖော်ပြထားသည်။

အိန္ဒိယပြည်မှ နာမည်ကြီးဇာတ်တော်ကြီးတစ်စောင်[1]တွင်လည်း မင်းသားနှင့် တစ်ဖက်ရန်သူတို့ စစ်မြေပြင်တွင်တိုက်ကြရာ လူသားများတိုက်သကဲ့သို့ ကိုယ်စောင့်နတ်အချင်းချင်းလည်း စီးချင်းထိုးကြောင်း ဖော်ပြထားသည်။

## 'မုံရွေးဆရာတော်' နှင့် 'သီရိမာလာ' အမေး။ (ကိုယ်စောင့်နတ် တကယ်ရှိ/မရှိ။)

မြန်မာစာဆေတွင် အထူးကျော်ကြား၍ မြန်မာစာပေကို အပတ်တကုတ်၊ အားကြိုးမာန်တက်၊ ပြန်လည်ထူထောင်ကြကုန်သော ရဟန်းပုဂ္ဂိုလ်ပညာရှိများအနက် အထူးထင်ရှားသော မုံရွေးဆရာတော်သည် မုံရွာစီရင်စု ကြေးမုံရွာဇာတိ သက္ကရာဇ် ၁၁၂၈ ခုတွင်ဖွားသည်။

ဆရာတော်၏ ရဟန်းမည်ကား 'အရိယဝံသအာဒိစ္စရံသီ' တည်း။ ဆရာတော်သည် လောကီလောကုတ္တရာ ဗဟုသုတအဖြာဖြာနှင့် ပြည့်စုံသောကြောင့် တစ်ခါသော် (မုံရွာသီရိမာလာ)က မေးခဲ့သော မေးခွန်းများစွာပါဝင်သော မေးခွန်းပေါင်းချုပ်[2]ကို ဖြေကြားခဲ့သည်။ ထိုမေးခွန်းများတွင် (ကိုယ်စောင့်နတ် တကယ်ရှိ/မရှိ)ဟူသော အမေးတစ်ရပ်လည်း ပါဝင်သည်။

ဆရာတော်က လူတိုင်းတွင် 'ကိုယ်စောင့်နတ်တစ်ကျိပ်နှစ်ပါး' ရှိကြောင်း ဖြေကြားခဲ့သည်။ ဆရာတော်၏ ဖြေကြားချက်ကို ထောက်ခံ

၁။ 'မဟာဘာရတ' ဇာတ်တော်ကြီး

၂။ သမန္တစက္ခုဒီပနီ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်မှာ (ဦးယာ)ပင်ဖြစ်တော့သည်။ ဦးယာကား မည်သူနည်း[1]။

သူ့အကြောင်းကို ကွယ်လွန်သူ တက္ကသိုလ်ကျောင်းအုပ်ကြီးဟောင်း(ဦးဖေမောင်တင်)က အောက်ပါအတိုင်း[2] ဖော်ပြထားသည်။

## ဦးယာအကြောင်း

ဦးယာသည် ဘိုးတော်မင်းတရားလက်ထက် ထင်ရှားသော စာဆိုဖြစ်သည်။ ဦးယာ၏ ဖွားသက္ကရာဇ်နှင့် မိဘမည်ရည်များကိုကား မသိရပေ။ စဉ့်ကူးမင်းလက်ထက်တွင် (နေမျိုးမင်းလှကျော်သူဘွဲ့)နှင့် မအူသူသူကြီးသမီး မြောက်နန်းမိဖုရားကြီး၏ အကြီးတော်အဖြစ် ခန့်ထားခံရသည်။

* * *

တစ်ခါသော် ဦးယာက ၁၂ ရာသီအဖြည့်ခံရတုများကို ရေးသားခဲ့ရာ ကွယ်ဝှက်သော ပဟေဠိသဘောများပါသည်။

စာရေးသူတို့ရှာဖွေနေသော (ကိုယ်စောင့်နတ်)ကို တကယ်ရှိသည်။ ထိုကိုယ်စောင့်နတ်များမှာ ၁၂ ပါးပင်ရှိသည်။ ယခုအခါ စိတ်ခတ်မမှန်ကာ တစ်ပါးသူသို့ တိမ်းညွတ်နေသူအား စိတ်ခတ်မှန်သူဖြစ်ပါစေဟု (မယ်)က ဤသို့လျှောက်နေသည်။

ရတုမှာ နှစ်ပိုဒ်သာဖြစ်ကာ 'ဉာဏ်ရည်ထူးသူ'က ကျန်တစ်ပိုဒ်ကို ဖြည့်ရပါမည်။ ကွယ်လွန်သူ မြန်မာစာပေပါမောက္ခဦးမောင်က သင့်လျော်သည့် အနုတ္တသညာ[3]ကို ပေးလိုက်ပါသည်။

---

၁။ ဦးယာ(အဖြည့်ခံရတုများ)

၂။ မြန်မာစာပေသမိုင်း(ကုန်းဘောင်ခေတ် ဒုတိယပိုင်း) နှာ-၂၄၂-၂၄၃

၃။ အနုစာပေကောက်နုတ်ချက်





## ဖွတ်လျှောကျင့်သူ

'စိမ်းလဲ့ဖြူပြာ၊ သည်အခါဖို့၊ ပွင့်လျှာနီမြန်း၊ ရွှေကျေးပန်းကို၊ မြနန်းသေးမျှင်၊ ကုံးကာဆင်၍၊ လူတွင်စောင့်မှတ်၊ ဆယ်ကျော်နတ်ဝယ်၊ ငြိမ်တတ်လှစေ၊ မ,စ,ပေသည်၊ ကျက်သရေလျှံလန်း၊ နတ်များပန်းကို၊ ရည်မှန်းဆက်ကာ၊ တိုင်လျှောက်ပါအံ့၊ မတ်လျာညီမြ၊ ကြည်ဦးကသို့၊ ရှုပစငြိမ်၊ သစ္စာထိမ်သည်၊ လိမ်လိမ်ကွေ့ကွေ့ ဆိုဘိသည်'

ဤရတုအရ လူတွင်စောင့်ကြပ်နေသော ကိုယ်စောင့်နတ်များ တကယ်ရှိသည်။ 'ဆယ်ကျော်နတ်ဝယ်'မှာ ၁၂ ပါးကိုပင် ဆိုပါသည်။

အနောက်တိုင်းအယူအကြည်၊ အယူအဆအရလည်း (GUARDIAN ANGEL)များရှိကြောင်း၊ ဓမ္မသစ်ကျမ်း[1]၊ ဆလာမ်ကျမ်း[2]များတွင် ဖော်ပြထားသည်။

သို့ဖြစ်ရာ ကိုယ်စောင့်နတ်များရှိသည်မှာ အငြင်းမထွက်ပေ။ သို့သော် 'မိမိနှင့် တထေရာတည်းတူသောရုပ်သွင် ဖြစ်နေသဖြင့် 'ကိုယ်စောင့်နတ် တစ်ကိုယ်နှစ်ပါးအနက် တစ်ပါးပါးသာ ဖြစ်နိုင်သည်' ဟု ဆိုသင့်ပေလသည်။

မြန်မာစာပေကျမ်းဂန်များတွင် ''စေတီယမင်း' ဟူ၍ရှိသည်။ ၎င်းမင်းသည် အတိတ်ကကြီးလွန်းသူဖြစ်၍-

၁။ နှုတ်ခမ်း(ခံတွင်း)မှ ကြာညိုနံ့သင်းခြင်း၊

၂။ နတ်ပြည်သွားနိုင်ခြင်း၊

၃။ နတ်ပါးလေးပါးစောင့်ခြင်း၊

---

၁။ NEW TESTA(ဖွတ်လျှောကျင့်သူ)MENT ၂။ 'SALEM'



www.burmeseclassic.com

www.burmeseclassic.com



စသော ဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံသည်။ ထိုမင်းသည် ‘ဆ ဒေါသာ၊ ဘယာ၊ မောဟာ ဟူသော ဂတိလေးပါးကိုလိုက်စား၍ ဆက်ခံရေးတွင် ‘ကြီးသူကိုငယ်၊ ငယ်သူကိုကြီး’ စသည်ဖြင့် ‘မ သက်သေ’ အဖြစ်ဆောင်ရွက်ရာ (မုသာဝါဒကံ)ထိုက်သည်။

ဤ၌ စာရှုသူများ ဗဟုသုတဖြစ်စိမ့်သောငှာလည်းကော မဟုတ်မမှန် စကားဆိုတတ်ခြင်း၏ မကောင်းကျိုးကိုသိရန် ကောင်း၊ (စေတီယမင်း)အကြောင်းကို ကျမ်းဂန်[၁]ကိုမှီး၍ အကျဉ်း ဖော်ပြလိုက်ပါသည်။

‘စေတီယမင်း’သည် အတိတ်ကံအလွန်ကြီးသူ၊ ဘုန်းတ အလွန်ကြီးသူဖြစ်၍ အထက်တစ်နေရာတွင် ဖော်ပြထားသ ထူးခြားသောဆုများနှင့် ပြည့်စုံသည်။ တစ်ခါသော် ၎င်းထံ အမြဲစားနေသော ပရောဟိတ်ကြီး သေဆုံးပြီဖြစ်၍ ၎င်းအား ဆ ရန် သားနှစ်ယောက်အနက် တစ်ယောက်ကို ရွေးချယ်ရမည်ဖြ

ပရောဟိတ်၏သားငယ်နှင့် စေတီယမင်းမှာ လွန်စွာရင် (အငယ်သား)ကို ပရောဟိတ်ရာထူး ရစေလိုသည်။ သို့ဖြစ်၍ လေးပါးလိုက်စားကာ (အငယ်သည်အကြီးပါ)ဟု မတရားသ လိုက်သည်။

ဂတိလေးပါး[၂]မှာ

၁။ ချစ်ခင်သဖြင့် ကျူးလွန်မိသော(ဆန္ဒာဂတိ)၊

၂။ မုန်းတီးသဖြင့် ကျူးလွန်မိသော(ဒေါသာဂတိ)၊

---

၁။ ဇာတကဝတ္ထုများ

၂။ လောကသာရပျို့ (ကန်တော်မင်းကျောင်းဆရာတော်)





၃။ ကြောက်ရွံ့သဖြင့် ကျူးလွန်မိသော(ဘယာဂတိ)၊

၄။ မသိစိတ်၊ အဝိဇ္ဇာဖုံးသဖြင့် အမှန်ကိုတကယ်မသိသဖြင့် ကျူးလွန်မိသော(မောဟာဂတိ)၊

ဤဂတိလေးပါးကို ကျူးလွန်သဖြင့် စေတီယမင်းသည် ‘မဟုတ်မမှန်ပြောဆိုခြင်း’ဟူသော ‘မုသာဝါဒကံ’ထိုက်ကာ–

၁။ ခံတွင်းနံ့မကောင်းခြင်း၊ ပုပ်နံ့ညှီဟောင်ခြင်း၊

၂။ နတ်ပြည်သို့ မသွားနိုင်တော့ခြင်း၊

၃။ စောင့်ကြပ်နေသော နတ်သားလေးပါးကွယ်ခြင်း

စသော ဆိုးကျိုးများ ခံစားရရုံမက မြေပင်မျိုကာ ငရဲကျသည်။ ထို့ကြောင့် ကန်တော်မင်းကျောင်းဆရာတော်(အချို့သော မှတ်တမ်းများအရ ရှင်သူမြတ်ဟုဆို)က–

‘ဆန္ဒာ၊ ဒေါသာ၊ ဘယာ၊ မောဟာ၊ အပယ်ကျသား၊ မေ့လေးမည်၊ ဂတိတည်လျက်’ဟု စပ်ဆိုထားသည်။

ရတနာပုံခေတ်က ဦးပုညနှင့်အပြိုင် နာမည်ကြီးခဲ့သော စာဆိုတစ်ယောက်[၁]ကလည်း အောက်ပါအတိုင်း တေးထပ်ရေးစပ်ခဲ့လေသည်။

## လွဲပါဘူ့ သမုဒ္ဒေ

အတ္တာဝါကုန်ခြောက်လို့၊ ယုန်ထောက်ကာမှီစေ၊ ဘုံအောက်လွှာ မဟီဖွေဝယ်၊ ကြည်လနေပေါ်အုံး၊ အာကာသထက်ဖွေချာမှာ၊ မြက် မြေဇာပေါက်တော့မမုန်း၊ မြမြင့်မိုရ်ရှုစွန့်ဝယ်၊ မှုံဝံကြယ်ကြွေအုံး၊ ထူညွှန့်မယ်၊ သွေမမုန်းပါဘု၊ ရွှေနှလုံးသစ္စာ၊ အလောင်းတော်ငှက်

---

၁။ အချုပ်တန်းဆရာဖေ



www.burmeseclassic.com

www.burmeseclassic.com



ရွှေငုံ့ လို့ပ၊ သက်သေထုံးနွန်းနှင့်မကျွာ၊ စေတီယမင်းညစ်မ
ယှဉ်းသစ္စာသွေလွဲက၊ မြေစွဲလို့ငရဲပြေ၊ မြဲခံရဆေ၊ လွဲပါဘုသမုဒ္ဒွေ
ဥပဒေထားပါတော့လေး။

အချုပ်တန်းဆရာဖေရေးစပ်သော တေးထပ်မှာ 'သိဂ္ဂါရ
လွှမ်းသော အဖွဲ့အနွဲ့ဖြစ်၍ ဤတွင် မသက်ဆိုင်လှဟု
တက်စရာရှိသည်။

ဖော်ပြလိုသော အဓိကအချက်မှာ စေတီယမင်းတွင်
ကိုယ်စောင့်နတ်များအပြင် ရှေးဘဝက ဏာမာဝစရ ဘုန်းကြေ
နတ်သားလေးပါး အပိုစောင့်ရဲကြောင်း ထင်ရှားလို၍ ဖြစ်ပါသ

တစ်ကြောင်းလည်း ရှေးသူကြီးများသာမက ဗုဒ္ဓဘာသာ
တိုင်း(မှသာဝါဒက်)ကို အလေးတယူ စောင့်ထိန်းရကြောင်း၊ စာ
သီလ၊ ဝါရိတ္တသီလနှစ်မျိုးတွင် စာရိတ္တသီလကို မစောင့်ထိန်းပါ
အပြစ်ရှိကြောင်း၊ လောကီဥပဒေအရလည်းကောင်း၊ လောကုတ္တ
ဥပဒေအရလည်းကောင်း အရေးယူခံရမည်ဖြစ်ကြောင်း သတိချ
လို၍ ဖြစ်ပါသည်။

ဤတွင်ရွှေ့ကား 'ကိုယ်စောင့်နတ်'ပြဿနာ ပြေလည်
သလောက် ပြေလည်ပြီဟု ဆိုချင်ပါသည်။ ဖော်ပြပါ DOP
GANGER ကား ကိုယ်စောင့်နတ်က ဖန်ဆင်းကာ သတိပေးသေ
ရုပ်သွင်လည်းဖြစ်နိုင်၏။ 'မနောကိုယ်ပွားရုပ်သွင်'(ဝါ)စိတ်တန်ခိုး
(PSYCHIC BODY)လည်း ဖြစ်နိုင်၏ဟု အခိုက်အတန့်အား
လက်ခံထားသင့်သည်ဟု ယူဆမိပေသတည်း။ ❑

၁။ ဘုရားလောင်းငုံ့မင်းဝတ္ထု (ဗဋ္ဌသုတ်၊ ပရိတ်ကြီးဋီကာ)

# ကြိုတင်ဟောကိန်းများနှင့် တင်ကူးသတိပေးချက်များ

## (Predictions and Premonitions)

'ဒီပင်္ကရာဗုဒ္ဓမြတ်စွာ'သည် 'အနာဂတံသဉာဏ်'ဖြင့်ကြည့်၍
ရှေ့တွင် ခန္ဓာကိုယ်ကို ထံတားခင်းပူဇော်သော သုမေဓာရှင်ရသေ့
'နိယတဗျာဒိတ်'ပေးလေသည်။[၁]

'ဗျာဒိတ်'ဟူသော ဝေါဟာရကား ဗုဒ္ဓမြတ်စွာတို့တွင်သာ
ရှိမည့် ဝေါဟာရဖြစ်သည်။ သက္ကတဘာသာ(ဗျာဒိတ္တ)မှလာ၍
း‌တစ်စောင်[၂]တွင် အောက်ပါအတိုင်း အဓိပ္ပာယ်ဖော်ပြပေးထား
ည်။ ဗျာဒိတ်/btadei/n Pre or dainment of events made by
ddha.

သို့ဖြစ်၍ (ဗျာဒိတ်)ဟုမသုံးဘဲ 'ကြိုတင်ဟောကိန်းထုတ်ခြင်း'
ဟ သာမန်ဆိုသင့်သည်။

အလင်္ကာရကျော်စာတော်(ဒုတိယမြိထီးဆရာတော်)
မြန်မာ–အင်္ဂလိပ်အဘိဓာန်



www.burmeseclassic.com

www.burmeseclassic.com



ဝေဒပညာတွင် တစ်ဖက်ကမ်းခတ်ကျွမ်းကျင်လှသော ပဥ္စဝဂ္ဂီငါးပါးတွင် တစ်ပါးဖြစ်လာမည့် (သုဒတ္တ)ပုဏ္ဏားက အလောင်းမင်းသားအား လက်ညှိုးတစ်ချောင်းသာထောင်၍ 'ဘုရားကေန်'ဖြစ်မည်ဟုဆိုနိုင်ခြင်းမှာ ဝေဒပညာမှ ထပ်ဆင့်ပြန့်ပွားလာသော ပညာတစ်ရပ်[1]အရသာ ဖြစ်သည်။

'ဒေဝီလရသေ့'သည် ရှေ့ကို ကမ္ဘာလေးဆယ်၊ နောက်ကို ကမ္ဘာလေးဆယ် ကြည့်မြင်နိုင်သူဖြစ်၍-

'ငါသည် ဘုရားစင်စစ်ကေန်ဖြစ်မည့် အလောင်းတော်အားမျက်ဝါးထင်ထင် ဖူးတွေ့ရပြီ'ဆိုကာ ဝမ်းသာ၍ရယ်၏။

သို့သော် သူ့တွင်ရထားသော လောကီအဘိညာဉ်[2] အရ အလောင်းမင်းသား ဘုရားမဖြစ်မီပင် လူ့ပြည်မှစုတေ၍ (အရူပဘုံ)၌ ဖြစ်ရလေမည်ဟု မြင်၍ငို၏[3]ဟုဆိုထားရာ ကြိုတင်ဟောကိန်းထုတ်ခြင်းတစ်မျိုးပင် ဖြစ်သည်။

သို့ဖြစ်၍ လောကီဂမ္ဘီရပညာတတ်ကျွမ်းသူများ၊ ဝေဒပညာကျွမ်းကျင်သူများ၊ အကြားအမြင်ရသူများ၊ နတ်မျက်စိ၊ နတ်နားရထားသူများသည် ပုဂ္ဂိုလ်တစ်စုံတစ်ယောက်၏ 'ရှေ့ဖြစ်'ကို ကြိုတင်၍ ဟောကိန်းထုတ်နိုင်၏။

ဆက်လက်၍ (REX MAGUS)ဆိုသူပြုစုသည့် (သဘာဝထူးခြားဖြစ်ရပ်များ)စာအုပ်ကိုမှီး၍ အောက်ပါအတိုင်း ဖော်ပြပါမည်။

ကျွန်ုပ်တို့သည် တစ်စိတ်တစ်ဒေသအားဖြင့် 'အနာဂတ်'ကို

---

၁။ 'ဝေဒသဗ္ဗာကရဏ'ပညာ၊ (စကားတစ်ခွန်းသာအတိအကျဆို)

၂။ INSIGHT POWER

၃။ ဥတ္တမပုရိသဒီပနီ





ကြိုတင်မြင်နိုင်ကြ၏။ ယုတ်စွအဆုံး အနည်းအကျဉ်းတော့ သိကြလသည်။

ကျွန်ုပ်တို့ ဤသို့ဆိုနိုင်ခြင်းမှာ နိယာမ[1]သဘောကို ဆိုခြင်းစ်သည်။ နက်ဖြန် အရှေ့အရပ်မှ နေထွက်လာလိမ့်မည်ဟု ကြိုတင်နိုင်သည်။ မည်သို့သော အချိန်အခါတွင် နေကြတ်၍ (နေ)၏နေရာင် (လ)ကဝင်ရောက်အစား နေရာယူလိမ့်မည်ကိုလည်း သိနိုင်သည်။

လောကီပညာတွင် 'တိဗက်လူမျိုးများသည် အထူးချွန်ဆုံး ဆိုနိုင်သကဲ့သို့ အတွက်အချက် 'ကကုလပညာ'(CALCULUS) ညာတွင် အီဂျစ်တို့သည် ထက်မြက်ကြသည်။

အီဂျစ်ကို ရှေးဟောင်းစာပေများ၌ 'အဲဂုတ္တ'ပြည်ဟုခေါ်သည်။ ရမစ်ကြီးကို တည်ဆောက်ရာ၌ အုတ်မည်မျှကုန်မည်၊ အုတ်များကို င်းမြစ်မှ လုပ်ငန်းခွင်အရောက် မည်သို့သယ်ဆောင်မည်၊ တည်ပြီး ရမစ်ကြီး၏ အုတ်အလွှာကြားသို့ နောင်နှစ်ပေါင်း မည်မျှကြာသော ခါ နေရောင်ခြည်ဝင်လာမည်။ မည်သို့သောအခါ နေကြတ်မည်။ သည်တို့ကို အတွက်အချက်အရ ကြိုသိနေကြသည်။ အီဂျစ်ပြည် ၌င် လေ့လာစရာများစွာရှိနေရာ အီဂျစ်ကို 'မနုဿဗေဒ' (AN HROPOLOGY)ရှုထောင့်မှ လေ့လာသောပညာရပ်ကို 'အဲဂုတ္တဗေဒ' EGYPTO LOGY)ဟုခေါ်ပေသည်။

'ကျွန်ုပ်တို့သည် ရာသီဥတု (မိုးလေဝသ) အခြေအနေကို လဗေဒပညာ)[2]အရ တိကျနိုင်သမျှ တိကျအောင် တွက်ချက်ယူနိုင်သည်။ ထိုသို့လုပ်ခြင်းသည် 'ကြိုတင်ဟောကိန်းထုတ်ခြင်း'[2] တစ်မျိုး

---

METEOROLOGY ၂။ PREDICTION



www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်သည်။ ထိုပညာအရ မြေငလျင်လှုပ်ခြင်း[၃]၊ မီးတောင်ပေါက်ကွဲခြင်း[၄]များကိုလည်း တွက်ချက်ရယူနိုင်သည်။ ကျွန်ုပ်တို့သည် ထိုပညာအရပင် ရာသီဥတုကို ကြိုတင်ခန့်မှန်းခြင်း[၅]၊

ဤ၌ 'PRE' ဟူသောဝေါဟာရနှင့် 'FORE' ဟူသော ဝေါဟာရများ အဓိပ္ပာယ်မတူပြန်ချေ။ 'PRE' မှာ ရုတ်တရက်ပေါ်ပေါက်လာသော 'မနောသိအာရုံ' အရဖြစ်စေ၊ 'အမြင်အာရုံ' VISION အရဖြစ်စေ 'ကြိုတင်ပြောပြခြင်း' ဖြစ်၍ သိပ္ပံနည်းကျသည်ဟု မဆိုနိုင်။ 'ရာသီဥတုခန့်မှန်းခြင်း' (WEATHER FORE CASTING) မှာကား လေတိုက်နှုန်း မြေပြင်၏စိုစွတ်မှု စသည်တို့ကို အခြေခံသည်ဖြစ်၍ သိပ္ပံနည်းကျသည်ဟု ဆိုနိုင်သည်။

ဤ၌ သမိုင်းဖြစ်ရပ်များကို အခြေခံ၍ အောက်ပါအတိုင်း ဆိုပါဦးမည်။

(၁) ခရစ်ယာန်ဘာသာအရ 'မောရှေ'[၆]ကို ဂျူးလူမျိုးများက 'ကယ်တင်ရှင်'[၇]ဟု သတ်မှတ်ကြသည်။ သူသည် တောင်ပေါ်မှ ကျောက်ချပ်တစ်ခုကိုရရှိခဲ့ရာ ထိုကျောက်ပြားပေါ်တွင် ဘုရားသခင်၏ ပညတ်ချက်ပါသည်ဆို၏။ ထိုပညတ်ချက်များကို ပြန်ဟောကြားရာ 'တောင်ကုန်းပေါ်မှ တရားတော်'[၈]ဟုခေါ်သည်။ ထိုပညတ်ချက်များသည် 'ကြောင်းကျိုးနိယာမ'[၉]အရသက်သေပြရန်မလိုသောလိုက်နာမည့် အချက်များပင်ဖြစ်၍ (PROPHESY PREDICT) သဘောသက်ဝင်သည်။

---

၃။ EARTHQUAKE
၄။ VOLCANIC ERUPTIONS
၅။ WEARHER FORE CASTING
၆။ MOSES
၇။ MESSIAH
၈။ SERMON OF THE MOUNT
၉။ LAW OF CAUSE AND EFFECT (တစ်နည်း) 'ဟေတု-ဖလ နိယာမ'





[၁](၂) မြန်မာစာပေတွင် စကားပြောကျွမ်းကျင်လှသော 'စကားတောင်စားအမတ်' ဟူ၍ရှိသည်။ ၎င်း၏အရှင်သခင် ဘုရားမင်းမြတ်သည် ဘုရားဖူးမှအပြန်တွင် မိုးရိပ်ဆင်လာသဖြင့် 'မိုးရွာတော့မည်ထင်၏' ဟု အမိန့်ရှိရာတွင် လက်ခွတ်၍ ပူစရာမရှိပါ။ နန်းတော်ပြန်ရောက်၍ (တမောင်း)ကြာမှ မိုးရွာပါမည်ဟု ပြောခြင်းမှာလည်း 'အနုမာန' သဘောသက်ဝင်၍ (PREDICTION)ဟု ခေါ်ရမည်သာ။

(၃) အမတ်ပညာရှိ(ဦးနိုး)အား တစ်ပါးပြည်မှ အမတ်များက 'ဤအထဲတွင် ဘာသီးရှိသနည်း' ဟု မေးသည်။ အမတ်က ပတ်ဝန်းကျင်ကို လေ့လာလိုက်ရာ စောင်များကိုတွေ့ရသည်။ အောက်အလွှာမှာအနက်၊ အလယ်အလွှာမှာအနီ၊ အပေါ်အလွှာမှာအစိမ်း ဖြစ်နေသဖြင့် သစ်သီးဆိုပါမူ အခွံစိမ်း၊ အသားနီ၊ အစေ့မည်းမည်ဖြစ်၍ 'ဖရဲသီး' ဟု အဖြေထုတ်လိုက်သည်။[၂]

ဤသည်မှာလည်း စိတ်အထင်မှန်းဆချက်အရ ပြောလိုက်ခြင်းဖြစ်၍ (PREDICTION)သဘောသက်ဝင်သည်ဟု ဆိုသင့်သည်။

မြန်မာစကားတွင် စိတ်သည် သန့်ရှင်းကြည်လင်(စိတ္တဝိသုဒ္ဓိ) ဖြစ်ပါက 'ရေကြည်ကအရိပ်ထင်၊ စိတ်ကြည်ကနိမိတ်ထင်' သဘောပင်ဖြစ်ကြောင်း ကျမ်းဂန်များတွင် ဆိုပါသည်။

REX MAGUS ၏အရေးအသားကို ဆက်လက်ဖော်ပြပါမည်။

နောက်ဆုံးတွင် (နှစ်)နှင့် (နှစ်)ပေါင်းသော် (လေး)ဖြစ်မည်ကိုပင် သင်္ချာနည်းအရတွက်ချက်၍ 'သင်္ချာဆိုင်ရာ ညီမျှခြင်းကိန်းတန်း'[၃]

---

၁။ အပယ္ယတော်မင်္ဂလာကျမ်း
၂။ အခြေခံဝိပဿနာတရားတော်(မဟာစည်ဆရာတော်)
၃။ MATHEMATICAL EQUATION



www.burmeseclassic.com

www.burmeseclassic.com



များ ထုတ်နိုင်ခဲ့သည်။ သို့သော် အရာရာတိုင်းကို ကျွန်ုပ်တို့ခန့်မှန်းကာ ကြိုတင်ပြောနိုင်ခြင်း ရှိပါသလော၊ ဤအချက်ကို ဆန်းစစ်ရန် လိုပေမည်။

[ 'PREDICTION' ကိုကား 'ကြိုတင်ဟောကိန်းထုတ်ခြင်း' ဟု ဆိုလိုက်သော် ကန့်ကွက်သူ မရှိနိုင်တော့ချေ။ သို့ရာတွင် 'PREDICTION' ဟူသော ဝေါဟာရကိုပင် 'တင်ကူးသတိပေးချက်' ဟု ဆိုလိုက်သော် အနည်းငယ်အဓိပ္ပာယ်ငုပ်သွားမည်ဟု ယူဆပါသည်။ အကြောင်းမူ ထိုဝေါဟာရကို အနက်ပြန်ရာတွင် 'တင်ကူးသတိပေးချက်' အစား 'ကြိုတင်နိမိတ်မြင်ခြင်း' ဟု အသုံးများနေခြင်းကြောင့် ဖြစ်ပါမည်။

ငင်းအနက်အဓိပ္ပာယ်များမှာ အခြေခံအားဖြင့် တူညီသော သဘောရှိပါသည်။ သဘာဝလွန်နယ်ပယ်တွင် ကြိုတင်နိမိတ်မြင်သော သာဓကများစွာရှိရာ ကျိုးကြောင်းဆက်နွယ်၍ ဖော်ပြပါဦးမည်။

(၁) 'မကဒူး' သည် တစ်ညအိပ်ပျော်နေစဉ် 'မိမိချက်မှ အူများ ထွက်၍ မြို့ကိုပတ်ရသည်ဟု အိပ်မက်မြင်သည်။ နံနက်အခါ လှေဖြင့် ခုန်ဆင်းစဉ် ထိုးဝါးဖြင့်ထိုးရာ၌ ထိုဝါးတွင် ရွှေလင်ပန်းများ ချိတ်ပါလာရာ အိပ်မက်ကောင်းလှသည်။ ဤမှုဖြင့် မရောင့်ရဲနိုင်ဟုဆိုကာ ရွှေလင်ပန်းများကို 'ခါထွက်' ပစ်ခဲ့သည်။ ကုန်ကူးနေစဉ်ကလည်း တံပိုးကို မိုးကြိုးပစ်သည်။ ထိုအခါ 'လျှပ်စစ်အဝန်း' အတွင်း 'ပြသာဒ် တစ်ခု' ကိုမြင်ရာ နိမိတ်ထူးလှသည်ဟု မှတ်ယူလိုက်သည်။ ဤနေရာ၌ 'ကြိုတင်နိမိတ်' က ဦးစွာထင်လာခြင်းဖြစ်သည်။ နောင်အခါ ပဏ္ဍိတ် တစ်ယောက်က နိမိတ်ဖတ်ခြင်းမှာ အဆိုပါနိမိတ်ပေါ်တွင် မူတည်၍





'ကြိုတင်ဟောကိန်း' ထုတ်ကာ 'ဘုရင်ဖြစ်မည်' ဟုဆိုခြင်းဖြစ်၏။[၁]

(၂) မြန်မာ့သမိုင်းတွင် ညောင်ရမ်းခေတ်သည် သက္ကရာဇ် ၁၁၁၃ တွင် မွန်တို့ကြောင့် ပျက်ခဲ့၏။ အလွယ်မှတ်ရန် (ဥသြဥဓော- နန်းကလျော)ဟု ကဗျာသွယ်ထား၏။ ထိုစဉ် မုဆိုးဖိုမှ အလောင်းမင်း တရားပေါ်လာ၏။ သူကား မင်းဖြစ်မည့်သူဖြစ်၍ လက်ရုံးမှ မီးထ တောက်သည်။ အတိုကောက်(ဥသြဥလာ-ကုန်းဘောင်လောင်းရာဇာ) ဟုခေါ်ထားသည်။ ဤတွင် လက်ရုံးမှ မီးထတောက်သည်မှာ 'ကြိုတင်နိမိတ်' ပင်ဖြစ်၏။[၂]

(၃) ညောင်ရမ်းခေတ်ပျက်ပြီး တိုင်းပြည်မငြိမ်မသက်ဖြစ်နေ စဉ် ဟံသာဝတီရှိ ဘုရားတစ်ဆူ၏ ထီးတော်ထက်တွင် ကြက်မ တစ်ကောင်တက်ဥရာ ဘုရားလူကြီးများ ခြောက်လှန့်လွှတ်သော ကြောင့် ကြက်မအဝေးသို့ပြန်ပြေးရာ (ဥ)ကိုရလိုက်သည်။ (ဥ)ကို စစ်ဆေးရာ (ချ-ဓာ-လာ-ချာ-ကော-ဂါ)ဟူသော စကားလုံးများကို တွေ့ရသဖြင့်-

မွန်တို့ကြောင့် ဟံသာဝတီပျက်ကာ တောစိုးသစ်ပင်၊ ချုံနွယ် ပိတ်ပေါင်းတို့ဖြင့်ပြွမ်းသော ဖုန်းဆိုးမြေဖြစ်ခဲ့ပြီ။

'ထိုမြက်သစ်ပင်တို့ဖြင့် တောအတိဖြစ်နေသော မြေကို မြန်မာ မင်းလောင်းဟာ ပြန်ပြုပြင်အံ့' အဓိပ္ပာယ်(နိမိတ်)ကို ဆရာတော်တစ်ပါး က ဖတ်သည်။

---

၁။ ရာဇဝိရာဇ်အရေးတော်ပုံ

၂။ အလောင်းမင်းတရားအရေးတော်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် 'ကြိုတင်နိမိတ်'ပေါ် ထပ်ဆင့်၍ 'ကြိုတင်ဟောကိန်း'ထုတ်လိုက်ခြင်းဖြစ်သည်။[၁]

(၄) တစ်ခါတွင် ဟံသာဝတီ၌ ငါးကြီးတစ်ကောင်သည် ကမ်းခြေတစ်နေရာတွင် သောင်တင်ကာ သေပြီးပုပ်ပွနေသော်လည်း (ဦးခေါင်း)နှင့်(အမြီး)တို့ ပြုတ်နေကြောင်း တွေ့ရသဖြင့် ဆရာတော်အား သွားလျှောက်ရာ 'ဟံသာဝတီကို မြန်မာတွေပဲ ဆက်အုပ်ချုပ်ရမှာ မလွဲတည်း'ဟု နိမိတ်ဖတ်သည်။[၂]

(၅) အရက်မူးလွန်နေသော မင်းတရားရွှေထီးကို သမိန်စောထွတ်၏ စေခိုင်းချက်အရ လက်ဝဲဓားမှူးကလုပ်ကြံရာတွင် ဦးခေါင်းပြတ်ကာ သလွန်ထက်မှကျသော်လည်း မျက်တောင်ခတ်နေဆဲဖြစ်၍ 'ဓော်တိကာရုံဆရာတော်'က 'မြန်မာ့ထီးနန်းကို မြန်မာတွေသာ ဆက်လက်အုပ်စိုးရမည်'ဟု နိမိတ်ဖတ်သည်။[၃]

မြန်မာ့သမိုင်း၌ ဤသို့ 'ကြိုတင်နိမိတ်ထင်ခြင်း'ဖြစ်ရပ်များမှာ ပေါ်များလှပေသည်။ ယခုဆက်လက်၍ နိုင်ငံခြားဖြစ်ရပ်များမှ ဖော်ပြဦးပါမည်။

(၆) ဗြိတိန်ပြည်မှ 'ဟယ်လင်ဟက်ချာ'ဆိုသူသည် တစ်နေ့တွင် အလွန်ထင်ရှားသော နိမိတ်တစ်ခုကို အောက်ပါအတိုင်းမြင်သည်။

ခရီးသည် ၁၂၄တင်ဆောင်လာသော လေယာဉ်ကြီးပျက်ကျသွားသည်ကိုမြင်ရာ နောင်တစ်ပတ်အကြာ တကယ်လေယာဉ်ပျက်ကျသောသတင်းကို ဖတ်ရတော့သည်။

---

၁။ နေမိရကန် ၂။ နေမိရကန်
၃။ မှန်နန်းရာဇဝင်ကြီး





(၇) အမေရိကန်သမ္မတ 'လင်းကွန်း'၊ 'ကနေဒီ'တို့လုပ်ကြံခံရမည်ကို ဂမ္ဘီရပညာရှင်များက ကြိုတင်နိမိတ်တင်သည်။ ကြိုတင်ဟောကိန်းထုတ်နိုင်သည်။

သဘာဝဖြစ်ရပ်များကား 'ဘာကြောင့် ဘယ်လို'ဟု ရှင်းမပြနိုင်သော်လည်း 'အနုတ္တမ'ရှိနေသည်ကား အမှန်ပင်။]

ယခုဆက်လက်၍ REX MAGUS ၏ အရေးအသားကို ဆက်လက်ဖတ်ရှုပါဦး။

'ကျွန်ုပ်တို့သည် နံနက်ဖြန်ခါ သေဆုံးမည်။ နံနက်ခါအထိ အသက်ရှင်နေမည်ဟူ၍ကား မခန့်မှန်းနိုင်။'

[ဤအယူအဆမှာ ဗုဒ္ဓတရားတော်နှင့် ကိုက်ညီသည်ဟု ဆိုနိုင်သည်။ ဗုဒ္ဓဟောကြားသော တရားတော်များတွင် 'မသိငါးပါး'ဟူ၍ပါသည်။

'မသိငါးပါး'ဟူသည်ကား—

(၁) မည်သည့်အသက်အရွယ်၌ သေရမည်ကို ကြိုတင်မသိနိုင်။

(၂) မည်သည့်ရောဂါဝေဒနာခံစားပြီး သေရမည်ကိုလည်း မသိနိုင်။

(၃) မည်သည့်အချိန်အခါ၌ သေမည်ကိုလည်း ကြိုမသိနိုင်။

(၄) မည်သည့်ရပ်ရွာဒေသ၌ သေရမည်ကိုလည်း မသိနိုင်။

(၅) သေပြီးသောအခါ၌လည်း မည်သည့်ဘုံ၊ မည်သည့်ဌာနသို့ ရောက်မည်ကိုလည်း ကြိုမသိနိုင်။]

'ကျွန်ုပ်တို့သည် နောင်ဘဝတွင် မည်သည့်မိဘများ၏ သားသမီးဖြစ်ရမည်ကိုလည်း ကြိုတင်မသိနိုင်။ 'ခေတ်အဆက်ဆက်မှ



www.burmeseclassic.com

www.burmeseclassic.com



နက္ခတ္တဗေဒဆရာများ[၁]၊ ရှေ့ဖြစ်ဟောပုဂ္ဂိုလ်များ[၂]အမြင်၊ အကြားရ ပုဂ္ဂိုလ်များ[၃]များသည် အနာဂတ်နှင့်ပတ်သက်သော အကြောင်းများကို ဟောပြောခြင်းဖြင့် ဝင်ငွေကောင်းကောင်း ရခဲ့ကြသည်။'

နက္ခတ္တဗေဒပညာရှင်များ၊ ဝေဒပညာရှင်များ အကြားအမြင်ရ ပုဂ္ဂိုလ်များ၏ ဟောပြောချက်မှာ (ဒိဋ္ဌအမြင်မဟုတ်၍) လက်ခံရန် မလွယ်။

ဘုရားရှင်လက်ထက်က ဦးခေါင်းခွံကို လက်နှင့်ထောက်ကာ 'လားရာဂတိ' ကို ပြောနိုင်သော ဝေဒပညာရှင်တစ်ယောက်[၄]ရှိသည်။ ဤအတတ်ပညာမှာ စင်စစ်သော် အကျိုးမရှိဟု ဗုဒ္ဓက ဟောတော်မူသည်။

စင်စစ်အားဖြင့် လက်ရှိဘဝတွင် အသက်ရှင်နေခိုက် (ကမ္မနိယာမ)[၅]အရ ဒုစရိုက်ကိုရှောင်၊ သုစရိုက်ကိုဆောင်ရန် လွန်စွာအရေးကြီးကြောင်း သတိပေးလိုပါသည်။ ပို၍သတိပြုရန်မှာ သေဆုံးပြီးနောက် အောက်ပါ(ဂတိ)များသို့ ရောက်နိုင်ကြောင်း ဖော်ပြလိုက်ပါသည်။

၁။ ASTROLOGERS
၂။ FORTUNE-TELLERS
၃။ FORE-SEERS
၄။ ဝင်္ကီသဗုဒ္ဓါး
၅။ LAW OF KAMMA (KARMA)





## ဂတိငါးပါး

(၁) ဒေဝဂတိ–နတ်ပြည်၊ ဗြဟ္မာပြည်များသို့ရောက်ခြင်း၊

(၂) နိရယဂတိ–ငရဲဘုံများသို့ရောက်ခြင်း၊

(၃) တိရစ္ဆာနဂတိ–တိရစ္ဆာန်များဖြစ်ခြင်း၊

(၄) ပေတဂတိ–ပြိတ္တာဖြစ်ခြင်း၊

(၅) မနုဿဂတိ–လူပြန်ဖြစ်ခြင်း၊

လူများသည် သေလွန်ပြီးသောအခါ မည်သည့်ဘုံဌာနသို့ ရောက်ရသည်ကို အလွန်သိလိုကြသည်။ 'ASTROLOGY' ခေါ် 'နက္ခတ္တဗေဒ'ပညာသည် ဂုဏ်ယူဖွယ်ကောင်းသော သိပ္ပံပညာဖြစ်၍ ၎င်း၏သက်တမ်းမှာ 'ယဉ်ကျေးမှု'နှင့်အတူ ဖွံ့ထွားလာခဲ့ပါသည်။

ကမ္ဘာ့သမိုင်းကို လေ့လာရာ၌ ကျောက်ခေတ်လူသားဘဝမှ မျက်မှောက်ခေတ်သို့တိုင် ပြောင်းခဲ့ရာတွင် လူသားတို့၏ လူနေမှုစနစ်သည်လည်း ပြောင်းလဲလာရပေသည်။

ထိုခေတ်လူသားတို့သည် အားလပ်ချိန်များတွင် ပန်းချီရေးဆွဲကြသည်။ သို့ဖြင့် စပိန်ပြည်ရှိ ကျောက်ခေတ်လူသားတို့နေထိုင်ခဲ့သော ဂူများ၏နံရံတွင် ပန်းချီလက်ရာများ ကျန်နေခဲ့ခြင်းဖြစ်သည်။

ထိုခေတ်လွန်မြောက်သော် တိရစ္ဆာန်မွေးမြူသောခေတ်သို့ ရောက်ခဲ့သည်။ ထိုခေတ်တွင် မိမိတို့မွေးထားသော တိရစ္ဆာန်များကို 'ရေကြည်ရာ မြက်နုရာ' လှည့်လည်ထိန်းကျောင်းသော အစဉ်အလာ ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါသော် သားအဖနှစ်ယောက်သည် မိမိတို့၏ဆိတ်များနှင့် သိုးများကို လှည့်လည်ထိန်းကျောင်းရင်း မိုးချုပ်သွားသဖြင့် ဂေါ့ယင် ပင်လယ်ကမ်းနား၊ သဲသောင်ပြင်ပေါ်တွင် အိပ်လိုက်ကြ၏။

ကောင်းကင်တွင် လမင်းက ထိန်ထိန်သာနေသည်။ ညချမ်း ချိန်ခါတွင် တိုက်ခတ်လေ့ရှိသော (လေနုအေး)သည် စွံပလွံပင်များ ကြားတွင် တိုးဝှေ့လာနေသည်။ မိုက်ဆာသည်ကို စွံပလွံသီးများစား၍ ရေသောက်ကာနေလိုက်သော်လည်း သားငယ်၏ အမေးစကားကို ဖခင်က ဤသို့ဖြေကြားနေရသည်။

သားငယ်။ ။မိုးပေါ်က ကြယ်တွေဟာ အမြဲဒီလိုပဲ ရှိနေ သလား အဖေ။

ဖခင်။ ။အမြဲအတည်တကျ မရှိပါဘူး၊ ရွေ့လျားနေတာပဲ။ ဒါပေမဲ့ မြောက်အရပ်မှာရှိတဲ့ (ဓူဝံကြယ်)ကတော့ ဘယ်မှမရွေ့လျား ဘူးကွ။

သားငယ်။ ။ကြယ်တွေဟာ ဘာတွေလဲအဖေ။

ဖခင်။ ။ကောင်းကင်မှာနေတဲ့ (နတ်ဒေဝတာ)[၁]တွေရဲ့ ဘုံ ဗိမာန်တွေပေါ့။ တကယ်တော့ နတ်ဒေဝတာတွေဆိုတာကလည်း သိပ်ဆန်းကျယ်တဲ့သူတွေ မဟုတ်ပါဘူးကွာ။ 'ရေ–မြေ–လေ–မီး' ဆိုတဲ့ ဓာတ်လေးပါး အစုအဝေးပါပဲ။

မင်းလေ့လာရမှာက ဒီကြယ်တွေရဲ့ ပြောင်းလဲမှုအနေအထား နဲ့၊ တို့လူသားတွေ ကြုံတွေ့ရတဲ့ အနေအထားတွေပဲဖြစ်တယ်။

သားငယ်။ ။ကောင်းပြီအဖေ၊ ကျွန်တော် ကောင်းကင်ကို လေ့လာတော့မယ်။

---

၁။ DEVAS





ဤသို့လျှင် သမိုင်းကျမ်း[၁]တစ်စောင်၌ ဖော်ပြထားခဲ့ရာ ထို အချိန်ကာဗင် ကောင်းကင်ရှိ ဂြိုဟ်နေဂြိုဟ်ထားကို လေ့လာသော (နက္ခတ္တဗေဒပညာ)စတင်ခဲ့သည်ဟု ဆိုသင့်သည်။

ဓူဝံကြယ်[၂]ကား ကောင်းကင်/မြောက်အရပ်တွင် အမြဲရှိသည် ဖြစ်၍ ရေကြောင်းသွားသင်္ဘောသားတို့၏ အားကိုးရာဖြစ်၍ လမ်းပြ ကြယ်[၃]ဟူ၍လည်း ခေါ်ကြသည်။

ရှေးဟောင်းစာတစ်ပုဒ်[၄]တွင်–

'ကြယ်ဓူဝံ၊ ပြောလို့၊ နေပတော့ကောင်းကင်၊ ရွှေလမှာ ဒေါင်း မြင်စေ၊ ပေါင်းမိလျှင်ခွာဆူး' ဟု ရေးစပ်ထားသည်။

[ကောင်းကင်/မြောက်အရပ်တွင် ဓူဝံကြယ်အမြဲရှိသည်။ ထို ကြယ်သည်ပင် မြေသို့ကြွေကျပါစေ။ ကောင်းကင်ထက်တွင် အမြဲ ရှိနေသော (နေမင်း)ကြီးပင် ကွယ်ပျောက်ပါစေ၊ (လ)တွင် ယုန်သာ ရှိသည်။ ဒေါင်းမရှိတတ်။ ထိုမဖြစ်နိုင်သောအရာများသာ ဖြစ်ချင် ဖြစ်လာမည်။ (မောင့်)ကား ဘယ်သောအခါမှ ခွဲခွာသွားမည်မဟုတ် ပါဟု (အတိဿယ ဝုတ္တိအလင်္ကာ[၅]မြောက်လုခမန်း ဖွဲ့ဆိုထားခြင်း

---

၁။ ခဏိကာသမိုင်း
၂။ POLE STAR
၃။ GUIDING STAR
၄။ ရတနာပုံခေတ်ပေါ်သစ္စာတေးထပ်
၅။ အလွန်အကျူးဖွဲ့ဆိုသောကြောင့် ထိုက်သောဂုဏ်၊ ကျူးလွန်သောအဖွဲ့ကြောင့် 'ဂမ္ဘီဒေါ်'သင့်တတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ ‘နက္ခတ္တဗေဒ’ ဟာကယ်ဟာတကျွမ်းသူများကိုကား ပညာရှင်အဖြစ် လေးစားသင့်ပါသည်။ သို့ရာတွင် ဤလောကတွင် အတုအယောင်တို့ကား ပေါများလှပါဘိ။ အတုနှင့်အစစ်ကို ခွဲခြားနိုင်ရန်ခက်ခဲဘိတော့သည်။

တစ်ခါက စာရေးသူအား သက်ကြီးရွယ်အိုတစ်ယောက်က ဤသို့ပြောဖူးသည်။

ယခု မိမိဇနီးကိုယ်ဝန်ဆောင်နေရာ နက္ခတ္တဗေဒပညာရှင်တစ်ယောက်က ကြိုတင်၍ ဟောပြောထားသည်တဲ့။ ယောက်ျားလေးမွေးမည်။ မိန်းကလေးကတော့ သေချာသည်ဟူ၍။

သင်သည် ယောက်ျားလေးလိုချင်နေ၍ သင့်ကို စိတ်မဆင်းရဲစေလို၍ (ယောက်ျားလေး)ဟု ဆိုခြင်းဖြစ်သည်။ မိန်းကလေးမွေးမှာကတော့ သေချာသည်။

ကျွန်ုပ်တတ်နိုင်သလောက် သင့်ဆန္ဒပြည့်ဝစေမည်။

သူ၏ဟောကိန်းကား (ကော်)မဟုတ် (အနေကံ)သာဖြစ်သည်။

ယောက်ျားလေးမွေးပါက ‘ကျွန်ုပ်လုပ်ပေးလိုက်တာ’ဟု ကြွားမည်။

မိန်းကလေးမွေးလာက ‘ပြောသားပဲ၊ မိန်းကလေးမွေးပါမယ်လို့ဆို’ဟု ချက်က ကာကွယ်မည်။

သို့သော် ‘ကြိုတင်ဟောကိန်းထုတ်ခြင်း’နှင့် ‘ကြိုတင်နိမိတ်ထင်ခြင်း’တို့ကား တကယ်ရှိပါသည်။ တချို့ကား အတိအကျပင်မှန်လွန်း၍ အံ့သြရတော့၏။ ဆန်းကျယ်လှပါကလား ဟူ၍အာမေဍိတ်ပင် ပြုရတော့၏။

အောက်တွင် သာဓကအချို့ကို ဖော်ပြပါဦးမည်။





အမေရိကန်သမ္မတ(ဂျွန်၊အက်ဖ်၊ကနေဒီ)မကွယ်လွန်မီ ၁၁နှစ်တင်ကြို၍ နာမည်ကျော်ကြားလှသိများသော အမျိုးသမီး ဗေဒင်ဖက်တစ်ဦးဖြစ်သော ‘ဂျင်းဒစ်စင်’(JEANE DIXON)က အောက်ပါအတိုင်းဟောထားသည်။

၁၉၆၀ ပြည့်နှစ်တွင် အမေရိကန်သမ္မတဖြစ်လာမည့်သူသည် လုပ်ကြံသတ်ဖြတ်ခံရမည်။

ကနေဒီသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသောအခါသူမကြိုတင်ဟောကိန်းထုတ်ထားခြင်းသည် မမှန်ကန်ပါစေနှင့်ဟု ‘ဂျင်းဒင်စင်’က ဆုတောင်းခဲ့ရသည်။

သမ္မတကနေဒီဒဲလတ်စ်(DALLAS)သို့သွားတော့မည်ဟု သိရသောအခါ သူမက–

“အဲဒီကိုမသွားပါနဲ့၊ ကနေဒီမိသားစုအပေါ် ကြမ္မာဆိုးကရောက်လာမှာမို့ပါ”ဟု သတိပေးစကားပြောကြားလိုက်သည်။ ထိုသတိပေးချက်ကို ကနေဒီနှင့် အလွန်ရင်းနှီးသူကတစ်ဆင့် ပြောလိုက်ခြင်းဖြစ်၏။

ထိုသူက အဆိုပါသတိပေးစကားကို မပြောဘဲနေမိသည်။

ဤသို့မပြောဘဲနေခြင်းမှာလည်း အကြောင်းတော့ရှိသည်။ ကနေဒီမိသားစုသည် အနာဂတ်ဟောဆရာများ၊ ဗေဒင်ဖက်များစသည်တို့ကို လုံးဝမယုံတတ်သောကြောင့်ပင်ဖြစ်၏။

အဲဒီတော့ ဘာဖြစ်သလဲ၊ သမိုင်းမှာ မော်ကွန်းတင်ထားတဲ့အတိုင်းပေါ့။

သမ္မတကနေဒီ၏ ကြေကွဲဖွယ်ရာအဖြစ်ဆိုးကို သိရသောအခါ



www.burmeseclassic.com

www.burmeseclassic.com



လွှတ်တော်အမတ် ‘ဆီနိုတ်တာ တက်၊ ကနေဒီ’ ၏အဖြစ်ဆိုးလည်း မကြာမီ ရောက်လာတော့မည်ဖြစ်၍ သတိပေးဖြစ်အောင်ပေးရေ ကနေဒီမိသားစုနှင့် ရင်းနှီးသူအခြားပုဂ္ဂိုလ်တစ်ယောက်အား တောင်းပန်ရပြန်သည်။

သတိပေးချက်မှာ တနင်္ဂနွေနေ့စ်ပတ်အထိ လေကြောင်းခရီး မသွားရန်ဖြစ်သည်။ တက်ကနေဒီကား မိမိ၏လေကြောင်းခရီးစဉ်ကို မဖျက်ဘဲ လေယာဉ်ဖြင့်ခရီးသွားသည်။

စီးလာသော လေယာဉ်ပျက်ကျရာ ‘တက်ကနေဒီ’ သည် ဒဏ်ရာပြင်းထန်စွာရပြီး သေဆုံးခဲ့လေသည်။

* * *

ပရော်ဖက်–မစ္စက်ဂျင်းဒစ်စင်သည် လော့စ်၊ အင်ဂျလိအရပ်ရှိ ‘သံအမတ်ကြီး’ ဟိုတယ်တွင် ဟောပြောနေစဉ် တစ်စုံတစ်ယောက်က အောက်ပါအတိုင်း မေးလာသည်။

ထိုသူ။ ။‘ရောဘတ်၊ ကနေဒီ’ ဟာ သမ္မတသစ် ဖြစ်လာမလား။

ပရော်ဖက်။ ။မဖြစ်နိုင်ပါဘူး၊ ဒီဟိုတယ်မှာပဲ သူသေရမှာမို့ပါ။

ကြိုတင်ဟောပြောချက် မှန်ပေစွ။ နောက်တစ်ပတ်အကြာတွင် (ရောဘတ်၊ ကနေဒီ) သည် သံအမတ်ကြီးဟိုတယ်၌ပင် သေနတ်ပစ်ခံရပြီး သေဆုံးခဲ့လေသည်။

ဤသို့လျှင် ကြိုတင်ဟောကိန်း ထုတ်ခြင်းနှင့် ‘နိမိတ်ထင်ခြင်း’ တို့သည် လက်တွေ့ကျကျ မရှင်းပြနိုင်သော်လည်း သဘာဝဖြစ်ရပ်များအနေဖြင့်ကား ရှိနေဆဲပင်ဖြစ်တော့၏။ ဤတွင် စာရေးသူအနေ





ဖြင့် လက္ခဏာဆရာကြီးတစ်ဦးအကြောင်းကို ဤအခန်း၌ ဖြည့်စွက်ဖော်ပြလိုပေသည်။

## ကမ္ဘာကျော် လက္ခဏာဆရာကြီးကိုင်ရို

မစ္စက်ဟယ်လင်နာ ဘလာဗက်စကီးက သူ့ကို ‘လောကီပညာရပ်’ များကြောင့် နာမည်ကျော်ကြားခဲ့သည့် အီတလီနိုင်ငံမှ မြို့စားကြီး ကာဂလီယိုစထရို ဝင်စားသူဟုဆိုသည်။

‘Anthreposophicel’ အသင်းကို စတင်တည်ထောင်ခဲ့သူ ဒေါက်တာရူးဒေါ့စတိန်နာကမူ သူ့ကို နောက်ထပ်ပေါ်ပေါက်လာသည့် ‘နော်စထရာဒူးမတ်စ်’ (Nostradamus) တစ်ဦးဖြစ်သည်ဟု ဆိုသည်။ –

အော်စကားဝိုင်း၏အဆိုအရမူ သူသည် လူသားတို့အတွက် အနာဂတ်လျှို့ဝှက်ချက်ကို ဖော်ထုတ်သူဖြစ်သည်ဟု ဆိုလေသည်။

သူ’ ဟူသည်ကား အခြားလူမဟုတ်။ ကီရိုခေါ်ကောင့်လူဝစ်ဟာ မွန်အမည်ရှိ ကမ္ဘာကျော်လက္ခဏာဆရာကြီး ကိုင်ရို (Cheiro) ပင်ဖြစ်သည်။ “Cheiro” ဟူသည် ဂရိဘာသာစကားဖြစ်ပြီး ‘လက်ဖဝါး’ (Palm) ဟု အဓိပ္ပာယ်ရလေသည်။

လက္ခဏာပညာရပ်ကို အံ့ဩလောက်အောင် တတ်ကျွမ်းသည့်သူဟု ဆိုရလောက်သဖြင့် **သူ့အမည်မှာ ‘လက်ဖဝါး’ “Cheiro” ဟု ကျော်ကြားခဲ့ခြင်း ဖြစ်နိုင်လေသည်။**

ကိုင်ရိုသည် ၁၈၆၂ ခုနှစ်တွင် အိုင်ယာလန်နိုင်ငံ ‘မိသ်ကောင်တီ’ တွင် မွေးဖွားခဲ့သည်။ သူစာဖတ်တတ်၊ ရေးတတ်သည့်အရွယ်မှ၍ ‘လက္ခဏာ’ ပညာရပ်ကို စတင်လေ့လာခဲ့သည်။ ထိုအချိန်ကပင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ခင်းအားလပ်ရက်များ၌ အနီးအနားရှိ လူများကို လက္ခဏာကြည့် ဟောပြောပေးခဲ့သည်။ ထို့နောက် လန်ဒန်မြို့တွင် အနုပညာရပ်များ လေ့လာပြီး ဇာတ်ခုံပေါ်တွင် သရုပ်ဆောင်ခဲ့သည်။ ငယ်စဉ်က ကိုင်ရို သည် ရုပ်ရည်ချောမောလှပသူတစ်ဦးလည်း ဖြစ်သည်။

ကိုင်ရိုငယ်စဉ်က ကဗျာလင်္ကာ ကျိုးကြောင်းဆင်ခြင်မှု Philosophy ဖီလိုဆိုဖီနှင့် နာမ်ဝိဉာဉ်များနှင့် ပတ်သက်သည့် Occult ပညာမျိုးတွင် ဝါသနာထုံခဲ့၏။ အသက်(၁၁)နှစ်တွင် လက္ခဏာဖတ်ခြင်းကို စတင်စွဲလမ်းခဲ့သော ကိုင်ရိုသည် အသက်(၂၀) ကျော်တွင် ရောမမြို့သို့သွားရောက်ကာ ဘုရင်ကျိုးသာသနာပိုင် ဗာတီ ကင်မြို့ရှိ စာကြည့်တိုက်ကတ်တိုက်တွင် လူသိနည်းလှသော လက္ခဏာ ပညာဆိုင်ရာ ကျမ်းစာအုပ်များကို လေ့လာခဲ့၏။ ထို့နောက် အီဂျစ် ပြည်သို့သွားရောက်၍ တစ်ဖန် အိန္ဒိယသို့ ဆက်လက်ထွက်ခွာခဲ့ လေသည်။ အိန္ဒိယတွင် သမုဒရိက Samudrika ခေါ် လူ့ကိုယ်ရှိ အရေးအကြောင်းများ၏ အဓိပ္ပာယ်ကို ကြည့်ရှုလေ့လာ ဟောပြော သော မူရင်းပညာမှ ကာဆတိရိက Kastirika ခေါ် လက္ခဏာပညာသို့ တိုးတက်ခဲ့လျက် မျိုးရိုးစဉ်ဆက်အားဖြင့်လိုက်စားခဲ့ကြသည့် ဗြဟ္မဏ လူမျိုးများရှိကြရာ ၎င်းတို့ထံတွင် ကိုင်ရိုသည် လက္ခဏာပညာကို အတွင်းကျကျ ဆက်လက်ဆည်းပူးပြန်လေသည်။ ထိုဗြဟ္မပုဏ္ဏား ဆရာများထံတွင် နှစ်ပေါင်း အလွန်လွန်ကြာခဲ့ပြီဖြစ်သော ကျမ်းရင်း ဟောင်းကြီးတစ်စောင်ကို ကိုင်ရိုတွေ့ရှိခဲ့ဖူးရာ ထိုကျမ်းမှာ လူ၏ အရေပြားပုရပိုဒ်ပေါ်၌ ဟင်္သာပြဒါး(အနီ)ဖြင့်ရေးထား၍ စာလုံးများ သည် ရေးစကကဲ့သို့ပင် ပကတိသစ်လွင်နေသေးသည်ကို ကိုင်ရို တွေ့ခဲ့ရဖူးလေသည်။





ကိုင်ရိုအင်္ဂလန်သို့ ပြန်ရောက်သောအခါ အကျဉ်းကျနေသူ၊ ဆေးရုံတက်နေရသူနှင့် အခြားအလွှာပေါင်းစုံမှ လူအမျိုးမျိုးတို့ကို စာရင်းဇယားပြုစုပြီး လက္ခဏာပညာကို လက်တွေ့ဟောပြောရင်း လေ့လာခဲ့သည်။

ထိုစဉ်က ကိုင်ရိုသည် ကမ္ဘာပေါ်တွင် 'လက္ခဏာ'ပညာ၌ ပြိုင်ဘက်ကင်းသူ ဖြစ်လေတော့သည်။ ကိုင်ရိုသည် ၁၉၁၄ ခုနှစ်တွင် ကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားပြီး လေးနှစ်အကြာတွင် ကမ္ဘာစစ်ကြီး ပြီးမည်ဟုလည်းကောင်း၊ ဗဟိုအင်အားကြီးနိုင်ငံများနှင့် ရုရှားနိုင်ငံ ပြိုကွဲမည်ဟုလည်းကောင်း၊ ဝေလမင်းသားသည် အချစ်ရေး အရှုပ် အထွေးကြောင့် ထီးနန်းစွန့်ရမည်ဟုလည်းကောင်း၊ ဒုတိယကမ္ဘာ စစ်ကြီး ဖြစ်ပွားမည်ကိုလည်းကောင်း ကြိုတင်ဟောပြောခဲ့သည်။ အလားတူပင် လူအများသည် ပွန်းကြပ်နေသော မြို့ကြီးများ၏ ပတ်ဝန်းကျင်အခြေအနေကြောင့် ကျန်းမာရေး ထိခိုက်ကြမည်။ လူဦးရေ တိုးပွားလာသည်နှင့်အမျှ မော်တော်ယာဉ်များလည်း ပိုမို များပြားလာမည်ဟု ကြိုတင်ဟောပြောခဲ့သည်။

## ကမ္ဘာကျော်လက္ခဏာဆရာကြီး၏ ထူးခြားသောပညာစွမ်း

"ဧည့်ခန်းမှာ ဧည့်သည်တစ်ယောက် ရောက်နေပါတယ်။ ဒါပေမဲ့ သူ့နာမည်ကို မပြောပါ။ သူ့ကို ဆရာကြီးအခန်းထဲ ဝင်ခွင့် ပေးရမလားခင်ဗျာ" ဟူ၍ အကူစာရေးလေးက ကမ္ဘာကျော်လက္ခဏာ ဆရာကြီးကိုင်ရိုအား လာပြောလေသည်။ ထိုအခါ ကိုင်ရိုသည် ခေတ္တ စဉ်းစားပြီးနောက် ကိုယ့်နာမည်ကိုယ်မပြောလိုသူမှာ ထူးခြားလိမ့်မည်ဟု ယူဆလျက် "ကိစ္စမရှိပါဘူး၊ သူ့ဝင်လာပါစေ" ဟု ခွင့်ပြုလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကိုင်ရို၏ အခန်းတွင်းသို့ ဝင်ရောက်လာသူကား အသက်အရွယ်ကြီးပြီဖြစ်သော်လည်း စူးရှသောမျက်လုံး၊ တင်း၍ စေ့နေသော နှုတ်ခမ်းများအား အကဲခတ်ရုံနှင့်ပင် သာမညလူစား မဟုတ်ကြောင်း ကိုင်ရို သတိပြုမိလေသည်။ ဝင်လာသူသည် ထွေထွေ ရာရာ စကားမပြောဘဲ ကုလားထိုင်၌ဝင်ထိုင်ရင်း သူ၏လက်ဝါး နှစ်ဖက်ကိုဖြန့်ကာ စားပွဲပေါ်၌ချပြပြီးနောက် “ကိုင်း-ကျုပ်လက္ခဏာ ကို ဆရာမြင်သလောက် ဟောပေးစမ်းပါ”ဟု ရုတ်ပြတ်ပြောလေ၏။

## ထူးချွန်မည့်ပုဂ္ဂိုလ်

ကိုင်ရိုသည် လက်ကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက် ထူးခြား သော လက္ခဏာရှင်ဖြစ်ကြောင်း သိရသဖြင့် စူးစူးစိုက်စိုက် သေချာ စွာ ကြည့်ရှုစစ်ဆေးလေတော့၏။

လက္ခဏာ၌ တွေ့ရသရွေ့ ထိုသူ၏အရေးကြီးသော နေ့ရက် များနှင့် အပြောင်းအလဲများကို ဟောပြောပြီးနောက် ဆက်လက်၍ အသေအချာ ဆင်ခြင်စဉ်းစားကာ ‘၁၈၉၄ ခုနှစ် ဇူလိုင်လအတွင်းမှာ ခင်ဗျားဟာ မိမိလုပ်ငန်းရဲ့ အထွဋ်အထိပ်ကို ဧကန်ရောက်ရလိမ့်မယ်” ဟု ဟောပြောလိုက်လေသည်။

ထိုအခါ ဧည့်သည်သည် အနည်းငယ်ပြုံးလိုက်ပြီး “ဒီလောက် ထိအောင် ခင်ဗျားဟောနိုင်တယ် ဆိုမှဖြင့် တစ်ခါတည်း အဲဒီ အထွဋ် အထိပ်ရောက်မယ့်နေ့ကိုပါ အတိအကျ ခန့်မှန်းကြည့်စမ်းပါဦး”ဟု ပြောလေ၏။

ကိုင်ရိုသည် စူးစူးစိုက်စိုက်ကြည့်နေရာမှ “အင်း-ခန့်မှန်းတယ် လို့ ဆိုချင်ဆိုပေါ့လေ။ ဒါပေမဲ့ ကျွန်တော်မြင်သလောက် ဟောရမှာ





ဖြင့် ဒီအထွဋ်အထိပ်ရောက်မယ့်နေ့ဟာ ၁၈၉၄ ခု၊ ဇူလိုင်လထဲက တစ်ဂဏန်းနဲ့ အကြုံးဝင်တဲ့နေ့ တစ်နေ့မှာ ဖြစ်ရလိမ့်မယ်။ ၁ ရက်၊ ၁၀ ရက်၊ ၁၉ ရက်၊ ၂၈ ရက် အဲဒီနေ့တွေထဲက တစ်နေ့နေ့ပဲ။ ပေါင်း လိုက်ရင် ၁ ရတဲ့နေ့တွေပေါ့”

နောက် သုံးနှစ်ကြာပြီးသည့်နောက် ဇူလိုင်လ ၁၉ ရက်နေ့ တစ်နေ့သို့ရောက်လာရာ ထိုနေ့ပင် တရားဝန်ကြီးချုပ် ရုံးတော်မှ မင်းစေတစ်ဦးသည် ကိုင်ရိုအား ရုံးတော်မှ ဆင့်ခေါ်ကြောင်း ပြော ကြားလာသဖြင့် ချက်ချင်းပင် လိုက်ပါသွားရလေ၏။

ရုံးတော်သို့ရောက်သောအခါ အတော်ကြာကြာ စောင့်နေရပြီး နောက် ရုံးခန်းတံခါးပွင့်လာလျက် လွှတ်တော်တရားဝန်ကြီးချုပ်သည် ထုံးစံအတိုင်း အဆောင်အယောင် ဝတ်လုံသိုးမွှေးဦးဆောင်း စသည် များ ဆင်မြန်းကာ ဝင်ရောက်လာသည်ကို တွေ့ရလေသည်။ ကိုင်ရို သည် အံ့သြခြင်းဖြစ်နေရာမှ ရုတ်တရက် သတိရလာသည်မှာ ယခု တရားဝန်ကြီးချုပ်သည် အခြားသူမဟုတ်ဘဲ လွန်ခဲ့သော သုံးနှစ် အလွန်က မိမိလက္ခဏာဟောခဲ့သော လော့ဒ်ချားလ်စ်ရပ်ဆဲလ်ပင် ဖြစ်နေသည်ကို သတိရမိလေ၏။ ထိုနေ့သည် ကိုင်ရို၏ အဟော သုံးချက်အနက် အထွဋ်အထိပ်ရောက်မည်ဆိုသောနေ့ပင် ဖြစ်သည်။ တရားဝန်ကြီးချုပ်ရာထူးကို လက်ခံပြီး၍ နာရီအနည်းငယ်အတွင်း၌ပင် ကိုင်ရိုကို ယခုကဲ့သို့ ခေါ်ယူတွေ့ဆုံခြင်းပင် ဖြစ်တော့သည်။

## နပိုလီယံလို ဖြစ်မည့်သူ

ကိုင်ရိုသည် လက္ခဏာပညာကို အသေအချာ မလေ့လာမီက စာရေးဆရာလုပ်ဖို့သာ စိတ်ကူးခဲ့၏။ တစ်နေ့သောအခါတွင် စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေသူများကို လိုက်လံစုံစမ်းရင်း လီဗာပူးမြို့မှ လန်ဒန်မြို့သို့ မီးရထားဖြင့် ခရီးထွက်လာစဉ် ရထားပေါ်၌ ဂျာမန်လက္ခဏာကျမ်း တစ်အုပ်ကို စိတ်ပါဝင်စားစွာ စူးစိုက်ဖတ်ရှုရင်း လိုက်ပါခဲ့လေ၏။ ထိုအခါ ကိုင်ရိုနှင့် မျက်နှာချင်းဆိုင်နေရာတွင် လိုက်ပါလာသော ခရီးသည်က "လက္ခဏာပညာကို ခင်ဗျားယုံဟန်တူတယ်"ဟု လှမ်း၍ ပြောလေသည်။

ထိုအခါကိုင်ရိုက ထိုပညာကို မိမိယုံကြည်ကြောင်းဝန်ခံ၍ ယုံသင့်ယုံထိုက်ပုံကို မိမိအမြင်ဖြင့် အနည်းငယ် ရှင်းလင်းပြောပြလေ၏။ ဤတွင် ခရီးသည်က မိမိ၏လက်ဖဝါးနှစ်ဖက်ကို ဖြန့်ပေးရင်း "ကိုင်း-ဒါဖြင့် ကျုပ်လက္ခဏာကို ဟောကြည့်စမ်းပါဦး"ဟု ပြောလေ၏။

ကိုင်ရိုသည် ထိုသူ၏လက္ခဏာကို အနည်းငယ်ဟောပြောမိသောအခါ ခရီးသည်သည် စိတ်ပါလာလျက် ထပ်မံ၍ တွေ့သမျှကို တိတိကျကျဟောပြောရန် တောင်းပန်လေ၏။

"အင်း-ခင်ဗျားလက္ခဏာဟာ အကြံအစည် အလုပ်အကိုင် အောင်မြင်တိုးတက်လို့ ထိပ်တန်းလည်းရောက်ရော အပျက်နဲ့လည်း ကြုံရောဖြစ်မှာပဲ။ နပိုလီယံဘုရင် စိန့်ဟီလနာကျွန်းကို အပို့ခံရတဲ့ ကိန်းမျိုး ဆိုပါတော့ဗျာ"

"ဒါဖြင့် နပိုလီယံဟာ ဝါတာလူးစစ်ပွဲမှာရှုံးလို့ ကျွန်းပို့ခံရတာလို ကျွန်တော့်ဝါတာလူးကကောဗျာ၊ ဟောစမ်းပါဦး"

"ခင်ဗျားဝါတာလူးကတော့ မိန်းမဗျ" ဤနေရာ၌ ကိုင်ရိုသည် တိတိကျကျ အသေအချာပင် ဟောလေသည်။ ထိုအခိုက် ရထားမှာ ဘူတာသို့ဝင်နေပြီဖြစ်၍ နှေးသထက်နှေးလာလေ၏။ ခရီးသည်သည်





၎င်း၏နာမည်ကတ်ပြားကလေးကိုထုတ်၍ကိုင်ရိုသို့ပေးရင်း "ကျွန်တော့်နာမည်ကို ကြည့်ပြီးရင် ခင်ဗျားဟောတာတွေ မှန်လှတာကို တွေ့ရမှာပဲ။ ဒါပေမဲ့ မိန်းမတစ်ယောက်အတွက်ဆိုတာတော့ လုံးဝမဖြစ်နိုင်ဘူးဗျာ။ ကျွန်တော့်လို မအားမလပ် အလုပ်များလှတဲ့လူတစ်ယောက်အဖို့မှာ မိန်းမသနာအတွက် စိတ်ကူးဖို့တောင် အချိန်မရှိပါဘူး"ဟု ပြောပြီးနောက် ကောင်းစွာပင်နှုတ်ဆက်၍ ဆင်းသွားလေ၏။

ကိုင်ရိုသည် ထိုသူ၏ကတ်ပြားကလေးကို ဖတ်ရှုကြည့်လိုက်ရာ 'ချားစ်စတီးဝပ်ပါနဲလ်' ဆိုသောအမည်ကို တွေ့ရလေ၏။ ထိုသူမှာ ထိုအခါက လျှင်မြန်စွာ အောင်မြင်တိုးတက်နေသော နာမည်ကြီး နိုင်ငံရေးသမားတစ်ဦးပင် ဖြစ်တော့သည်။

နောင်အခါတွင် ထိုသူသည် အမြင့်ဆုံး အခြေမျိုးသို့ရောက်လာခါမှ *ကစ်တီ အိုရှီယာဆိုသော လင်ရှိမိန်းမတစ်ဦးနှင့် ရှုပ်ငံမိသဖြင့် ဆရာကြီးကိုင်ရို ဟောခဲ့သည့်အတိုင်းပင် နိုင်ငံရေးလောကမှ ကျွမ်းပြန်လျှောကျကာ လုံးဝတိမ်မြုပ် ပျောက်ကွယ်သွားသည့်ကို တွေ့ရတော့ပေသည်။

## လူသတ်မှုပေါ်ရပုံ

ကိုင်ရိုသည် လန်ဒန်မြို့၌ စာရေးဆရာအဖြစ်ဖြင့် နေထိုင်လျက်ရှိစဉ် တစ်နေ့သောအခါတွင် အိမ်အနီးရပ်ကွက်၌ လူသတ်မှုတစ်ခု ဖြစ်ပွားလေ၏။ ထိုလူသတ်မှုတွင် အချင်းဖြစ်သည့် အခန်းတံခါးတစ်နေရာ၌ သွေးစွန်းသည့်လက်ရာတစ်ခု ထင်နေခြင်းသည်သာလျှင် သဲလွန်စဟူ၍ တွေ့ရ၏။ ထိုလက်ရာကိုကြည့်ရှုရန် ကိုင်ရိုအခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရရှိသောကြောင့် သွားရောက်ကြည့်ရှုပြီးနောက် ဤလူသတ်မှုသည် ဆွေမျိုးတော်စပ်သူက သတ်ဖြတ်ခြင်းသာဖြစ်မည်ဟု မိမိအမြင်အတိုင်း ဆိုင်ရာပုလိပ်အဖွဲ့သို့ အကြောင်းကြားလိုက်လေသည်။ ပုလိပ်များသည် ကိုင်ရို၏ အဆိုကိုမှန်သည်ဟု မယူဆစေကာမူ အသတ်ခံရသူ၏ဆွေမျိုးများအား ခေါ်ယူစစ်ဆေးကြည့်လေ၏။ ထိုအခါ စောစောက အမေးအမြန်းမခံရဘဲ သက်ကကင်းစွာပင် နေခဲ့ရသော သေသူ၏ ဆွေမျိုးတော်သူတစ်ဦးသည် အလိုအလျောက် အကြောက်လွန်ကာ မိမိပင်သတ်ကြောင်း ဖြောင့်ချက်ပေးလိုက်တော့လေသည်။

## အနာဂတ်မြင်ကွင်းကို ကြိုဟောသူ

ကိုင်ရိုသည် သူဗေဒင်လက္ခဏာ ဟောပြောသည့်အခါတွင် သူ့စိတ်ကိုဖုံးလွှမ်းထားသည့် 'ကော့စမစ်'လှိုင်းများကို တိုးမြှင့်လိုက်ကြောင်း၊ ထိုအခါ သူ့စိတ်ကို အခြားမည်သည့်အရာကမှ မဟန့်တားနိုင်တော့ဘဲ ယင်းကော့စမစ်လှိုင်းများမှတစ်ဆင့် စိတ်တန်ခိုး စိတ်စွမ်းအင်တို့ကို ထုတ်ယူကြောင်း၊ ယင်း ကော့စမစ်လှိုင်းများသည် လူတိုင်းကို ဝန်းရံလျက်ရှိပြီး ကိုင်ရိုက ယင်းလျှပ်စစ်လှိုင်းများက သူ့'အသိ'ဉာဏ်ကို ပိုမိုစွမ်းအားကောင်းစေသည်ဟု ဆိုပါသည်။

အင်္ဂလန်နိုင်ငံမှ နာမည်ကျော်ရှေ့နေကြီး 'ဆာအက်ဒွတ်မာရှယ်ဟောလ်'သည် လူငယ်ဘဝက ကိုင်ရိုနှင့်တွေ့ခဲ့ဖူးသည်။ ထိုစဉ်ကိုင်ရိုက "ခင်ဗျားကို ရှေးဟောင်းအိမ်ကြီးတစ်အိမ်မှာ တွေ့မြင်နေရတယ်၊ အိမ်ကြီးက ကြီးမားလှတဲ့ ဥယျာဉ်ခြံကြီးထဲမှာရှိတယ်။ အချိန်က ညပိုင်း၊ လူအများအပြားက ခင်ဗျားကို ဝိုင်းဝန်းချီးကျူးထောပနာပြုနေကြတယ်။ ပန်းပွင့်တွေ ကြဲဖြန့်နေကြတယ်။ ခင်ဗျားအနီးမှာတော့





ခင်ဗျားလောက် အရပ်မရှည်တဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့ရတယ်။ သူက လက်ကိုင်ပဝါအနီကို ဝှေ့ယမ်းနေတယ်"ဟု အနာဂတ်မြင်ကွင်းကို ဟောကြားခဲ့သည်။

ထို့နောက် ၂၅ နှစ်အကြာတွင် ဆာအက်ဒွတ်သည် ပါလီမန်အမတ်အဖြစ် အရွေးခံရသည်။ ထိုသို့အရွေးခံရသည့်ညတွင် ရှေးဟောင်း အင်္ဂလိပ်စံအိမ်ကြီးတစ်အိမ်၌ သူ့ကိုဂုဏ်ပြုသောအားဖြင့် ညစာစားပွဲကြီး ကျင်းပခဲ့သည်။ ညစာစားပွဲသို့ ဂုဏ်သရေရှိ လူကြီးမင်းများ တက်ရောက်လာကြပြီး သူ့ကို ချီးကျူးကြသည်။ အချို့ကက,ခုန်ရင်း ပန်းများကို ကြဲကြသည်။ ထိုစဉ် ကိုင်ရို၏ ဟောပြောချက်ကို သတိရပြီး ဆာအက်ဒွတ်သည် သူ့ဇနီးကို လှမ်းကြည့်လိုက်ပေရာ သူ့ဇနီးမှာ 'အဖြူရောင်'လက်ကိုင်ပဝါကို ဝှေ့ယမ်းနေသည်ကို တွေ့ရလေသည်။ ထိုအခါ ထုံးတမ်းစဉ်လာအရ 'အမတ်'၏ဇနီးသည် လက်ကိုင်ပဝါ 'အနီရောင်'ကို ဝှေ့ယမ်းရသည်ကို ဝိုင်းပြောကြသည်။ ထို့ကြောင့် ဆာအက်ဒွတ်၏ဇနီးသည် 'အနီရောင်'လက်ကိုင်ပဝါကို ဝှေ့ယမ်းရလေတော့သည်။

ဤမြင်ကွင်းကား လွန်ခဲ့သော ၂၅ နှစ်ခန့်က ကိုင်ရိုက ဆာအက်ဒွတ်ကို ဟောပြောခဲ့သော အနာဂတ်မြင်ကွင်းတစ်ခုပင် ဖြစ်ပါတော့သတည်း။

## ထူးခြားသော မြန်မာလက္ခဏာဆရာ

အနောက်နိုင်ငံမှ နာမည်ကျော်ပရောဟိတ်လက္ခဏာဆရာကြီး ကိုင်ရိုသည် လျှမ်းလျှမ်းတောက် အောင်မြင်သော လက္ခဏာဆရာကြီးတစ်ဦးဖြစ်ခဲ့သော်လည်း ကွယ်လွန်သည့်အခါတွင်မူ လမ်းဘေးတစ်



www.burmeseclassic.com

www.burmeseclassic.com



နေရာ အမှိုက်ပုံတစ်ခုအနီးတွင် လူမသိသူမသိ သေဆုံးသွားခဲ့ရပြီး မသေခင် လေးငါးနှစ်တွင် လက်ဝှေ့ကို လုံးဝဟော၍ မရတော့ဟု သိရှိရလေသည်။ အဆိုပါ ကမ္ဘာကျော်လက္ခဏာဆရာကြီး ကိုင်ရိုကဲ့သို့ မြန်မာနိုင်ငံ၌ ကျော်ကြားထင်ရှားခဲ့သော မြန်မာလက္ခဏာ ဆရာတစ်ဦး ရှိခဲ့ပါသည်။

၁၉၅၂ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အချိန်များအတွင်း ရန်ကုန်မြို့တွင် လက္ခဏာဝကြည့်ဘဲဟောကြားတတ်ခဲ့သောဦးမိုက်ကယ်ကို လက္ခဏာ ဆရာကြီးအဖြစ် သိမီသူများ အလွန်နည်းပါးပါလိမ့်မည်။ ဦးမိုက်ကယ်အား စာပေလောကမှ စာရေးဆရာတချို့နှင့် ရုပ်ရှင်လောက ထဲမှာ ရုပ်ရှင်သမားများ၊ ကျောက်ကုန်သည် သူဌေးများ၊ ကုန်သည် များမှ အတော်များများသိရှိကြလေသည်။ ဦးမိုက်ကယ်နှင့်မတိသက်၍ မြန်မာစစ်သံမှူးတစ်ဦးက ကမ္ဘာကျော် မြန်မာလက္ခဏာဆရာ တစ်ယောက်အကြောင်းဟူ၍ ရေးသားခဲ့ဖူးလေသည်။

ဦးမိုက်ကယ်သည် ကချင်လူမျိုးဖြစ်ပြီး မန္တလေး၌ကြီး၏။ ငယ်စဉ်က မိဘများက အလွန်ဆင်းရဲသဖြင့် မန္တလေးမြို့ရှိ ဖားသား လဖွန်းကျောင်းတွင် နေခဲ့ရသည်။ ကျောင်း၌ ကျောင်းစာကို စိတ် မဝင်စား၊ ပညာသင်မရသဖြင့် ဖားသားကြီးများက သူ့အား တိဗက်သို့ ပို့လိုက်ကြသည်။ တိဗက်တွင် နှစ်အတော်ကြာကြာနေခဲ့ရပြီး မြန်မာ နိုင်ငံသို့ပြန်လည်ရောက်ရှိလာသောအခါ ဦးမိုက်ကယ်သည် လက္ခဏာ ဆရာအဖြစ် ဟောပြောနေလေပြီ။ ဦးမိုက်ကယ် ဟောပြောချက်များ မှန်လွန်း၍ နေ့ချင်းညချင်း နာမည်ကြီးလာသည်။ ဦးမိုက်ကယ်၏ ရှေ့ဖြစ်နိမိတ် ဟောချက်များ မှန်ကန်သောကြောင့် နာမည်ကျော်ကြား ထင်ရှားလာသည်။ ဦးမိုက်ကယ်သည် လူတစ်ယောက်၏ အနာဂတ်





ဟောပြောမှုတွင် အကောင်းနှင့်အဆိုးတွင် အဆိုးကိုသာ ပို၍ ဟော ပြောတတ်ပြီးလျှင် ထိုအဆိုးဟောချက်မှာလည်း အလွန်မှန်ကန်လွန်း၍ မေးမြန်းကြသူများ အတော်ကာသိကအောက် ဖြစ်ကြရသည်။

## စာရေးဆရာသန်းဆွေကို ဟောကြားပုံ

\စာရေးဆရာသန်းဆွေ မကွယ်လွန်မီ တစ်ရက်တွင် ဆရာ သန်းဆွေနေအိမ်၌ ဆရာသော်တာဆွေ၊ ဆရာသန်းဆွေနှင့် ဆရာ ဦးမိုက်ကယ်တို့သုံးဦးဆုံပြီး ဝိုင်းဖွဲ့ကြသည်ဆို၏။ စကားတပြောပြော နှင့် ရုတ်တရက် ဆရာသော်တာဆွေမှနေ၍ "မိုက်ကယ်၊ မင်း သန်းဆွေကိုလည်း လက္ခဏာကြည့်ပေးပါဦးကွာ"ဟုဆိုလိုက်ရာ မိုက် ကယ်က ဆရာသန်းဆွေကို တစ်ချက်ကြည့်လျက် ဒဲ့တိုးပြောချလိုက် ပုံမှာ "မနက်ဖြန့်သေမယ့်လူကို ဘာဟောစရာလိုသလဲ" ဆို၍ ဆရာ သော်တာဆွေမှာ ရုတ်တရက် အံ့အားသင့်သွားမိကာ ပြီးမှ "မင်း ဘာပြောတာလဲ"ဟုဆိုကာ ခေါသတကြီး ဦးမိုက်ကယ်အားထ၍ လက်သီးဖြင့် ထိုးလေတော့သည်။ နဂိုက မဟုတ်မခံ အလွန်ဒေါသ ကြီးလှသော ဆရာသော်တာဆွေသည် ဦးမိုက်ကယ်၏ ယတိပြတ် စကားကြောင့် လုံးဝသီးမခံနိုင်လောက်အောင် ဖြစ်သွားရသည်။

အချင်းဖြစ်ပွားပြီးသည့်နောက်တစ်ရက်သကြ်န်အတက်နေ့ တွင် စာရေးဆရာသန်းဆွေမှာ အပေါင်းအသင်းများနှင့်အတူ အင်းလျားကန်တွင် လှေငှား၍စီးကြရင်း ရုတ်တရက် ရေနစ်သေဆုံးခဲ့ ရလေတော့သည်။

လက္ခဏာဆရာကြီးဦးမိုက်ကယ်သည် လက္ခဏာဟောရာတွင် လည်းကောင်း၊ နိမိတ်ဖတ်ရာတွင်လည်းကောင်း မှန်ကန်လွန်းပုံ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ရင်းနှီးသောမိတ်ဆွေများမှာ ထိုကဲ့သို့ ကြောက်လန့်စရာ နိမိတ်များ ဟောကြားမည်ကို အထူးကြောက်ရွံ့မိကြသည်။

တစ်ကြိမ်၌ စစ်ဗိုလ်တစ်ဦးကို "အသင်သည် ရှေ့တန်း တစ်နေရာ၌ (၁၉၅၈)ခုနှစ်------လ၊ ----ရက်နေ့တွင် ရင်ဝကို ရန်သူ့ကျည်ဆန်မှန်ပြီး သေရလိမ့်မည်"ဟု ဟောခဲ့ရာ ဦးမိုက်ကယ် ဟောဆိုသည့်အတိုင်းပင် ထိုနှစ် ထိုလ ထိုနေ့ရက်တွင် ရန်သူ့ကျည် သင့်၍ သေဆုံးခဲ့ရလေသည်။

ဦးမိုက်ကယ်သည် တစ်စုံတစ်ယောက်ကို ဟောပြောတော့မည် ဆိုလျှင် မျက်စိနှစ်လုံးမှာ ရှေ့သို့ပြူးထွက်လာလျက် နားရွက်နှစ်ဖက် မှာမူ ဦးခေါင်းဘက်သို့ကပ်၍သွား၏။ (ဓာတ်ပုံကင်မရာချိန်ခွက်မှ မှန်ဘီလူးသည် ရှေ့ဘက်သို့ တိုးထွက်လာသော သဏ္ဌာန်နှင့် တူ၏) စကားပြောသော အသံသည်လည်း နဂိုမူလအသံ မဟုတ်တော့ဘဲ အသံပြောင်းသွားလေသည်။ တစ်ခါတစ်ရံ စာရွက်လွတ်တွင် လူပုံ၊ ပန်းပုံနှင့် တိရစ္ဆာန်ပုံများ ရေးဆွဲတတ်လေသည်။

## ဒဂုန်ရွှေမျှား၏မှတ်ချက်

"မိုက်ကယ်ကို ကြားဖူးပါတယ် မဆုံတွေ့ခဲ့ဖူးဘူး။ သူ့ အကြောင်းကိုလည်း စိတ်ဝင်စားပါတယ်။ ဒါပေမဲ့ မိုက်ကယ်က လူတစ်ယောက်ကို အကောင်းထက်အဆိုးတွေကိုသာ အများဆုံး ဟောတဲ့သူမို့လို့ လက္ခဏာပညာလို့ မယုံကြည်ဘူး။ မိုက်ကယ်ဟာ တိဗက်က ပညာသင်လာသူတစ်ယောက်လို့ သိရတယ်။ ဒီတော့ မိုက်ကယ်ဟာ ပရလောကနဲ့ မပတ်သက်ဘဲမနေဘူး။ လူတစ်ယောက် ရဲ့ လက်ဝါးကိုကြည့်မဟောဘဲ မျက်နှာကြည့်ဟောတာမျိုးမို့လို့ ဆရာ





တော့ သိပ်သဘောမကျဘူး။ သူဟောတဲ့ပုံစံက ဂျစ်ပဆီလူမျိုးတွေ၊ ဟိန္ဒူဘုန်းကြီးတွေ ဟောတာမျိုးနဲ့ ခပ်ဆင်ဆင်တူနေတယ်။ ဆရာ တို့ဆီမှာလည်း ဝိညာဉ်ကိုခေါ်ပြီး သိချင်နေတာ မေးလို့ရတဲ့ လေချွန် နတ်လိုမျိုးပေါ့"ဟု ကွယ်လွန်သူစာရေးဆရာကြီး ဒဂုန်ရွှေမျှားက ဦးမိုက်ကယ်အပေါ်အမြင်ကို ပြောပြဖူးပါသည်။

## ဦးမိုက်ကယ်၏ ဘဝနိဂုံး

ဦးမိုက်ကယ်၏ဘဝနိဂုံးကား မလှပခဲ့ချေ။ မိုက်ကယ်အမည် ရှိသော လက္ခဏာဆရာကြီးသည် လမ်းဘေးတစ်နေရာ အမှိုက်ပုံကြီး တစ်ခုတွင် သေဆုံးနေသည်ကို မည်သူမျှ မသိကြချေ။ မည်သည့် အချိန်က ကွယ်လွန်ခဲ့သည်ကိုပင် မသိကြရပါ။ မြူနီစီပယ် အမှိုက် သိမ်းကားဖြင့် သယ်ဆောင်သွားပြီးကာမှ လက္ခဏာဆရာကြီး ဦးမိုက် ကယ်ဖြစ်ကြောင်း သိကြရပါတော့သည်။ ဝိညာဉ်များနှင့် တွေ့ဆုံ ရသည်မှာ ပျော်စရာကောင်းသည်ဟု မကြာခဏပြောဆိုတတ်သော ဦးမိုက်ကယ်သည် ဝိညာဉ်များ၏နောက်ဆီသို့ အပြီးအပိုင် လိုက်သွား လေသည်လား မသိနိုင်တော့ပါ။ ဤသို့ဖြင့် ဦးမိုက်ကယ်တစ်ယောက် လမ်းဘေးအမှိုက်ပုံတစ်ခုတွင် မထင်မရှား သေဆုံးသွားခဲ့သည်မှာ ကမ္ဘာကျော် လက္ခဏာဆရာကြီးကိုင်ရို၏ ဘဝနိဂုံးနှင့် အတော်ပင် ဆင်တူလှသဖြင့် အံ့သြဖွယ်ရာ ဖြစ်ရပါသည်။

*[ဆရာမငြိမ်းငြိမ်း(ကျိုင်းတုံ)၏ သုရဇ္ဇမဂ္ဂဇင်းပါ 'ကမ္ဘာကျော် မြန်မာလက္ခဏာဆရာ' ဆောင်းပါးကို မှီးပါသည်။]*

❑

www.burmeseclassic.com

www.burmeseclassic.com

# သင့်မှာ (ESP)စွမ်းရည်ရှိပါသလား?

## ( Do You Have ESP? )

ESP ဆိုသည်ကား အဘယ်နည်း။ 'ESP'မှာ Etra-Sensory-Perception ဖြစ်၍ မြန်မာဘာသာအားဖြင့် (ဆဋ္ဌမအာရုံ)ဟု ခေါ်ဝေသည်။

ဗုဒ္ဓမြတ်စွာဟောကြားချက်အရ အာရုံငါးပါးသာရှိရာ (အပို အာရုံ)တစ်ခုဖြစ်၍ 'ဆဋ္ဌမအာရုံ' အာရုံသည် ဝင်ပေါက်ငါး[၁]ခုမှ ဝင်လာတတ်သော ခံစားမှုတစ်မျိုးပင်ဖြစ်၏။ ဆရာတော်တစ်ပါး[၂] ပြုစုသော ကျမ်းတစ်စောင်[၃]အာရုံမှာ အောက်ပါအတိုင်းဖြစ်ကြောင်း ဖော်ပြထားသည်။

---

၁။ Five sense of ar organ

၂။ ရှင်မဟာဗုဒ္ဓဃောသ

၃။ 'ဝိသုဒ္ဓိမဂ်ကျမ်း' အင်္ဂလိပ်ဘာသာအားဖြင့် The path to the purification ဟု ဆရာကြီး ဦးပေမောင်တင်ပြန်ထား။





(၁) မျက်စိအပေါက်မှ (စက္ခုအာရုံ)ဝင်လာသည်။

(၂) နားအပေါက်မှ (သောတအာရုံ)ဝင်လာသည်။

(၃) လျှာအပေါက်မှ (ဃာနအာရုံ)ဝင်လာသည်။

(၄) ကိုယ်ကာယအပေါက်မှ (ဖဿအာရုံ)ဝင်လာသည်။

(၅) စိတ်အပေါက်မှ (အာရုံအထွေထွေ)ဝင်လာသည်။

ထိုသို့ အာရုံငါးပါးသာရှိရာ (Extra)ဟူသော ဝေါဟာရကြောင့် (ဆဋ္ဌမအာရုံ–အာရုံပို/အာရုံပွား)ဟု ပညာရှင်များဆိုခြင်း ဖြစ်မည်။

'ဆဋ္ဌမအာရုံ'ဆိုသော်လည်း စိတ်မှဝင်ရောက်လာသော အာရုံတစ်မျိုးဟုသာ ဆိုသင့်သည်။ သို့သော် 'သတ္တဝါတို့၏စိတ်သည် မကောင်းမှုတွင်သာ တဲ့ကျစားတတ်သည်'

'မနော၊ ဝိပဿီ၊ ရုမတိ'ဟူသော ဗုဒ္ဓ၏ဟောပြောချက်နှင့်ကားမတူ။ စိတ်ကား 'ဝိတက်၊ ဝိစာရ'စသည့် စေတသိက်များနှင့် ဆက်ဆံမှုများသည်။

ESP ကား (မနောသိအာရုံ)တစ်မျိုးဖြစ်နိုင်သည်။ သဘာဝ ဖြစ်ရပ်များ၊ စိတ်နယ်ပွှန်ဖြစ်ရပ်များသည် စိတ်(မနော)နှင့်သာ အများအားဖြင့် သက်ဆိုင်နေသည်။

'မနောဆက်ပညာ'၊ 'စိတ်အာရုံချင်း ဆက်သွယ်မှု'၊ 'တယ်လီပသီ' Telepathy နှင့်လည်းမတူ။ သို့သော် စိတ်ချင်းဆက်သွယ်မှုသည် ဆဋ္ဌမအာရုံတွင် နိမိတ်ထင်လာခြင်းနှင့်ကား လုံးဝဆန့်ကျင်နေသည်ကား မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ကျမ်းပြုပုဂ္ဂိုလ်တစ်ဦးကမူကား 'တယ်လီပသီ' နှင့် 'အာနာပါန' တူသည်ဟု ၎င်း၏စာအုပ်[၁]တွင် ဆိုထားသည်။

'အာနာပါန' ကိုကား မြန်မာ-အင်္ဂလိပ်အဘိဓာန်တွင် အောက်ပါအတိုင်း အဓိပ္ပာယ်ပေးထားသည်။

[အာနာပါန (n) (1) Inhalation and or halation; in and out breathing. (2) Insight meditation (Pali) အာနာပါန]

[ထွက်သက်၊ ဝင်သက်ကိုအခြေပြု၍ စိတ်ကိုထိန်းချုပ်ကာ (သမာဓိ)တက်အောင်ကျင့်ရာမှ 'သိဒ္ဓိ'၊ 'ဣဒ္ဓိ'များတက်လာပုံဖြစ်သည်။ ဤကျင့်စဉ်သည် သမထနယ်ပယ်မှာပင် ရှိသေးသည်ဖြစ်၍ (နိဗ္ဗာန်)ကို ရောက်နိုင်သည်တော့ မဟုတ်ပေ။]

'တယ်လီပသီ'မှာ (မနောဆက်ပညာ)သာဖြစ်ရာ ESP နှင့် မတူ။ သို့သော် အခြေခံအားဖြင့်တော့ လုံးဝကွာခြားသည်ဟု မဆိုနိုင်ဟု ရေးသားခဲ့ရာ (J. GAITHER PRATT)၏ ESP RESEARCH TO-DAY စာအုပ်ပါ အောက်ပါ(အကျဉ်းချုပ်ဘာသာပြန်ဖော်ပြချက်အရ)စာရေးသူ၏ အယူအဆများစွာ မတိမ်းစောင်းကြောင်း တွေ့ရပါမည်။

* * *

● ယနေ့ လူတစ်ဦးတစ်ယောက်အား တွေ့ပါက 'ESP ကို သင် ဘယ်လိုထင်သလဲ' ဟု မေးမိမည်ဆိုပါစို့။

ထိုသူထံမှ အဖြေကို အလွယ်တကူမရရှိသာမက ဤသို့ပင် ပြန်မေးခံရပေလိမ့်မည်။

၁။ တယ်လီပသီ(သို့မဟုတ်) အာနာပါနနှင့် လျှို့ဝှက်ဆန်းကြယ်သော စိတ်ပညာများ။ (ဦးစိုးဝင်းထွန်း)





'ဘာလဲ ESP ဆိုတာ' ဟူ၍ပင်။

လွန်ခဲ့သော ၃၅ နှစ်ကပင် စာပေနယ်တွင် စကားလုံးသုံးလုံးကို သမာသ်ပုဒ်[၁]ပြုထားသော ဝေါဟာရ၏ ဝစနတ္ထ[၂]ကို သိနေကြပြီ။

အထက်တန်းကျောင်းသားအရွယ် သို့မဟုတ် ထိုထက်အရွယ်ရောက်နေသူများသည် (ESP)၏ဆိုလိုချက်ကို သိနေမည်သာ။

သို့သော် ဤဝေါဟာရများ စုပေါင်းထားသည့် ESP တွင် သီးသန့်အဓိပ္ပာယ်ဆောင်နေဆဲပင်ဖြစ်၏။ အသုံးအနှုန်းနယ်ပယ်သို့ မရောက်သေး။ ESP သည် နေ့စဉ်သုံးဝေါဟာရအဖြစ်မလိုသေးပေ။

ဤသို့ မဖြစ်နိုင်စရာ မရှိပြီ။ စင်စစ်အားဖြင့် ESP ၏ ဆိုလိုချက်ကို တိတိပပသိသူမှာ လူသားအနည်းငယ်သာ ရှိပေသည်။

ထိုသူတို့သည်လည်း ESP ကို သက်ဝင်ယုံကြည်သလော၊ သို့မဟုတ် အယူသည်းမှုအနေတစ်ရပ်အဖြစ်သာ ယူဆထားသလော။

သိပ္ပံပညာရှင်တို့ လေ့လာစရာအချက်ပင်လား၊ သိပ္ပံပညာရှင်တို့သည် ထိုဝေါဟာရကို သက်သေပြနိုင်သည် သို့မဟုတ် 'မဖြစ်နိုင်' ဟုပင် ယူဆထားသလား။

အကယ်၍ ထိုသို့ယူဆထားပါမူ ထိုဝေါဟာရကို သိပ္ပံနည်းကျ လေ့လာကြည့်သင့်သည်။

သိပ္ပံနည်းကျ လေ့လာခြင်း၏ အဆုံးစွန်သော ရည်ရွယ်ချက်ကား မည်သို့နည်း။

၁။ Coined words Erclih+Sensdry+Perception (၎င်းဝေါဟာရ သုံးလုံးတွဲကို တိတိပပသိနေခြင်းတော့မထင်၊ ကြားသိရုံမည်ကာ မတွေ့သာ ဖြစ်နိုင်သည်။)

၂။ အဓိပ္ပာယ်ဆိုလိုချက်။



www.burmeseclassic.com

www.burmeseclassic.com



ESP ၏ အဓိပ္ပာယ်ကို ဖော်ထုတ်နိုင်သော အချက်များကို ရှာဖွေတွေ့ရှိနိုင်ရန်မှာ ထင်ရှားပါ၏ဟူ၍ ပြောဆိုနိုင်ရန်နှင့် သက်သေပြနိုင်ပါသလော။

သိပ္ပံပညာရှင်အတော်များများနှင့် ဓာတုဗေဒပညာရှင်များသည် မည်သို့လုပ်ကိုင်နေကြသနည်း။ 'သဘာဝဆိုင်ရာ နိယာမတရားများ' (THE LAWS OF NATURE)ပေါ်တွင်သာ အခြေပြုသည်ဟု ဆိုရမည်။

ESP သည် ဤစကြဝဠာအတွင်းရှိနေသည့်ကတော့ အငြင်းမပွားနိုင်သည့်အချက်ပင် ဖြစ်ပါသည်။

ESP သည် ဤစိတ်နယ်လွန်ဒေသ (နယ်ပယ်)တွင် အသုံးများနေသော (PARAPSYCHOLOGY)ပင်လား။ (ပညာရှင်တစ်ယောက်က 'PARA'သည် ဂရိစကားမှလာကြောင်း၊ နယ်နိမိတ်လွန်သော အဓိပ္ပာယ်ဆောင်ကြောင်း။ ထို့ကြောင့် 'PARA+PSYCHOLOGY' ကို 'စိတ်+နယ်လွန်)ဟု ဆိုသင့်ကြောင်း မှတ်ချက်ပြုထားပေသည်။)

သို့ဖြင့် ESP ဟူသော ဝေါဟာရကို စိတ်ပိုင်းဆိုင်ရာ စကားလုံးအနေဖြင့် သတ်မှတ်ထားလိုက်ကြသည်။ အချို့ကလည်း ဤဝေါဟာရကို စိတ်ဝင်စား၍ အဓိပ္ပာယ်တိတိပပကို ရှာဖွေနေသော စိတ်ပိုင်းဆိုင်ရာ သိပ္ပံပညာရှင်များကိုပင် သရော်လိုက်သေး၏။

ထိုသူတို့၏ သရော်ချက်ကို အောက်တွင်ဘာသာပြန်ဖော်ပြလိုက်ပါသည်။

'ဝေါ' WALL လမ်းရှိ ဂျာနယ်တစ်စောင်တွင်ပါလာသော ကြော်ငြာတစ်ခုပင် ဖြစ်ပါသည်။ ESP ဟူသောစကားလုံးကို စာလုံးနက်ကြီးများဖြင့် ဖော်ပြထားသည်။ ကြော်ငြာ၏ထိပ်တွင် ဖော်ပြထားသည်မှာ–





ကျွန်ုပ်တို့အဖို့တော့ ESP၏ဆိုလိုချက်မှာ EXTRA SPECIAL PEOPLE ဟူ၍ပင် ဖြစ်တော့သည်တဲ့။

သို့သော် ESP ဖြစ်ရပ်များကား တကယ်ရှိပါသည်ဟု အကြိမ်ကြိမ်ဆိုခဲ့ပြီ။ ဖြစ်ရပ်များကို ကောင်းစွာစုစည်း၍ ကောက်ချက်ချအဖြေထုတ်ရခြင်းပင်ဖြစ်သည်။

သင်္ချာဆိုင်ရာသက်သေပြရာတွင် 'THEOREM' တို့ကို အဖြေပြုရသကဲ့သို့လည်း ဖြစ်သည်။ သင်္ချာဘာသာရပ်တွင် 'ပိုက်သဂိုရပ်'(PYTHAGORUS)စသော ပညာရှင်များ၏ 'အရိပ်များ' ထိုးနေသကဲ့သို့ စိတ်ပိုင်းဆိုင်ရာကောက်ချက်များဆွဲရာတွင် 'ပလေတို'၊ 'ဆိုကရေးတီး'၊ 'သေးလီ'၊ 'အရစ္စတိုတယ်'စသော ဒဿနပညာရှင်များ၏ 'ကြံဆချက်များ' ရှိနေသည်ဟု ဆိုသင့်သည်။

လူ့တိုင်းတွင် ESP စွမ်းရည်များရှိနေကြောင်း အောက်ပါ သာဓကနှစ်ရပ်အား ဆွေလာကြည့်ပါဦး။

(၁) မိခင်တစ်ယောက်က သူ၏သားအား ဤသို့ စာရေးလိုက်သည်။

သူမ၏အာရုံထဲတွင် သူ့သားစီးလာသော လေယာဉ်သည် တောင်ကြားတစ်ခုထဲတွင် ပျက်ကျကြောင်း၊ ဟုတ်သလားဟု စာထဲတွင် မေးထားသည်။

သူ့သားက 'သူတို့မုံးကြဲရန်သွားစဉ် ၎င်းတို့လေယာဉ်သည် တောင်ကြားတစ်ခုတွင် ပျက်ခဲ့သည်မှာ မှန်ပါသည်ဟု စာရေးပြန်ကြားလာသည်။

ဤဖြစ်ရပ်တွင် 'တယ်လီပသီ'ခေါ် 'မနောဆက်' ဖြစ်ရပ်မဟုတ်။ တစ်ဦး၏စိတ်နှင့် တစ်ဦး၏စိတ် ဆက်သွယ်နေခြင်းထက်

www.burmeseclassic.com



'ဆဋ္ဌမအာရုံ'တွင် အလိုအလျောက် ထင်လာခြင်းဖြစ်သည်။ ESP သဘောပင်။

(၂) သင်္ဘောသားတစ်ယောက်သည် သင်္ဘော၏ ကုန်းပတ်ပေါ်တွင် အမှုထမ်းနေစဉ် ပခုံးတွင်လည်းကောင်း၊ လက်တွင်လည်းကောင်း ဒဏ်ရာများရသွားသည်။ ဤအကြောင်းကို အိမ်မှလူများ စိတ်ပူမည်စိုး၍ အကြောင်းမကြားဘဲထားလိုက်သည်။ သို့သော် သူ့အမေက ပခုံးတွင် ဒဏ်ရာရသည်ကို 'ဘာကြောင့် မပြောသလဲ'ဟု စာရေးကာ အပြစ်တင်သည်။

ဤဖြစ်ရပ်နှစ်ခုံးပင် သက်သေပြ၍မရ။ အကြောင်းမှာ 'စိတ်ပိုင်းဆိုင်ရာအာရုံပို'တွင် ထင်လာခြင်းကြောင့်ဖြစ်သည်။ ESP သဘောဟုသာ ကောက်ချက်ပြုရမည်သာ ဖြစ်ပါသည်။

အိပ်မက်မက်နေသူတစ်ဦးသည် မိမိ၏အဆွေခင်ပွန်း ရပ်ဝေးတစ်နေရာတွင် ဘာဖြစ်နေသည်ကို အိပ်မက်ထဲတွင် မြင်တွေ့ရခြင်းမှာ တယ်လီပသီခေါ် မနောဆက်သဘောပင်။

ထိုသို့ အဝေးတစ်နေရာမှဖြစ်ရပ်ကို သိနိုင်ခြင်းကို 'ဒိဗ္ဗစက္ခုမှန်ပြောင်း'[၁] သို့မဟုတ် 'နတ်မျက်စိ'မှန်ပြောင်းဖြင့်သိနိုင်၍ အာဖရိကမှ ရှေ့ဖြစ်ပုဂ္ဂိုလ်များ သုံးတတ်သည်။

ESP ၏အကြောင်းကို ဆက်လက်၍ ဖော်ပြပါဦးမည်။ ဤသို့ ဖော်ပြရာ၌ REX MAGUS ၏ 'သဘာဝလွန်ဖြစ်ရပ်များ'စာအုပ်ပါ အရေးအသားများကို မှီးပါသည်။

---

၁။ 'CLAIRVOYANCE' ၎င်းကို အာဖရိကမှ 'မှော်ဝိဇ္ဇာများ'သုံးတတ်သည်။ ထိုမှန်ပြောင်းတွင် ကြည့်လိုက်ပါက မီးခိုးများကို ဦးစွာတွေ့ရပြီး မီးခိုးများ ရှင်းသွားရာသော် VISION တွင် ဖြစ်ရပ်များကို မြင်လာရသည်ဆို၏။





'သင်စကားပြောရာတွင် ပါဝင်လိုသောအချက်ကို ကြံဆနေစဉ် တစ်စုံတစ်ယောက်က မည်သည့်အချက်များ ပါဝင်သင့်သည်ဟု အကြံပေးလာခြင်းကိုသော်လည်းကောင်း။

သင်က ပရိသတ်ထဲက တစ်စုံတစ်ယောက် ကြားသိလိုသော အချက်ကို ထုတ်ဖော်ပြောဆိုလိုက်သော် 'ငါသိချင်တာကွက်တိပဲ'ဟု ရွှင်မြူးသောစိတ်ဖြင့် ပြောလိုက်သည်ကို ကြုံဖူးပါသလား။

(ဗုဒ္ဓမြတ်စွာတွင် တစ်ပါးသူ၏စိတ်အကြံကိုသိသော စေတောပရိယအဘိညာဉ်ရှိသည်။ ဗုဒ္ဓမြတ်စွာကို မဆိုထားဘိ၊ သာဝကများ၊ ဣဒ္ဓိဝိဒအဘိညာဉ်ရသူများပင် တစ်ပါးသူ၏ စိတ်အကြံကို သိနိုင်ပါသည်။)

**'ကျွန်ုပ်တို့သည် တစ်စုံတစ်ယောက်ကို သတိရနေစဉ် ၎င်း၏ အကြောင်းကို တွေးတောနေစဉ် တယ်လီဖုန်းခေါ်သံမြည်လာသည်။ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သောအခါ တစ်ဖက်မှ စကားပြောနေသူမှာ မကြာသေးမီကပင် မိမိတွေးနေသောသူ ဖြစ်သည်ကိုကော ကြုံတွေ့ဖူးပါသလား။'**

(ရှေးဟောင်း မြန်မာ့လေးဆစ်သဖြန့်တစ်စုတွင် 'လူမတူ(တ)သူ ကေန်ရောက်မှာဖြင့်...ဟူသော စကားတစ်ရပ်ပါရာ 'တမ်းတနေသူ တကယ်ရောက်လာမယ်ဆိုရင်'ဟု ဆိုလိုသည်။ မြန်မာ့ရှေးဟောင်း စကားတစ်ရပ်တွင်–

'ကျွန်းတုံးကြောင်လျှောက်၊ လွှမ်းတုန်းမောင်ရောက်'ဟူသော စကားရပ်များပါသည်။

စင်စစ်အားဖြင့် 'စကားထာ'များတွင် ပါဝင်၍ 'ပန်းဖွက်တမ်း' ကစားရာတွင် ရှေးမြန်မာများသုံးသည်။ 'ကျွန်းတုံးကြောင်လျှောက်'



www.burmeseclassic.com

www.burmeseclassic.com



မှာ ပဟေဠိဖြစ်၍ 'လွှမ်းတုန်းမောင်ရောက်' မှာ အဖြေသို့မဟုတ် 'အအုပ်ပိုဒ်' ဖြစ်ပါသည်။

လွှမ်းနေတုန်း(မောင်)ရောက်လာသည်မှာ 'တယ်လီပသီ' (မနောဆက်)မှ 'ဆဋ္ဌမအာရုံ' သို့ရောက်ပြီး 'ရုပ်ကွန်မြူကြီး' က တစ်ဆယ် ရောက်လာခြင်းပင်။

ဤသို့ဖြစ်တတ်သည်မှာ ဘယ်လိုလဲ၊ တိုက်ဆိုင်မှုလား၊ စိတ်ပိုင်းဆိုင်ရာ 'တယ်လီပသီ' ခေါ် 'မနောဆက်' သဘောလား။

ဤကမ္ဘာလောကတွင် စိတ်နှင့်ပတ်သက်သော လေ့လာစရာ တွေကား များပြားလှ၏။ စိတ်တန်ခိုးကို ပိုင်ဆိုင်ထားသူများ၊ စိတ်ကို ထိန်းချုပ်ကာ တန်ခိုးထက်မြက်အောင် ကျင့်ဆောင်နေသူများ အနမတဂ္ဂ ရှိသည်။ လေ့ကျင့်မှုများ များပြားလာသည်နှင့်အမျှ စိတ်တန်ခိုးကို ပိုမိုထက်မြက်လာစေသည်။

အထက်တစ်နေရာတွင် ဆိုခဲ့သကဲ့သို့ 'အမြင်'၊ 'အကြား'၊ 'အနံ့'၊ 'အရသာ'နှင့် 'အတွေ့အထိ' ဟူသော အာရုံငါးပါးမှဆင့်ပွား၍ 'ဆဋ္ဌမအာရုံ' ပေါ်လာခြင်းဖြစ်သည်။ လူတွင် (မသေချာ) ရှိရာ 'တတိယမျက်လုံး'(THIRD EYE) ပေါ်လာသကဲ့သို့ပင် ဖြစ်မည်။ ESPမှ ဆင့်ပွားလာသော အမည်ခွဲများရှိသည်။

## 'ဒိဗ္ဗစက္ခု' (CLAIRVOYANCE)

မှော်အတတ်ဖြင့်ပြုလုပ်ထားသော မှန်ပြောင်းတွင်ကြည့်၍ အဝေးတစ်နေရာသို့ ကြည့်သောစွမ်းရည် (THE ABILITY TO SEE FROM AFAR)ဖြစ်သည်။ အဝေးတစ်နေရာမှ အရာကိုမမြင်ဘဲလျက် အဖြစ်အပျက်များကို တိတိပပပြောနိုင်သည်။





## 'ဒိဗ္ဗသောတ' (CLAIR AUDIENCE)

အနီးဖြစ်စေ၊ အဝေးဖြစ်စေ အသံဟူသမျှကို ထင်ထင်ရှားရှား ကြားနိုင်သောပညာ ဖြစ်သည်။

THE ABILITY OF HEARING SOME THING WITHOUT BEING ANYWHERE NEAR WHERE THE SOUNG IS BEING MADE.

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်းပင် ESP ကို သက်သေ ပြ၍ကား ခက်ခဲမည်။ စိတ်၏ဖြစ်ရပ်တစ်ခုဟုသာ ဆိုသင့်သည်။ သို့သော် သဘောမှုဖြစ်စေ သိသာစေရန် အောက်ပါ'ဖြစ်ရပ်အချို့'ကို ဖော်ပြလိုက်ပါသည်။

## ဖြစ်ရပ် (၁)

အချိန်မှာ ၁၉၄၀ တွင်ဖြစ်လေသည်။

မစ္စက်အက်ဖ်သည် ညသန်းခေါင်အချိန်တွင် အိပ်ရာမှနိုးလာရာ သူမ၏ခင်ပွန်းသည် ခုတင်ခြေရင်းတွင် ရပ်နေသည်ကို တွေ့ရသည်။

သူမခင်ပွန်းက ခုတင်ပေါ်သို့ ညွှတ်ကိုင်းလိုက်ရာ ခြေထောက် မှကြွက်တက်လာသကဲ့သို့ ခံစားလိုက်ရသည်။ သူက 'ဘုရားရေ၊ ငါ့ခြေထောက် ဘာဖြစ်တာလဲ'ဟု ယောင်ယမ်းကာ အော်လိုက်၏။

ဒုတိယကမ္ဘာစစ်ကာလဖြစ်ကာ မစ္စက်အက်ဖ်၏ ခင်ပွန်းသည် မိုင်ပေါင်းများစွာ ဝေးကွာသောတစ်နေရာ ပစိဖိတ်ကျွန်းပေါ်တွင် ဂျပန်များကို တိုက်ခိုက်နေရသည်။

နောက်မကြာမီ မစ္စက်အက်ဖ်၏ခင်ပွန်းထံမှ စာရောက်လာရာ စစ်တိုက်နေစဉ် သူဒဏ်ရာရကြောင်း ရေးသားထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာမှာ ခြေထောက်တွင်ဖြစ်၍ သူမသည် ၎င်း၏ရုပ်သွင်ကိုမြင်ရ၍ အသံကိုကြားရသောအချိန်မှာ သူ့၌ ဒဏ်ရာရချိန်ပင်ဖြစ်နေတော့၏။

## ဖြစ်ရပ်(၂)

အသက်(၅)နှစ်အရွယ် မိန်းကလေးတစ်ယောက်သည် ခြံထဲတွင်ကစားနေစဉ် မကြာမီ သူမအစ်ကိုနှင့် ယောင်းမတို့ လာလည်မည်ဟူ၍ 'မနောအာရုံ'တွင် ထင်လာသည်။ ထိုအကြောင်းကို မိခင်အားပြေးပြောရာ 'လိမ်နေသည်၊ မဖြစ်နိုင်တာ'ဟုဆိုကာ ဆံပင်ဆွဲကာ ရိုက်နက်လိုက်သေးသည်။

ထိုနေ့ မွန်းလွဲပိုင်းတွင် ကီလိုမီတာ ၃၀ အကွာတွင်နေထိုင်နေသော သားနှင့်ချွေးမတို့ ရောက်လာသဖြင့် မိခင်ကြီးခမျာ အံ့သြရတော့၏။

## ဖြစ်ရပ်(၃)

နာမည်ကျော်ပုဂ္ဂိုလ်ကြီးနှစ်ယောက်တို့သည် မိုင် ၃၀၀၀ ကွာဝေးသောနေရာများအသီးသီးတွင် ညီလာခံအစည်းအဝေးများ တက်နေကြသည်။ ၎င်းတို့သည် ဒိုင်ယာရီများရေး၍ မိမိတို့၏ (တစ်နေ့တာ)အဖြစ်အပျက်များကို မှတ်တမ်းတင်ခဲ့ကြသည်။ အဆိုပါမှတ်တမ်းများ တိကျစွာတူညီနေသည်မှာလည်း အံ့သြစရာပင်။

တယ်လီပသီလား၊ ESP လား။

ကျွန်ုပ်တို့အားလုံးတွင် ESP စွမ်းရည်များ ရှိပါသည်။ ၎င်းစွမ်းရည်များကိုကား သက်သေပြနိုင်ရန် ခက်ခဲပါလိမ့်မည်။ ကျင့်စဉ်များ





ကြောင့် 'နိုးကြားလာသော အာရုံများ'ဟူ၍သာ ယူမှတ်ထားပြီး ပွံ့ဖြိုးအောင် လေ့ကျင့်ပြီး နိုးကြားအာရုံ'(SENSITIVE SENSE)အဖြစ် စနစ်တကျအသုံးချနိုင်ပါစေဟုသာ ဆန္ဒပြုပါ၏။

ESP နှင့်ပတ်သက်သော သာဓကဖြစ်ရပ်များကား များစွာရှိပါ၏။ သို့သော် ဖြစ်ရပ်ချင်းဆင်တူနေ၍ သီးသန့်မဖော်ပြတော့ပါ။

❑

www.burmeseclassic.com

www.burmeseclassic.com

# သေသူသည် ရှင်သူထံ အလည်လာတတ်ပါသလား?

## (Do the dead visit the living?)

ကမ္ဘာကျော်စစ်ဗိုလ်ချုပ်ကြီး၊ ကေရာဇ်ကြီး၊ ကိစ္စတစ်ရပ်ကို မဖြစ်မနေဆောင်ရွက်ကာ တက်လမ်းရှာခဲ့သူ ပါရမီရှင်ကြီးနပိုလီယန်သည် ၎င်းအသက်ရှင်စဉ်က ပတ်ဝန်းကျင်ရှိလူများအတွက် 'စံပြုစရာ ပုဂ္ဂိုလ်ထူး'ဖြစ်ရုံသာမကသေး။ သူ၏ သေဆုံးပြီးနောက် ထူးဆန်းသော ဖြစ်ရပ်တစ်ခုမှာလည်း ပဟေဠိဆန်ဆန်ပင်။

ထိုအချိန်က သူသည် 'စိန့်ဟယ်လီနာ'ကျွန်းတွင် အကျဉ်းကျနေရာက နာမကျန်းဖြစ်ကာ သေအံ့မူးမူးအချိန်။

ထိုအချိန်တွင် ပြင်သစ်နိုင်ငံတွင် နေထိုင်နေသောသူ၏ မိခင်သည် အိမ်ရှေ့ခန်းတွင်ထိုင်နေခိုက် လှေကားမှဦးထုပ်ဆောင်းကာ ဝတ်ရုံတစ်ထည်ကို ဝတ်ဆင်ထားသူတစ်ယောက် တက်လာသည်။

ဝင်ရောက်လာသူမှာ အမိန့်ပေးလေ့ပေးထ ရှိသူတစ်ယောက်၏ ဥပဓိရုပ်မျိုးရှိ၏။ ထိုသူက အိမ်တော်စောင့်အား အိမ်ကြီးရှင်သခင်မထံ မိမိအားခေါ်သွားရန် အမိန့်ပေးလိုက်သည်။





အိမ်တော်စောင့်သည် ထိုသူအား နပိုလီယန်၏မိခင်ထံ ခေါ်သွားကာ မိမိ၏မူလနေရာသို့ ပြန်သွားသည်။

ထိုသူက နပိုလီယန်၏မိခင်အား ဦးညွှတ်အရိုအသေပေးပြီး ဝတ်ဆင်လာသောဝတ်ရုံကို ချွတ်ပစ်လိုက်ရာ မိခင်ကြီးသည် သူ့သားကို မှတ်မိသွားလေသည်။

လတ်စသတ်တော့ နပိုလီယန်ကိုယ်တိုင်ပါပဲလားဟူ၍လည်း သိလိုက်သည်။

မိမိ၏သား နပိုလီယန်ဘိုနာပတ်သည် စိန့်ဟယ်လီနာကျွန်းတွင် အကျဉ်းခံနေရရာမှ လွတ်မြောက်လာပြီကိုးဟူ၍လည်း ထင်လိုက်သည်။

အမေကသားထံသို့ ပြေးသွားသည်။ နပိုလီယန်က နောက်သို့ဆုတ်လိုက်ကာ 'ဒီနေ့ ၁၈၂၁ ခုနှစ်၊ မေလ ၅ ရက်နေ့နော်'ဟု ပြောလိုက်သည်။ ထို့နောက် နောက်သို့ထပ်မံဆုတ်လိုက်ကာ လာစဉ်ကအတိုင်း တံခါးပေါက်ကြီးမှ ပြန်ထွက်သွားလေသည်။

အမေသည် သားနောက်သို့ပြေးလိုက်သွားရာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပေ။ အမေက မိမိနေရာတွင်ပြန်၍ တာဝန်ထမ်းဆောင်နေသော အစောင့်အား နပိုလီယန်ကို တွေ့သလားဟု မေးလိုက်သည်။

ထိုအခါ မည်သူ့ကိုမှ မတွေ့ပါ။ သူလည်း ဤနေရာမှ ဘယ်မှမခွာပါဟု ပြန်ပြောလိုက်သည်။

ထိတ်လန့်ကြောက်ရွံ့လျက်ကပင် အမေအခန်းတွင်းသို့ ပြန်ဝင်ခဲ့သည်။ နောက်မကြာမီ မိမိသား နပိုလီယန်သေဆုံးခဲ့ပြီဆိုသော သတင်းဆိုးကို အမေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့သည်ကား မေလ ၅ ရက်ဖြစ်၍ အမေနှင့်နပိုလီယန်တို့ တစ်ခန်းတည်း အတူရှိနေသည်ပဲ။

ကွယ်လွန်သည်နှင့်တစ်ပြိုင်နက် မိမိချစ်မြတ်နိုးသူထံ ချက်ချင်း ရောက်လာသည်မှာ နပိုလီယန်တစ်ယောက်သာဟု ဆိုသင့်သည်။ သူသည် သေဆုံးပြီး မကြာမီ အမေ့ထံ ရောက်လာသည်။

[‘GHOSTLY VISITOR’ဟူသည် ‘ပရ’လောကသို့ ရောက်နေသူများက သက်ရှိသူများထံ ရောက်လာကာ ‘ကိုယ်ထင်ပြခြင်း’ကို ဆိုပါသည်။ နပိုလီယန်ကား ဧကရာဇ်အဖြစ်အုပ်စိုးကာ တာဝန်ထမ်းနေသော မိခင်ကြီးကို သတိရနေမည်။ ‘စိန့်–ဟဲယ်လီနာ’ကျွန်းတွင် အကျဉ်းချနေစဉ်ကလည်း ‘ခလုတ်ထိမှ အမိတ’ဟူသော စကားအရ သတိရနေမည်။

သို့ဖြင့် ဝိညာဉ်သည်ကိုယ်မှခွာကာ သေဆုံးသည်နှင့် ‘ဝိညာဉ်ခရီးနှင်’(SOUL TRAVEL)ကာ အမေထံရောက်လာခြင်းဖြစ်နိုင်သည်။

အခြားသောသူများကား လားရာဂတိ တစ်စုံတစ်ခု ရရှိပြီး (ပေတ–ပြိတ္တာ)ဘဝတွင် အနေကြာခဲ့ပြီး ကျွတ်ချိန်မရသဖြင့် သက်ရှိလူသားတို့အား အမျှဝေရန် အကူအညီတောင်းသည့်သဘောဖြင့် ကိုယ်ထင်ပြခြင်းဖြစ်မည်။ ‘သက်သေမပြနိုင်သော’ဖြစ်ရပ်များ စာအုပ်တွင် ဝိညာဉ်လောကအကြောင်းများ ဖော်ပြထားသည်။]

* * *

၁။ UNEXPLAIN





## သေလွန်ပြီးသော(အဘိုး)က နှုတ်ဆက်သွားသောဖြစ်ရပ်

တစ်ညတွင် ဆယ်ကျော်သက်အရွယ် မိန်းကလေးတစ်ယောက်သည် အိပ်ရာမှနိုးလာရာ မိမိတို့နှင့်အတူမနေသော အဘိုးဖြစ်သူအား မိမိ၏ခုတင်ဘေးတွင် တွေ့ရသည်ဆို၏။

အဘိုးက သူ၏မြေးမလက်ကိုဆွဲ၍ ‘မြေးက ကောင်းတဲ့မိန်းကလေးတစ်ယောက်ပဲ၊ နောင်လည်း ကောင်းကောင်းပဲနေပါ၊ ကြောက်စရာ ဘာမှမရှိဘူး’ဟု ပြောဆိုသည်။

ဆယ်ကျော်သက်မိန်းကလေးသည် ဤဖြစ်စဉ်သည် အိပ်မက်မဟုတ်မှန်း အသေအချာသိ၏။ နောက်မနက်တွင် အဖေဖြစ်သူက ဖုန်းမှလာသော သတင်းကိုပြောပြသဖြင့် မနေ့ညကပင် အဘိုးကွယ်လွန်ခဲ့ပြီကို သိရတော့သည်ဆို၏။

(ဗုဒ္ဓမြတ်စွာ ဟောကြားသော တရားတော်များအနက် လားရာဂတိကို ညွှန်ပြရာတွင် ‘ပေတာဂတိ’ဟူ၍ပါသည်။

(ဂတိ)တစ်ခုကိုရ၍ (ပြိတ္တာ)ဖြစ်ကာ မကျွတ်မလွတ်ဖြစ်နေသူများအနန္တပင်။ ထိုသူတို့သည် ‘ကျွတ်ချိန်တန်’လာသော် သက်ရှိပုဂ္ဂိုလ်များထံမှ အမျှဝေခြင်းကို တောင်းခံကြသည်။ တောင်းခံရာ၌လည်း မိမိတို့ဆွေမျိုး တော်စပ်ခဲ့ဖူးသူထံမှသာ တောင်းလေ့ရှိသည်။

ဒေသနာတော်တစ်ခုတွင် ဗုဒ္ဓမြတ်စွာက ဗိမ္ဗိသာရမင်းကြီးအား သင်အလှူပြုပြီးလျှင် သင်၏အဆွေအမျိုး ပြိတ္တာတို့အား အမျှဝေပါဟု ဆိုခဲ့ရာ မင်းကြီးမေ့နေသဖြင့် ပြိတ္တာတို့က သတိပေးရကြောင်း ဖတ်ရသည်။

အမှန်အားဖြင့် (ခြောက်လှန့်ခြင်း)ဟု မဆိုသာ။ ပြိတ္တာတို့၏



www.burmeseclassic.com

www.burmeseclassic.com



ရှမ်အစင်းမှာ အလွန်ဆိုးကာ ကျက်သရေကင်းမဲ့၏။ အသံမှာ မနှစ်
လိုဖွယ်ဖြစ်၏။ ထို့ကြောင့် ထိုအဆင်း၊ ထိုအသံကို မြင်ရ၊ ကြားရ
ရုံနှင့်ပင် လန့်ကြောက်ဖွယ် ဖြစ်ရပေတော့သည်။

ပြိတ္တာများတွင်လည်း (၁၂)မျိုးမျှရှိကြောင်း ထိုထိုကျမ်းများ
တွင် ဖော်ပြထား၏။

'အသူရကာယ်'ဆိုသော ပြိတ္တာတစ်မျိုးရှိသေးရာ (ဝေမာနိက)
ဟု ခေါ်ပါသည်။ ဝေမာနိကပြိတ္တာကို ဒုက္ခတစ်လှည့်၊ သုခတစ်လှည့်
စက်လှည့်၍ အတည်မကျ ခံစားနေရသော ပြိတ္တာဟုအနက်ဖွင့်ထား
ပါသည်။

ဥစ္စာစောင့်များမှာ ၎င်းအမျိုးတွင် ပါဝင်ပါသည်။ လူ့လောက
နှင့် အလွန်နီးစပ်နေသည်ဖြစ်၍ အမှုဝေသော် ရနိုင်ပါသည်။

'နပိုလီယန်ဘိုနာပတ်'သည်ကား အခြေတကျမရှိသေးသော
ကြောင့် 'ဝိညာဉ်'(SOUL)ဘဝတွင်သာ ရှိပါလိမ့်မည်။

ကွယ်လွန်ပြီး ရက်လည်ဆွမ်းသွတ်သည့်နေ့အထိ သေဆုံး
သူသည် မိမိသေဆုံးသောအဖြစ်ကို မသိသေးသဖြင့် အိမ်ထဲသို့ ဝင်
ထွက်သွားလာနေတတ်သည်ဟူသော မြန်မာ့ရှေးဟောင်းအယူအဆ
မှာလည်း သေဆုံးသူသည် အသက်ရှင်နေသူများထံ လာရောက်
လည်ပတ်တတ်ကြောင်း ထင်ရှားစေပါသည်။

ကွယ်လွန်ပြီးသူမိခင်က သားအား လာရောက်နှစ်သိမ့်ခြင်း၊
ကွယ်လွန်သူအမွှာအစ်ကိုက ညီထံလာရောက်လည်ပတ်ခြင်း၊ ပထွေး

---

၁။ ဘဂဝတ်ဒီပနီ

၂။ ပေတဝတ္ထု

၃။ ပညတ္တိဒီပနီ





က ကျန်ရစ်သူသားသမီးများအား လာရောက်နှုတ်ဆက်ခြင်း စသည်
တို့မှာ ပရလောကမှ သာဓကအချို့သာ ဖြစ်ပါသည်။

တစ်နည်းနည်းဖြင့် မိမိနှင့်သက်ဆိုင်သူများ၌ လောလော
လတ်လတ်သေဆုံးသူ၏ ဝိညာဉ်ရောက်လာခြင်း အဖြစ်များသည်
ပရလောကနယ်ပယ်တွင် များပြားစွာရှိနေပါသဖြင့် ဤ၌ သေဆုံး
သူများသည် အသက်ရှင်နေသူများထံ လာရောက်လည်ပတ်နိုင်ပါ
သည်ဟု ဆိုလိုက်ပါရစေ။

❑

www.burmeseclassic.com

www.burmeseclassic.com

# ပရလောကမှ ဖြစ်ရပ်ဆန်းများ

## ( Some Odds And Ends )

လူတို့သည် အသက်ရှင်နေရာမှ ကွယ်လွန်အနိစ္စရောက်သေ
ပရလောကနယ်သို့ရောက်သည်ဟု အကြမ်းဖျင်း မှတ်သားရပေသည
ထိုအခါ (ဂတိလေးပါး)တွင် တစ်ပါးပါးအရ နတ်လည
ဖြစ်နိုင်၏။ လူလည်း ပြန်ဖြစ်နိုင်၏။ တိရစ္ဆာန်လည်း ဖြစ်နိုင်၏
ပြိတ္တာလည်း ဖြစ်နိုင်၏။ ကျမ်းဂန်များ[၁] တွင်-

(၁) ဒေဝဂတိ၊
(၂) မနုသတ္တဂတိ၊
(၃) တိရစ္ဆာနဂတိ၊
(၄) ပေတဂတိ ဟူ၍ ဖော်ပြထားသည်။

ထိုသို့ (ဂတိ)အသီးသီးအရ (လားရာတွင် 'ဒေဝဂတိ'အ
ဆိုသော် အလွယ်တကူမသိနိုင်။ (ပေတဂတိ)ဆိုပါမူလည်း အလွ

၁။ မာလာလင်္ကာရစာတ်တော်ကြီး ၂။ ကျပင်းတရားစာ





သိနိုင် (မနုသတ္တဂတိ)ဆိုပါက 'လူဝင်စား'ဟူသော သဘောနှင့်
းစပ်လာသည်။

'ပြန်လည်မွေးဖွားခြင်း'(RE BIRTH)သည် မိမိပြုခဲ့သော ကံ
ကြောင့်ဖြစ်ရကြောင်း ဆိုသည်။

'ကံ့ာမနိယာမ'(LAW OF KARMA)ကို မြန်မာများသာမက
အနောက်တိုင်းသားတို့ပင် ယုံကြည်ကြ၏။

'မိမိစိုက်ပျိုးထားသည့်အတိုင်း ရိပ်သိမ်းရမည်'ဟူ၍ ခရစ်ယာန်
ကျမ်းစာက ဆိုသည်။

'AS YOU SOW; SO YOU REAP'[၁]

အကောင်းလုပ်က၊ အကောင်းဖြစ်မည်၊ ငကျွဲစပါးစိုက်က
ကျွဲဆန်ရမည်ဟု ဗုဒ္ဓဘာသာကျမ်း[၂] တစ်စောင်က ဆိုသည်။

ကြောင်းကျိုးနိယာမ (LAW OF CAUSE AND EFFECT)က
ဟာတို့ အကြောင်း တရားနှင့်အကျိုးတရားတို့၏ ဆက်နွယ်နေပုံကို
ဘာက်ပါသာဓကများအရ ထင်ရှားစေပါသည်။

* * *

## ထမဇနီးသည့်ဒေါသ

## (THE ANGRY FIRST WIFE)

လူတစ်ယောက်သည် ပထမဇနီးသည် ကွယ်လွန်အနိစ္စရောက်
နောက် ဒုတိယဇနီးကိုယူ၏။ ပထမဇနီး၏လက်မှ လက်ထပ်

HOLY BIBLE
ဒါနဝဇိဒီပနီ(လယ်တီဆရာတော်)
'ကလျာဏ၊ ကာရီ၊ ကလျာဏံ၊ ပါပကာရီစ၊ ပါပကံ'



www.burmeseclassic.com

www.burmeseclassic.com



လက်စွပ်ကိုချွတ်ယူ၍ ထိုလက်စွပ်ကို နောက်လက်ထပ်သူအားပေးခဲ့ရာ ပရလောကရောက်ကာ တစ္ဆေဖြစ်နေသော ပထမဇနီးက လက်စွပ်ကို လာ၍တွင်တွင် တောင်းနေသည်ဆို၏။

အကုသိုလ်ကြောင့် တစ္ဆေဘဝရောက်နေသည့်တိုင် (ဒေါသ) ကြီးနေဆဲ။ ကျွတ်ရန်သိပ်မလွယ်ကူလှပေ။

* * *

## ဆောက်တည်ရာမရသော ဝိညာဉ်များ

**( RESTLESS SPIRITS )**

တစ္ဆေသရဲများမှာ မကွယ်လွန်မီက လူ့လောကတွင် သွားကာ[...] လာကာ လှုပ်ရှားနေခဲ့ကြသော လူသားများသာ ဖြစ်ခဲ့ကြသည်။

၎င်းတို့သည် လူဝင်စားအဖြစ်လည်း ပြန်မရောက်၊ နောက်[...] ကမ္ဘာလောကသစ် တစ်ခုခုသို့လည်းမရောက်ဘဲ မကျွတ်မလွတ်ဘဲ[...] ရှိနေသည်။

၎င်းတစ္ဆေသရဲတို့သည် အကြောင်းကိစ္စတစ်ခုခုဖြင့် သွားလာ[...] နေရာမှ သက်ရှိလူသားများနှင့် ကြုံတွေ့ကာ ခြောက်သည်ဟု အပြော[...] ခံရခြင်းဖြစ်၏။ အမှန်အားဖြင့် ပကတိအသွင်ဖြင့် သွားနေစဉ် လူများ[...] နှင့် တွေ့မိခြင်းသာဖြစ်သည်။

သူတို့ကား ဆောက်တည်ရာမရ လှည့်လည်သွားလာနေရသော ဝိညာဉ်များသာ ဖြစ်တော့သည်။

* * *





## ဆောက်တည်ရာမရဖြစ်နေသော နီးရိုး

**(RESTLESS NERO)**

ရောမကေရာဇ် နီးရိုးကား လူ့ဘဝတွင်ရှိစဉ်က မကောင်းမှု[...]များကို တွင်တွင်လုပ်သူဖြစ်၏။ မြို့ကို ပြန်ဆောက်ရန်ဟူသော [...]အကြောင်းပြ၍ ရောမမြို့ကြီးကို မီးရှို့၏။ မီးလောင်နေသော သူနှင့်[...]ဆိုင်သလို စောင်းတီးနေသည်။

ROME MAS IN FLAME WHERE AS NERO WAS PLAY-[...]NG THE HARP.

(ရောမမြို့ကြီးမီးလောင်နေစဉ် နီးရိုးဘုရင်က ခေါင်းတီးလို့[...]လား)ဟု သမိုင်း၌တွင်ဆိုသည်။

သူသည် အကုသိုလ်ဖိစီးမှုကြောင့် ကိုယ့်ကိုယ်ကိုယ် သတ်[...]သကာ ပရလောကသို့ရောက်ကာ မကျွတ်မလွတ်သောတစ္ဆေ ဖြစ်[...]နေသည်။

ဤသို့ အကုသိုလ်ကြောင့် တစ္ဆေဖြစ်နေသော နီရိုးသည် [...]ရာမမြို့၏လမ်းမပေါ်တွင် ဆောက်တည်ရာမရ လှည့်လည်သွားလာ[...]နေသည်ကို လူအများပင် မြင်ရသည်ဆို၏။

* * *

## [...]လထဲမှဝိညာဉ်

ဝိညာဉ်လောကသည် လူသားတို့နှင့် အလွန်ဝေးကွာသော [...]ရာတွင် ရှိသည်မဟုတ်၊ လူသားတို့အကြား အနီးအနားမှာပင်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေကြောင်းကို အင်္ဂလန်နိုင်ငံမှ လေသူရဲ 'ဒက်စမွန်အယ်လ်အာသာ' က ပြသလျက်ရှိသည်။

ကြာတော့လည်း ကြာခဲ့ပေပြီ။

၁၉၁၃ ခုနှစ် မေလ ၂၇ ရက်နေ့။ ဒုတိယလ်ကလေး လေသူရဲ ဒက်စမွန်သည် အတောင်နှစ်ထပ် လေယာဉ်ကလေးကို မောင်းနှင်ပြီး 'မွန်ထရိုစ်' လေတပ် အခြေစိုက်စခန်းမှ ဝေဟင်ထဲသို့ ပျံတက်လာခဲ့သည်။ လေယာဉ်ကွင်းတည့်တည့် ပေ ၂၅၀၀ အမြင့်အရောက်တွင် ရုတ်တရက်ဆိုသလို လေယာဉ်၏ ယာဘက်တောင်ပံ အထက်ပိုင်း တစ်ထပ်နေရာမှ ဖျောင်းခနဲကျိုးခေါက်သွားသည်။ ဤသို့ဖြင့် မြေပြင်သို့ထိုးကျပြီး လေသူရဲဒက်စမွန် မရှူမလှ သေပွဲဝင်သွားရလေ၏။ လေယာဉ်ပျက်ပြီး အောက်သို့ထိုးစိုက်ကျသွားစဉ်မှာပင် လေသူရဲ ဒက်စမွန်၏ ခန္ဓာကိုယ်က လေယာဉ်အပြင်ဘက်သို့ လွင့်စဉ်ကျသွားခဲ့ခြင်းဖြစ်၏။

အဆီးအတားမဲ့ကျလာသော သူ့ခန္ဓာကိုယ်သည် မြေပြင်နှင့် အရှိန်ပြင်းစွာ ရိုက်ခတ်မိပြီး အသက်ထွက်သွား၏။

အချင်းဖြစ်ပွားမှုပြီးလျှင်ပြီးချင်း လေတပ်စုံစမ်းရေးကော်မတီဝင်များ ရောက်ရှိလာကြ၏။ ထိုအဖွဲ့က စုံစမ်းတွေ့ရှိချက်ကို အထက်အာဏာပိုင်များထံ အစီရင်ခံစာ ရေးသားတင်သွင်းလိုက်သည်။ အစီရင်ခံစာ၏ သဘောအချုပ်မှာ လေယာဉ်စက်ပြင်ဆရာ၏ တာဝန်မဲ့မှုကြောင့် တောင်ပံကျိုးပဲ့ပြီး လေယာဉ်ပျက်ကျခြင်းဖြစ်ကြောင်း ဖော်ပြထား၏။

နောက်သုံးနှစ်အကြာ ၁၉၁၆ ခုနှစ်တွင် မွန်ထရိုစ်လေတပ်စခန်းတွင် ထူးခြားသော အဖြစ်အပျက်များ ပေါ်ပေါက်ခဲ့လေသည်။





မေဂျာ ဆိုင်ရီလ်ဖော့ဂင်း သည် အရာရှိများ အပန်းဖြေကလပ်သို့ လျှောက်သွားနေစဉ် သူ့ရှေ့၌ လေသူရဲဝတ်စုံအပြည့် ဆင်မြန်းထားသည့် လေသူရဲတစ်ဦး သူကဲ့သို့ပင် ကလပ်ဆီသို့ ဦးတည်လျှောက်သွားနေသည်ကို တွေ့လိုက်ရ၏။ သူ့ရှေ့မှ အရာရှိလေသူရဲသည် ကလပ်၏တံခါးဝသို့ ရောက်ရှိသွားကြောင်း တွေ့ရသော်လည်း တံခါးဖွင့်သည်ကိုမူ မတွေ့လိုက်ရပေ။ ခဏအကြာတွင် 'ဖော့ဂင်း' ကိုယ်တိုင် ကလပ်တံခါးဝသို့ ရောက်ရှိသွား၏။ သို့သော် အနီးအနားတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပေ။ စောစောက သူ့ရှေ့မှ လေသူရဲသည် ဝဲယာတစ်ဘက်သို့ လျှောက်သွားခြင်းလည်း မတွေ့ရပေ။ တစ်ချိန်လုံး ဖော့ဂင်းရှေ့၌ မြင်မြင်ထင်ထင်သွားနေခဲ့သည်ကိုသာ တွေ့ရ၏။ မိမိအသေအချာ တွေ့မြင်လိုက်ရပါလျက်နှင့် ထူးဆန်းစွာ ပျောက်နေ၏။

ရက်အတန်ကြာတွင် ထိုနည်းတူ တစ်ကြိမ်ကြုံတွေ့ရပြန်၏။ ဤတစ်ကြိမ်တွင် မေဂျာဖော့ဂင်းသည် ကလပ်တံခါးဝရောက်ခါနီး၌ လေသူရဲတစ်ယောက်ကို တွေ့မြင်လိုက်ရခြင်းဖြစ်၏။ ထိုလေသူရဲသည် တံခါးဝဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားပြီး ပျောက်ကွယ်သွား၏။ ထိုလေသူရဲကို အခြားအရာရှိများလည်း တွေ့မြင်လိုက်ကြရသည်။

ပျံသန်းရေး နည်းပြအရာရှိတစ်ဦးသည် ညအချိန် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ ရုတ်တရက်လန့်နိုးလာ၏။ မီးလင်းဖိုမှ မီးအရောင်ဟပ်ထားသော အခန်းထဲ၌ လင်းချင်းလျက်ရှိသည်။ ထို့ကြောင့် လေသူရဲတစ်ဦးအား ဝတ်စုံပြည့်ဖြင့် တွေ့မြင်နေရ၏။ နည်းပြဆရာက ထိုသူကို အခန်းထဲ၌ တွေ့မြင်လိုက်ရသဖြင့် အံ့အား



www.burmeseclassic.com

www.burmeseclassic.com



သင့်သွားကာ မေးခွန်းထုတ်လိုက်သည်။

"မင်းအယ်သူလဲ၊ ဘာလုပ်နေတာလဲ"

ထိုသူထံမှ အဖြေထွက်ပေါ်မလာချေ။ နည်းပြအရာရှိက ရှေ့သို့ တိုးသွားစဉ်မှာပင် ပျောက်ကွယ်သွားသည်။ လေတပ်စခန်း၏ အခြားနေရာများတွင်လည်း ထိုလေသူရဲကို တွေ့မြင်လိုက်သူ အတော်များများရှိကြ၏။ ညဘက်တွင် အစောင့်တာဝန်ကျသူများက ဗိုလ်ချောက်ချားတုန်လှုပ်ကြ၏။ ရုတ်တရက်ဘွားခနဲပေါ်လာပြီး ရိပ်ခနဲ ပျောက်သွားခြင်းအတွက် အစပထမတွင် ထိတ်လန့်ချောက်ချားသွားကြသည်။ အစောင့်သမားအချို့ ထွက်ပြေးသွားသည်အထိ ရှိ၏။ အချို့လေသူရဲများက အခြားလေ ကပ်စခန်းသို့ ပြောင်းရွှေ့ခွင့်ပေးရန် အထက်သို့ စာတင်ကြ၏။

၁၉၁၆ ခုနှစ်၊ နွေရာသီရောက်ချိန်တွင် ဒုတိယအကြိမ် စုံစမ်းရေးဖွဲ့ပြီး စုံစမ်းစစ်ဆေးခဲ့ပြန်၏။ ဤတစ်ကြိမ်တွင် အဖွဲ့၏စုံစမ်းတွေ့ရှိချက်မှာ တစ်မျိုးပြောင်းလဲသွားသည်။ လေသူရဲဒုဗိုလ် 'ဒက်စ်မွန်အာသာ'သည် သူ၏မကျွမ်းကျင်မှုကြောင့် လေယာဉ်ပျက်ကျပြီး သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း၊ စက်ပြင်ဆရာ၏ အမှားအယွင်းကြောင့် မဟုတ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထား၏။ နောက်ပိုင်းတွင် ပေါ်ပေါက်သော စုံစမ်းရေးအဖွဲ့များကမူ လေသူရဲ'ဒက်စ်မွန်'၏ နာမည်ထိခိုက် စွန်းထင်းစေခဲ့သော အစီရင်ခံစာများကို မကျေမနပ်ဖြစ်တင်ရှုတ်ချခဲ့ကြ၏။ ၁၉၁၇ ခုနှစ်တွင် 'ဒက်စ်မွန်'၏ ဝိညာဉ်ကို နောက်ဆုံးအကြိမ်အဖြစ် တွေ့လိုက်ကြရသည်။ ထို့နောက် အနှစ်၅၀အကြာတွင် ထပ်မံတွေ့ရပြန်၏။ ၁၉၆၃ ခုနှစ်၊ မေလ ၂၇ ရက်နေ့က အင်္ဂလန်နိုင်ငံ၏ ထိပ်သီးလေသူရဲတစ်ဦးဖြစ်သူ 'ဆာပီတာမေ့စ်





ဖီးလ်ဒ်'သည် 'ဒဲလ်ခရောစ်'မြို့မှ 'ရှိုးဟန်'မြို့သို့ လေယာဉ်မောင်း၍ ပျံသန်းခဲ့၏။ 'မွန်ထရို့စ်'လေတပ်စခန်းအနီး ကောင်းကင်ပြင်သို့ အရောက်တွင် သူ့ရှေ့တည့်တည့်၌ အခြားလေယာဉ်တစ်စင်းကို ရုတ်တရက်တွေ့မြင်လိုက်ရ၏။ ရှေ့မှလေယာဉ်သည် ပထမကမ္ဘာစစ်မတိုင်မီက ဗြိတိသျှလေတပ်၌ အသုံးပြုခဲ့သော တောင်ပံနှစ်ထပ်နှင့် လေယာဉ်ပုံစံဟောင်းတစ်ခု ဖြစ်နေသည်ကို တွေ့ရသဖြင့် 'မေ့စ်ဖီးလ်ဒ်'အကြီးအကျယ် အံ့သြသွား၏။ ထိုလေယာဉ်ထဲ၌ မောင်းနှင်နေသော လေသူရဲ၏ခေါင်းစွပ်နှင့် မျက်မှန်လည်စည်းတို့မှာလည်း ထိုခေတ်ထိုအခါက အလွန်ကျော်ကြား ခေတ်စားခဲ့သော အသုံးအဆောင်များ ဖြစ်နေ၏။

'ဆာမေ့စ်ဖီးလ်ဒ်'ကြည့်နေဆဲမှာပင် သူ့ရှေ့မှ တောင်ပံနှစ်ထပ်နှင့် လေယာဉ်ငယ်၏ ညာဘက်တောင်ပံမှ အပေါ်ထပ်သည် ရုတ်တရက် ကျိုးပဲ့သွားသည်ကိုတွေ့လိုက်ရ၏။ ထို့နောက် လေယာဉ်ကလေး ဦးစိုက်ထိုးကျကာ မြေပြင်မှ စွန့်ပစ်ထားသော လေတပ်စခန်းဟောင်းထဲသို့ ပျက်ကျသွား၏။

'မေ့စ်ဖီးလ်ဒ်'သည် ထိုလေယာဉ်ကွင်းဟောင်းအနီးရှိ ဂေါက်သီးရိုက်ကွင်းတစ်ခုထဲသို့ သူ၏လေယာဉ်ကို ထိုးစိုက်ဆင်းသက်လိုက်၏။ ထို့နောက် လေယာဉ်ကွင်းဟောင်းရှိရာသို့ တစ်ဟုန်ထိုးပြေးသွားသည်။ ဂေါက်သီးကွင်းထဲ၌ ဂေါက်ရိုက်နေကြသူများကိုလည်း အော်ဟစ်အသံပေးကာ အကူအညီတောင်းသွား၏။ ဂေါက်သီးကစားနေသူများလည်း မေ့စ်ဖီးလ်ဒ်နောက်မှ အမီလိုက်သွားကြသည်။ သို့သော် တစ်ဖက်ရှိ လေယာဉ်ကွင်းဟောင်းထဲသို့ ရောက်သွားသည့်အခါ မည်သည့်လေယာဉ်မျှ မတွေ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



နောင်တွင်မှ မတော်တဆပျက်ကျမှုများ စုံစမ်းရေးကော်မတီ၏ ၁၉၇၃ ခုနှစ်၊ ဖွန်လနေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော အစီရင်ခံစာ၌ လေသူရဲ လက်ဖတင်နင် ဒက်စမွန် အယ်လ်အာသာ၏ တောင်ပံနှစ်ထပ် လေယာဉ်ကလေး မြေပြင်သို့ ပျက်ကျခဲ့ပုံကို ဖတ်ရှုလိုက်ရ၏။

* * *

## အံ့မှုယ်တမလွန်လောက

"လူ"တို့သည် ကွယ်လွန်သည့်အခါ အခြားဘဝအသစ်တစ်ခုသို့ ကူးပြောင်းသွားကြသည်ဟု ဒေါက်တာ"ဂျိုနာ့စဒိုက်တာ"က ဆို၏။ တစ်ခုသောနံနက်တွင် သူသည် မိမိတာဝန်ထမ်းဆောင်သော လော့စ်အိန်ဂျယ်လိစ်မြို့ ဆေးရုံကြီးသို့ အလုပ်ဆင်းရန် ထွက်လာခဲ့၏။ ထိုစဉ် လမ်းပေါ်၌ အခြားကားတစ်စီး အရှိန်လွန်ပြီး သူ၏ ကားကို ဝင်တိုက်သွားသည်။ မျက်နှာချင်းဆိုင်ဘက်မှ အရှိန်ပြင်းစွာ မောင်းလာသဖြင့် ကားနှစ်စီး ခေါင်းချင်းဆိုင်တိုက်မိကြသည်။

ဒေါက်တာ"ဒိုက်တာ" သတိပြန်ရလာသောအခါ မိမိကိုယ်မိမိ ငုံ့ကြည့်လိုက်၏။ အစပထမကတော့ မိမိ၏ ကားခေါင်မိုးထက်တွင် ရောက်ရှိနေသည်ဟု ထင်ခဲ့၏။ သို့သော် အသေအချာကြည့်မှ ခန္ဓာကိုယ်သည် လဟာပြင်ထဲ၌ လွင့်မျောနေကြောင်း တွေ့ရ၏။ ထိုအခါ မိမိသေဆုံးသွားပြီဟု သတ်မှတ်လိုက်၏။

မကြာမီ ကယ်ဆယ်ရေးသမားများ ရောက်လာကြသည်။ မိမိခန္ဓာကိုယ်ကို ဆေးရုံဝန်ထမ်းများက သယ်ထုတ်သွားကြ၏။ တစ်ဖက်မှဝင်တိုက်သော ကားထဲတွင်လည်း လူတစ်ယောက်ငြိမ်သက်နေ၏။ ယာဉ်မောင်းသူဖြစ်သည်။ ဆေးရုံဝန်ထမ်းများက ထိုယာဉ်





မောင်းသူ၏ ရုပ်အလောင်းကို တွန့်လိမ်ကြေမွနေသော ကားထဲမှ ခက်ခက်ခဲခဲ ထုတ်ယူခဲ့ကြရ၏။

ထိုအချိန်တွင် မိမိကဲ့သို့ပင် အချင်းဖြစ်ပွားရာ အထက်၌ အခြားလူတစ်ယောက် လွင့်မျောနေသည်ကို တွေ့လိုက်ရ၏။ ထိုသူက ငိုယိုရင်း မိမိအား ခွင့်လွှတ်ပါရန် ဒေါက်တာ"ဒိုက်တာ"အား တောင်းပန်စကား ဆိုနေ၏။ ယင်းသို့ တောင်းပန်စကားပြောကြားသူမှာ အခြားသူမဟုတ်ဘဲ မိမိကားကို ခေါင်းချင်းဆိုင်ဝင်တိုက်သော တစ်ဖက်ကားထဲမှ ယာဉ်မောင်းသူဖြစ်နေကြောင်း တွေ့ရ၏။ ထိုအခိုက် သူတို့နှစ်ဦးကို ကောင်းကင်ယံထဲသို့ မမြင်ရသော "အင်အား" တစ်ခုက သယ်ဆောင်သွားနေသည်ကို သတိပြုမိလာ၏။

အထက်ကောင်းကင်တစ်နေရာတွင် ရှည်လျားသော ဥမင်လိုဏ်ခေါင်းကြီးတစ်ခု တွေ့မြင်ရသည်။ ဥမင်လိုဏ်ခေါင်း၏ တစ်ဖက်စွန်းတွင် အလင်းရောင်တစ်ခု လင်းလက်နေသည်ကိုလည်း တွေ့ရ၏။ သို့သော် ဒေါက်တာ"ဒိုက်တာ"အနီးမှ သူ့အဖော်ကမူ ထိုအလင်းရောင်ကို သတိမပြုသေးပေ။ သူ့ကို ခွင့်လွှတ်ဖို့ကိုသာ တတွတ်တွတ် ပြောကြားနေဆဲရှိသည်။

သူ့အဆိုအရ အချင်းဖြစ်ပွားချိန်က သူသည် အရက်မူးနေကြောင်း၊ အရက်မူးပြီး မေးခန်အိပ်ငိုက်သွားရာမှ ထိန်းမနိုင်သိမ်းမရဖြစ်ကာ ယခုကဲ့သို့ ဒေါက်တာ"ဒိုက်တာ"၏ကားကို အရှိန်ပြင်းစွာ ဝင်တိုက်မိခြင်းဖြစ်သည်။ တစ်ဖက်ယာဉ်မောင်းသူသည် လူကောင်းတစ်ယောက် ဖြစ်ပုံရ၏။ မိမိအမှားအတွက် ကြီးစွာနောင်တရနေပုံရှိသည်။ ထိုအခိုက် ဒေါက်တာ"ဒိုက်တာ"၏ နားထဲသို့ အခြားအသံတစ်ခု တိုးဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအသံမှာ ကွယ်လွန်သွားခဲ့ပြီဖြစ်သော သူ့ဘွားအေ၏ အသံဖြစ်သည်။ သူသိသော အခြားသူများ၏ အသံတို့ကိုလည်း ကြားနေရသည်။ ထိုသူတို့ကို ဒေါက်တာ "ဒိုက်တာ" ကောင်းစွာ မှတ်မိ၏။ ၎င်းတို့မကွယ်လွန်မီက မိမိတွေ့မြင်ခဲ့သော အနေအထား နှင့် ပုံပန်းသဏ္ဌာန်တို့အတိုင်း ဖြစ်ကြသည်။

အဘွားဖြစ်သူကမူ သူ့ကို လူ့ပြည်သို့ပြန်သွားရန် တိုက်တွန်း နေ၏။ လူ့ပြည်၌ သူ့အနေဖြင့် လုပ်ကိုင်ဆောင်ရွက်စရာများ ကျန် ရှိနေသေးကြောင်း သတိပေးပြောကြားသည်။ ထိုအခိုက်အတန့်က သူ့စိတ်ထဲတွင် ကြေကွဲဝမ်းနည်းမှုများ ဖြစ်ပေါ်ခံစားလိုက်ရသည်။ ထို့မှတစ်ဆက်တည်းဆိုသလို ဆစ်ခနဲ နာကျင်မှုဝေဒနာ လိုက်ပါ ဖြစ်ပေါ်လာ၏။ မော်တော်ကားပျက်အနီးတွင် လှုပ်ရှားနေကြသော ကယ်ဆယ်ရေးသမားများဆီသို့ သူ၏အကြည့်အာရုံ ပြန်လည်ရောက်ရှိ သွားသောအခါ ကားပျက်ထဲမှဆွဲယူလာသော သူ၏ခန္ဓာကိုယ်ကို တွေ့လိုက်ရသည်။ အသက်ရှင်လျက်ပင် ရှိသေးကြောင်း တွေ့ရ၏။

ခေါင်းချင်းဆိုင်ဝင်တိုက်ခဲ့သောကားထဲမှ ယာဉ်မောင်းမှာမူ အသက်မရှိတော့ကြောင်း၊ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွား ကြောင်းကို ကယ်ဆယ်ရေးသမားများက ပြောကြားနေသံကိုလည်း ကြားရ၏။ ဒေါက်တာ "ဒိုက်တာ" မှာ ကံကောင်းထောက်မသဖြင့် အသက်မသေဘဲ ကျန်ရစ်ခဲ့သည်။ သူ၏ခန္ဓာကိုယ်ထဲမှ ခေတ္တခဏမျှ ထွက်ခွာ လွင့်မျောသွားသော "ဝိညာဉ်" သည် အခြားဘဝတစ်ခုသို့ ရောက်ရှိသွားခဲ့၏။ သူနှင့်အတူ အခြားကားထဲမှ ယာဉ်မောင်း၏ "ဝိညာဉ်" ကိုလည်း ထိုမလွန်ဘဝ၌ တွေ့ဆုံခဲ့ရသည်။

ယာဉ်မောင်း၏ဝိညာဉ်က သူ့ကို ခွင့်လွှတ်ရန် အကြိမ်ကြိမ်





အထပ်ထပ် တောင်းပန်စကားဆိုရှာ၏။ ယာဉ်တိုက်မှုအတွက် သူ့တွင် တာဝန်ရှိကြောင်း၊ သူ့အမှားကြောင့် ယခုလို ဖြစ်ပွားရခြင်းကို စိတ် မကောင်းဖြစ်နေဟန်ရှိသည်။ မည်သို့ဖြစ်စေ ထိုသူသည် အရက် သေစာ သောက်စားထားသည်မှအပ လူကောင်းသူကောင်းတစ်ဦးသာ ဖြစ်ကြောင်း ဒေါက်တာ "ဒိုက်တာ" က နားလည်လိုက်သည်။ ယင်း နားလည်မှုနှင့်အတူ ထိုသူ့အပေါ် ခွင့်လွှတ်လိုက်၏။ သူ့ခမျာ သူ့ မိုက်ပြစ်ကို သူ့အသက်နှင့် လဲသွားခဲ့ရပေပြီ။ မိမိမှာမူ ကံအားလျော်စွာ လူ့ဘဝတွင် ဆက်လက်ကျန်ရစ်ခဲ့ရပေသည်ဟု ဒေါက်တာ "ဒိုက်တာ" က ဆို၏။

အံ့မှုယ်တမလွန်လောကပါတကား။

**ဝန်ခံချက်။** ။ဤစာအုပ်ကို ပြုစုရာတွင် Rex Magus ရေးသားသည့် TRUE TALES OF THE SUPERNATURAL စာအုပ်ကိုမှီး၍ ဆီလျော် အောင် ပြန်ဆိုထားပါသည်။

❑

**တိုးထက်**

www.burmeseclassic.com